# ကြေးမုံ

The Mirror Daily

၁၉၅၇ ပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၈၄ ခုနှစ်၊ တပေါင်းလပြည့်၊ တနင်္ဂနွေနေ့။ Sunday, 5 March 2023 ၁၁၀၃၀


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ယခုနှစ် ပထမနှစ်လအတွင်း ပြည်တွင်း ပြည်ပမှ ဘုရားဖူးဧည့်သည်ဦးရေ ၁၈ သိန်းကျော် ဝင်ရောက်ဖူးမြော်

ရန်ကုန် မတ် ၄

ရန်ကုန်တိုင်းဒေသကြီး သိင်္ဂုတ္တရကုန်းတော်၌ တည်ထားတော်မူသည့် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ပြည်တွင်း ပြည်ပမှ ဘုရားဖူးဧည့်သည်များ လာရောက်ဖူးမြော်လျက်ရှိရာ ယခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်း ပြည်တွင်း ပြည်ပမှ ဘုရားဖူးဧည့်သည်ဦးရေ ၁၈၃၅၀၇၅ ဦးကျော် ဝင်ရောက်ဖူးမြော်ကြည်ညိုကုသိုလ်ယူခဲ့ကြကြောင်း သိရသည်။ စာမျက်နှာ ၈ ကော်လံ ၁ သို့ ❂



လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ဝင်ရောက်ဖူးမြော်ကြသော ဘုရားဖူးပြည်သူများကို တွေ့ရစဉ်။

## ယနေ့ ဖတ်စရာ

### လျှပ်စစ်သုံးယာဉ်များအတွက် မြန်မာနိုင်ငံ၏ ပထမဆုံးသော လျှပ်စစ်ဓာတ်အား ဖြည့်သွင်းရုံ စတင်ဖွင့်လှစ်



စာမျက်နှာ » ၅

### မြန်မာ့တောင်သူလယ်သမားတို့ဘဝ အေးချမ်းရမည်



ဆောင်းပါး စာမျက်နှာ » ၆

### သူ့မြေမှာ ဖြူပြာပွင့်ရင်ဖြင့် ကိုယ့်မြေမှာ နီဝါတင့်စေဖို့ . . . လူသာလျှင်ပဓာန

ဆောင်းပါး စာမျက်နှာ » ၁၀

## ကသာမြို့နယ်၌ နွေစပါးနှင့် ဆောင်းသီးနှံ ၁၈၉၂၈၃ ဧက စိုက်ပျိုးပြီးစီး

ကသာ မတ် ၄

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်၌ ယခုနှစ်စိုက်ပျိုးရာသီတွင် နွေစပါး ၁၁၀၈၂ ဧကနှင့် ဆောင်းသီးနှံ ၁၇၈၂၀၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**အောင်မြင်ဖြစ်ထွန်း**

၂၀၂၂-၂၀၂၃ ခုနှစ် စိုက်ပျိုးရာသီတွင် မိုးစပါးအပြီး လယ်သီးထပ်ဆောင်းကုလားပဲသီးနှံကို ကသာမြို့နယ် ပင်းမလွတ်ကျေးရွာနေ တောင်သူဦးသန်းမြင့် အပါအဝင် တောင်သူ လေးဦးတို့သည် ရေဆင်း-၆ ကုလားပဲ ၁၀ ဧက ခန့် စမ်းသပ်စိုက်ပျိုးခဲ့ရာ အောင်မြင်ဖြစ်ထွန်းခဲ့သည်။ ထို့အပြင် ဆောင်းနေကြာ လျာထားဧက ၂၅ အပေါ်တွင် ဆောင်းနေကြာ ဆင်းရွှေကြာ-၂ ဧက ၄၀ ကို အကောင်အထည်ဖော် စိုက်ပျိုးနိုင်ခဲ့သည်။

ကသာမြို့နယ်တွင် နွေစပါးနှင့် ဆောင်းသီးနှံ လျာထားချက်ဧကမှာ ၁၆၆၈၉၅ ဧကဖြစ်သော်လည်း စုစုပေါင်း ၁၈၉၂၈၃ ဧက စိုက်ပျိုးပြီးဖြစ်သဖြင့် လျာထားဧကထက် ၂၂၄၂၄ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ **အေးမြသက်ထား**



ကြေးမုံ

# မြတ်စွာဘုရားရှင် ပြည်တော်ဝင် ဗုဒ္ဓသာသနာတော် ပွင့်လန်းတင့်ထွန်း

တပေါင်းလပြည့်နေ့သည် ဗုဒ္ဓမြတ်စွာဘုရားရှင် ပြည်တော်ဝင်အခါတော်နေ့ ဖြစ်သည်။ ကာဠုဒါယီမထေရ်က မြတ်ဗုဒ္ဓအား ကပိလဝတ်ရွှေမြို့တော်သို့ ကြွတော်မူပါရန် လျှောက်ထားသည့်နေ့သည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် တပေါင်းလပြည့်နေ့ ဖြစ်သည်။ ကပိလဝတ်ရွှေပြည်တော်ဝင်ရန် ကာဠုဒါယီမထေရ် လျှောက်ထားချက်ကို မြတ်စွာဘုရားရှင် လက်ခံတော်မူပြီး တပေါင်းလပြည့်ကျော် တစ်ရက်နေ့တွင် ရဟန္တာနှစ်သောင်းခြံရံလျက် ရာဇဂြိုဟ်မြို့မှ စတင်ထွက်ခွာခဲ့သည်။

ကပိလဝတ်ပြည်နှင့် ရာဇဂြိုဟ်ပြည်သည် ယူဇနာ ၆၀ ကွာဝေးသည်။ မြတ်စွာဘုရားရှင်နှင့် ရဟန္တာအရှင်မြတ်များသည် တစ်နေ့လျှင် တစ်ယူဇနာ(တစ်ယူဇနာ-၁၃မိုင်)ခရီး ကြွချီတော်မူခဲ့ရာ ရက်ပေါင်း ၆၀ ပြည့်သည့် မဟာသက္ကရာဇ် ၁၀၄ ခုနှစ် ကဆုန်လပြည့်ကျော် တစ်ရက်နေ့တွင် ကပိလဝတ်ရွှေမြို့တော်သို့ ဆိုက်ရောက်တော်မူသည်။ ကပိလဝတ်ရွှေမြို့တော်သို့ မြတ်ဗုဒ္ဓနှင့် ရဟန္တာနှစ်သောင်း ကြွရောက်တော်မူ၍ သီတင်းသုံးတော်မူသဖြင့် သာသနာဝင်သမိုင်းတွင် ကပိလဝတ်ပြည်သည် တတိယမြောက် သာသနာထွန်းကားရာဒေသဖြစ်လာသည်။ ဗာရာဏသီပြည်သည် ပထမသာသနာထွန်းကားခဲ့ပြီး ရာဇဂြိုဟ်ပြည်သည် ဒုတိယမြောက် သာသနာထွန်းကားစည်ပင်ရာဒေသဖြစ်လာသည်။

မြတ်ဗုဒ္ဓအား ဖခမည်းတော် သုဒ္ဓေါဒနမင်းကြီးနှင့်တကွ ဆွေတော်မျိုးတော်အပေါင်းတို့က ဖူးမြော်လိုသည့်ဆန္ဒ ပြည့်ဝခဲ့သည်။ ဆွေတော်မျိုးတော်အစုံအလင်ဖူးမြော်ကြသောအခါ မြတ်စွာဘုရားက သာကီဝင်မင်းမျိုးတို့၏ ဇာတိမာန်ကို နှုတ်ပယ်နိုင်ရန် ပေါက္ခရဝဿမိုးကို ရွာသွန်း၍ တန်ခိုးပြသည်။ အမျိုးအနွယ်ထက် သီလ၊ သမာဓိ၊ ပညာအကျင့်မြတ်ကို တန်ဖိုးထားရန်၊ အကျင့်မြတ်နှင့်ပြည့်စုံသော ရဟန်းသံဃာတို့ကို ရိုသေလေးစားရန် ဆုံးမတော်မူခဲ့သည်။ ဂါထာတစ်ထောင်ဖြင့် တန်ဆာဆင်အပ်သော ဝေဿန္တရာဇာတ်တော်ကြီးကို ဟောကြားတော်မူခဲ့သည်။ မဟာဓမ္မပါလဇာတ်ကို ဟောကြားသောအခါ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး အနာဂါမ်တည်သည်။ မိထွေးတော်ဂေါတမီ သောတာပန်တည်သည်။ သားတော် ရာဟုလာကို ဓမ္မအမွေခံယူနိုင်ရန် ရှင်သာမဏေပြုစေသည်။ သာကီဝင်မင်းသား တစ်ထောင်ရဟန်းဖြစ်လာသည်။

မြတ်စွာဘုရားရှင်သည် ဆွေတော်မျိုးတော်တို့အား သာသနာ့အမွေပေးဝေနိုင်ရန် တပေါင်းလပြည့်ကျော် တစ်ရက်နေ့မှ စတင်ကြွချီတော်မူသည့် သာသနာဝင်ခရီးကို ဗုဒ္ဓဘာသာဝင်များ ကြည်ညိုဦးခိုက်ပူဇော်ကြရမည့် အခါသမယအဖြစ် ဤတပေါင်းလပြည့်နေ့မှ အစပြုသင့်သည်ဟု ဆိုချင်သည်။ ပြည်တော်ဝင်အခါတော်ဟူသည် ဆွေတော်မျိုးတော်အပေါင်းတို့အား မြတ်နိဗ္ဗာန်ခရီးသို့ တက်လှမ်းနိုင်ရန်အတွက် ဆောင်ကြဉ်းပေးသည့် အခါသမယဖြစ်သည်။ တပေါင်းလပြည့်နေ့၏ အခြားမင်္ဂလာတစ်ပါးမှာ သဲပုံစေတီပွဲတော်ဖြစ်သည်။ မြတ်စွာဘုရားရှင်အားရည်မှန်း၍ တပေါင်းလပြည့်နေ့ရောက်တိုင်း မြစ်ကမ်းနံဘေးနားတွင် သဲပုံစေတီတည်၍ အာရုံပြုပူဇော်ပြီး ကောင်းမှုကုသိုလ်ပြုသည့်ဓလေ့ဖြစ်သည်။

မြန်မာတို့၏ ဆယ့်နှစ်လရာသီ ဘာသာရေးပွဲတော်များ၌ တိမ်မြုပ်သွားသောပွဲတော်များမှာ စာပလွေ့ပွဲတော်၊ ပဉ္စင်းတော်ခံပွဲ၊ မြစ်ယံပွဲ၊ နတ်ကျင်းပွဲ၊ မြင်းခင်းပွဲ၊ မီးပုံ(ဖုန်း)ပွဲနှင့် သဲပုံစေတီပွဲတို့ဖြစ်သည်။ ကောင်းမြတ်သောအစဉ်အလာများ ထုံမွမ်းနေသော ဆယ့်နှစ်လရာသီ ဘာသာရေးပွဲတော်များမှာ မပျောက်ကွယ်သင့်ပေ။ မြန်မာအဘိဓာန်တွင် စေတီဟူသည် ပူဇော်အပ်သည့်အရာ၊ ဓာတ်တော်မွေတော်တို့ကို ဌာပနာထားသော အဆောက်အအုံဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ သဲပုံစေတီကို ခွေအဆင့်ဆင့်ခံ၍ သဲဖြင့်တည်ထားသောစေတီဟု အနက်ဖွင့်သည်။ ဓာတုစေတီ၊ ဓမ္မစေတီ၊ ပရိဘောဂစေတီနှင့် ဥဒ္ဒိဿစေတီဟူ၍ စေတီလေးမျိုးရှိရာတွင် သဲပုံစေတီသည် မြတ်စွာဘုရားရှင်ကို ရည်မှန်းပူဇော်ရှိခိုးရန် တည်ထားကိုးကွယ်သည့် ဥဒ္ဒိဿစေတီဖြစ်သည်။ ထို့ကြောင့် သဲပုံစေတီသည် ပူဇော်ထိုက်သော အမှတ်အသားဖြစ်သည်။

ယခုကဲ့သို့ တပေါင်းလပြည့်နေ့တွင် မြစ်ချောင်းအနီးရှိ သဲသောင်ပြင်ကမ်းပါးအရပ်ဒေသများ၌ သဲပုံစေတီများတည်ထား၍ အများပြည်သူတို့ ဖူးမြော်ကြည်ညိုနိုင်ကြသကဲ့သို့ မြစ်ချောင်းကမ်းပါးမဟုတ်သော်လည်း သင့်မြတ်ရာနေရာများတွင် အများပြည်သူတို့ပေါင်းစု၍ သန့်စင်သောသဲများဖြင့် သဲပုံစေတီများ တည်ထားကြကာ ကောင်းမှုကုသိုလ်များ ပြုလုပ်နိုင်သည်။ ထို့ကြောင့် ရှေးကာလအခါများက တပေါင်းလပြည့်နေ့မှစ၍ ကဆုန်လပြည့်နေ့အထိ မြန်မာနိုင်ငံတစ်ဝန်းတွင် ကောင်းမှုကုသိုလ်များ အထူးပြုလုပ်ကြသည်။ မြတ်စွာဘုရားရှင်အား ရည်မှန်း၍ အလှူမင်္ဂလာပွဲများ၊ ကုသိုလ်ဒါန၊ သီလဆောက်တည်ခြင်းများ စသည့်ကောင်းမှုအစုစုတို့ကို ပြုလုပ်ကြသည်။ ဘုရားကျောင်းကန်တို့နှင့် ဝေးလံသောဒေသများရှိ ဗုဒ္ဓဘာသာဝင်ပြည်သူများအနေဖြင့် သဲပုံစေတီတည်ထားကိုးကွယ်ပူဇော်ခြင်းဖြင့် ကုသိုလ်ကောင်းမှုများ အထူးရရှိကြမည်ဖြစ်သည်။

သို့ဖြစ်ရာ တပေါင်းလပြည့်အခါသမယနေ့သည် မြတ်စွာဘုရားရှင် ပြည်တော်ဝင်သည်ကိုအစပြု၍ ဆွေတော်မျိုးတော်များ ကောင်းကျိုးချမ်းသာရရှိစေကြောင်းနှင့် သဲပုံစေတီပွဲများပြုလုပ်၍ ကောင်းမှုကုသိုလ်များယူကြသည့် အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ပါကြောင်း။ ။

## (၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

★ ဒွိတာဝန်အရေး(၃)ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏ အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။

★ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထား ဆောင်ရွက်ရေး။

★ နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။

★ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း



နေပြည်တော် မတ် ၄

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ သူရိယာရာမကျောင်းတိုက်နှင့် ဥတ္တရသီရိမြို့နယ်ရှိ သီရိမင်္ဂလာကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ မြို့မရွှေကူကျောင်းတိုက်၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ ဃောသိတာရာမကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဓမ္မနန္ဒီကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိတိပိဋကမဟာသစ္စာအောင်မြေကျောင်းတိုက်၊ မြောက်ဥက္ကလာပမြို့နယ်ရှိ မော်ကျွန်းကျောင်းတိုက်၊ လှိုင်မြို့နယ်ရှိ ပဏ္ဍိတာရာမ ပရိယတ္တိစာသင်တိုက်နှင့် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်ရှိ ကျုံစုရွှေရင်အေးကျောင်းတိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ပါလျံကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိ ပါရမီဓမ္မရိပ်သာကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်ရှိ ဗန်းမော်ကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ မဟာဝိသုတာရာမကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိတောင်ကြီးကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ တောင်ကျောင်းကြီးကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ သာသနာအေးကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကို လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဓနုဖြူမြို့နယ်၌ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုလျှော့နည်းစေရေး ဆောင်ရွက်

ဓနုဖြူ မတ် ၄

ဓနုဖြူမြို့နယ်အတွင်း ဓာတ်အားဖြန့်ဖြူးပေးထားသော ၃၃/၀.၄ ကေဗွီ ဓာတ်အားခွဲရုံ၊ ၃၃/၀.၄ ကေဗွီ ဓာတ်အားခွဲရုံ၊ ၁၁/၀.၄ ကေဗွီ ဓာတ်အားခွဲရုံ၊ ၃၃ ကေဗွီ ဓာတ်အားလိုင်း၊ ၁၁ ကေဗွီ ဓာတ်အားလိုင်း၊ ၀.၄ ကေဗွီ ဓာတ်အားလိုင်းများ ကြံ့ခိုင်ရေး၊ ဗို့အားပြည့်မီစွာ အသုံးပြုနိုင်ရေး၊ ဓာတ်အားပြတ်တောက်မှုမရှိစေရေးတို့အတွက် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးဝန်ထမ်းများက ဓာတ်အားခွဲရုံများ၏ ဝန်အားများတိုင်းတာခြင်း၊ Connection များစစ်ဆေးခြင်း၊ Load Balancing ပြုလုပ်ခြင်း၊ ထရန်စဖော်မာဆီစစ်ဆေးခြင်းများ၊ ဓာတ်အားလိုင်းများနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများရှင်းလင်းခြင်း၊ ဓာတ်အားလိုင်း Connection များ ပြုပြင်ခြင်းလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ပြီး ပြည်သူများ လျှပ်စစ်ဓာတ်အားပြတ်တောက်မှု လျှော့နည်းစေရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင် | | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** - ဦးဝင်းနိုင် | | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်** - ဦးနိုင်လင်းကြည်၊ | | **စာပြင်** | - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| **စာတည်းများ** ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစည်သူလွင်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ယနေ့ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို မိမိတို့ တိုင်းရင်းသားအားလုံးက နိုင်ငံတော်အစိုးရနှင့်အတူ ဝိုင်းဝန်းပူးပေါင်းကြိုးပမ်းဆောင်ရွက်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် လူထုတွေ့ဆုံပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

မြစ်ကြီးနား မတ် ၄

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူသည် တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်အတူ ယနေ့ နံနက် ၈ နာရီခွဲက ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အောင်နန်းရပ်ကွက်ရှိ ကက်သလစ်အသင်းတော်ရုံး၌ ခရစ်ယာန်ဂိုဏ်းဂဏပေါင်းစုံမှ ဘာသာရေးခေါင်းဆောင်များနှင့် တွေ့ဆုံသည်။

## ပူးပေါင်းဆောင်ရွက်

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူက တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘာသာရေးခေါင်းဆောင်များ အားလုံးက ကောင်းချီးတောင်းခံ ဆုတောင်းဆက်ကပ်ပေးကြရန်နှင့် တိုင်းပြည်အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြပါရန် ပြောကြားပြီး ခရစ်ယာန်ဂိုဏ်းဂဏပေါင်းစုံမှ ဘာသာရေးခေါင်းဆောင်များနှင့် အပြန်အလှန်မိတ်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီး နှင့် ပြည်နယ် ဝန်ကြီးချုပ်တို့က ဘာသာရေးအသင်းအဖွဲ့ အသီးသီးအတွက် လက်ဆောင်ခြင်းနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် မြစ်ကြီးနားမြို့ အံတော်ရှင် တောင်တန်းသာသနာပြုကျောင်းတိုက်၌ မြစ်ကြီးနားမြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်နှင့် ပင့်သံဃာများအား ဖူးမြော်ကြည်ညိုကြပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားတင်ပြ၍ ဆရာတော်၊ သံဃာတော်များထံ ဆန်အိတ် ၅၀၊ ဆီပုံး ၂၀ နှင့် လှူဖွယ်ပစ္စည်းများ၊ ဝတ္ထုငွေများကို ဆက်ကပ်လှူဒါန်းကြကာ အံတော်ရှင်ဘုရားအား ဖူးမြော်ကြည်ညိုကြသည်။

## တွေ့ဆုံ

ထိုမှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်တို့သည် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်ရှိ မနောကွင်းအတွင်း မနောအိမ်တော်၌ ပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့ ၁၄ ခုတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များအတွက် ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်စဉ်။

တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိမိတို့တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားများ အရေးကို အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ အလေးထား ဆောင်ရွက် လျက်ရှိရာတွင် တိုင်းရင်းသားများ အားလုံးက ပူးပေါင်း ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ယနေ့တိုင်းရင်းသားများအနေဖြင့် မိမိတို့ စာပေနှင့် ရိုးရာယဉ်ကျေးမှု စသည့် အရေးအရာ ကိစ္စရပ်များ ဆောင်ရွက်နေခြင်းသည် နိုင်ငံ့အရေးဆောင်ရွက်နေခြင်းဖြစ်ပြီး မိမိတို့ တစ်ဦး/တစ်ဖွဲ့၏ အောင်မြင်မှုသည် မိမိတို့နိုင်ငံ၊ မိမိတို့ပြည်ထောင်စု၏ အောင်မြင်မှုပင်ဖြစ်ကြောင်း၊ ယနေ့ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို မိမိတို့ တိုင်းရင်းသားအားလုံးက နိုင်ငံတော်အစိုးရနှင့်အတူ ဝိုင်းဝန်းပူးပေါင်းကြိုးပမ်း ဆောင်ရွက်ကြရန် လိုကြောင်း တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ယနေ့ တိုင်းရင်းသား ခေါင်းဆောင်များအနေဖြင့် မိမိတို့၏ တိုင်းရင်းသားအရေးကိစ္စရပ်များကို ဦးစီးဌာနနှစ်ခုနှင့် ချိတ်ဆက်ပြီး ကြိုးစားဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များပါအတိုင်း မိမိတို့ပြည်နယ်၏ အကျိုး၊ မိမိတို့နိုင်ငံ၏ အကျိုးအတွက် ဝိုင်းဝန်းပူးပေါင်း၍ ကြိုးပမ်း ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

## ပေးအပ်ချီးမြှင့်

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က တက်ရောက်လာကြသည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့ ၁၄ ခုတို့အတွက် တစ်ဖွဲ့လျှင် ထောက်ပံ့ငွေကျပ် သုံးသိန်းစီနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် စာပေနှင့် ယဉ်ကျေးမှု အဖွဲ့ခေါင်းဆောင်များက စာပေ၊ ယဉ်ကျေးမှုများ ထိန်းသိမ်း ဆောင်ရွက်ရာတွင် လိုအပ်ချက်များ တင်ပြဆွေးနွေးကြရာ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြန်လည်ရှင်းလင်းဆွေးနွေးပြီး လိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်သည် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် လူထုတွေ့ဆုံပွဲသို့ တက်ရောက်ပြီး အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၁၂) ရပ်ကို ချမှတ်ပြီး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံမှုရှိစေရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးအနက်ထား ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူများအနေဖြင့်လည်း အစိုးရနှင့်အတူ ထဲထဲဝင်ဝင်ပါဝင်ပြီး မိမိတို့ရပ်ကွက်၊ ကျေးရွာ၊ ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဦးချင်းစီက တာဝန်ရှိရှိဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က အမှာစကားပြောကြားပြီး တက်ရောက်လာကြသည့် ဒေသခံပြည်သူများက လမ်း၊ တံတား၊ ကုန်ထုတ်လမ်း၊ မြေယာကိစ္စရပ်များ၊ သက်မွေးပညာလုပ်ငန်းများနှင့်စပ်လျဉ်း၍ လိုလားချက်များကို တင်ပြကြရာ သက်ဆိုင်ရာပြည်နယ်အဆင့် ဌာနဆိုင်ရာများက ကဏ္ဍအလိုက် စီစဉ်ဆောင်ရွက်ထားရှိမှုများကို ပြန်လည်ရှင်းလင်းတင်ပြ၍ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ရွှေတိဂုံစေတီတော် ၂၆၁၁ နှစ်မြောက် ဗုဒ္ဓပူဇနိယတပေါင်းပွဲတော် ဆွမ်းဆန်တော်လောင်းလှူပွဲ ကျင်းပ



ရန်ကုန် မတ် ၄

ရွှေတိဂုံစေတီတော်၂၆၁၁နှစ်မြောက်ဗုဒ္ဓပူဇနိယတပေါင်းပွဲတော် ဆွမ်းဆန်တော် လောင်းလှူပွဲ အခမ်းအနားကို ယနေ့ ညနေ ၄ နာရီက ရွှေတိဂုံစေတီတော်ရင်ပြင်တောင်ဘက်မုခ်အနီးရှိဗဟိုမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားတွင် ရွှေတိဂုံစေတီတော်ရင်ပြင်ရေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းစုရပ်မှ စတင်၍ ဘုရားအမှူးပြုသော ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော် ၁၁၇ ပါး၊ သီလရှင် ၂၇ ပါး စုစုပေါင်း ၁၄၄ ပါးတို့က ရွှေတိဂုံစေတီတော်ရင်ပြင် လက်ယာရစ်တစ်ပတ် ဆွမ်းဆန်တော်ခံယူတော်မူကြရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့် ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဘာသာရေးအကျိုးတော်ဆောင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် အလှူရှင်များက ဆွမ်းဆန်တော်များလောင်းလှူခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဗိုလ်ပန္တကုန်းတော် မဟာဝံသ ဗုဒ္ဓဂယာစေတီတော်မြတ်ကြီး စိန်ဖူးတော်၊ ရွှေထီးတော်တင်လှူပူဇော်ပွဲ ကျင်းပ

ကျောက်တလုံး မတ် ၄

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် ကျောက်တလုံးကြီးမြို့ အထူးဒေသ(၆) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ တည်ထားကိုးကွယ်သည့် ဗိုလ်ပန္တကုန်းတော် မဟာဝံသ ဗုဒ္ဓဂယာစေတီတော်မြတ်ကြီး စိန်ဖူးတော်၊ ရွှေထီးတော်တင်လှူပူဇော်ပွဲကို ယနေ့ နံနက် ၇ နာရီခွဲက အဆိုပါ ဗိုလ်ပန္တကုန်းတော်၌ ကျင်းပသည်။



အခမ်းအနားကို ဆရာတော်၊ သံဃာတော်များနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး အမှူးပြုသော ဧည့်ပရိသတ်တို့က “နမောတဿ” သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး ပအိုဝ်းအမျိုးသားခေါင်းဆောင် ဦးအောင်ခမ်းထီက သမ္မာဒေဝ နတ်ဗြဟ္မာများအား ပင့်ဖိတ်သည်။

ဆက်လက်၍ တောင်ကြီးမြို့ မူလမင်းကွန်းကျောင်းတိုက် ဦးစီးပဓာန နာယက နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာသီရိထံမှ ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်ကြသည်။

ထို့နောက် ဗိုလ်ပန္တကုန်းတော် မဟာဝံသ ဗုဒ္ဓဂယာစေတီတော်မြတ်ကြီး စိန်ဖူးတော်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးတို့က ဆရာတော် သံဃာတော်များထံ ဆက်ကပ်ကြပြီး ရွှေထီးတော်နှင့် ဘုံအဆင့်တို့ကို ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အတွင်းရေးမှူး၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အလှူဒါယကာများက ဆရာတော်၊ သံဃာတော်များထံ ဆက်ကပ်ကြသည်။

ယင်းနောက် တောင်ကြီးမြို့ မူလမင်းကွန်းကျောင်းတိုက် ဦးစီးပဓာန နာယက ဘဒ္ဒန္တပညာသီရိဆရာတော်ထံမှ အနုမောဒနာတရားနာယူ၍ အမျှပေးဝေကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စိန်ဖူးတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့် မဟာဝံသဗုဒ္ဓဂယာစေတီကို လက်ယာရစ်တစ်ပတ် ပင့်ဆောင်ပူဇော်ကြပြီး မင်္ဂလာအချိန်တွင် ရွှေထီးတော်ဘုံအဆင့်များနှင့် စိန်ဖူးတော်တို့ကို တင်လှူပူဇော်ပေးကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

■

# မူဆယ်မြို့နယ်လုံးကျွတ်(ဒုတိယအကြိမ်) ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

မူဆယ် မတ် ၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့တွင် ယနေ့ မွန်းလွဲ ၁ နာရီက မူဆယ်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် သံဃာတော်၊ သီလရှင်အပါး ၁၃၀၀ အား မူဆယ်မြို့နယ်လုံးကျွတ်(ဒုတိယအကြိမ်) ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကျင်းပသည်။

ရှေးဦးစွာ မူဆယ်မြို့ လွယ်တိန်ခမ်း တောင်အောက်ရှိ ဓမ္မဇလဝိဟာရကျောင်းတိုက်၌ နံနက် ၁၀ နာရီတွင် မူဆယ်ခရိုင်အတွင်းရှိ မုံးကိုး၊ မန့်ဟီးရိုး၊ ပန်ဆိုင်း (ကျူကုတ်)မြို့များမှကြွရောက်လာသောရပ်ဝေးသံဃာတော်များအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်မိုးနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်လင်းနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ စေတနာရှင်၊ အလှူရှင်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ဟိုမွန်ရပ်ကွက် မြို့အဝင် မီးပွိုင့်လမ်းဆုံမှ သိန်းသန်းချီအဝေးပြေးကားကွင်းသွားလမ်းမကြီး တစ်လျှောက်တွင် သံဃာတော်၊ သီလရှင်အပါး ၁၃၀၀ အား တစ်ပါးလျှင် ငွေကျပ် ၂၁၀၀၀၀ နှုန်းဖြင့် စုစုပေါင်းလှူဒါန်းငွေကျပ် ၂၇၃၀၀၀၀၀၀ နှင့်အခြားလှူဖွယ်ဝတ္ထုပစ္စည်းများ၊ စတုဒိသာကျွေးမွေးခြင်းအတွက် ငွေကျပ် ၁၅၀၀၀၀၀၀ လှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# လျှပ်စစ်သုံးယာဉ်များအတွက် မြန်မာနိုင်ငံ၏ ပထမဆုံးသော လျှပ်စစ်ဓာတ်အားဖြည့်သွင်းရုံ စတင်ဖွင့်လှစ်

**နေပြည်တော် မတ် ၄**

လျှပ်စစ်သုံးယာဉ်များအတွက် မြန်မာနိုင်ငံ၏ ပထမဆုံးသော လျှပ်စစ်ဓာတ်အား ဖြည့်သွင်းရုံ (နေပြည်တော်) MG EV Charging Station (NPT) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်သပြေကုန်းဈေး ယာယီမဏ္ဍပ်၌ ကျင်းပသည်။

**ရှင်းလင်းတင်ပြ**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ဒုတိယမြို့တော်ဝန်၊ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က အမှာစကားပြောကြားပြီး NPK Motor Co.,Ltd. ဥက္ကဋ္ဌ ဦးနိုင်ဖြိုးကျော်က MG EV Charging Station (NPT) တည်ဆောက်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က လျှပ်စစ်သုံးယာဉ်များအတွက် ပထမဦးဆုံး လျှပ်စစ်ဓာတ်အားဖြည့်သွင်းရုံ(နေပြည်တော်)ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက Electric Vehicle Charging Station ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက Electric Vehicle Charging Station ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

**စမ်းသပ်မောင်းနှင်**

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက လျှပ်စစ်သုံးယာဉ်များအတွက် လျှပ်စစ်ဓာတ်အားဖြည့်သွင်းရုံ(နေပြည်တော်) MG EV Charging Station (NPT)အတွင်း ကြည့်ရှုလေ့လာကြပြီး လျှပ်စစ်သုံးယာဉ်များကို လက်တွေ့စမ်းသပ်မောင်းနှင်ကြသည်။

မြန်မာနိုင်ငံအတွင်း လျှပ်စစ်သုံးယာဉ်များ အသုံးပြုနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီက Pilot Project အနေဖြင့် နေပြည်တော်၊ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတစ်လျှောက်တွင် လျှပ်စစ်သုံးယာဉ်များ လွယ်ကူလျင်မြန်စွာ အားသွင်းနိုင်ရေးအတွက် လျှပ်စစ်ဓာတ်အားဖြည့်သွင်းရုံ (Charging Station)များ တည်ဆောက်ရန် စီမံဆောင်ရွက်လျက်ရှိရာ နေပြည်တော်အတွင်း NPK Motor Co., Ltd. က ပထမဦးစွာ တည်ဆောက်ဖွင့်လှစ် အသုံးပြုနိုင်ခဲ့ခြင်းဖြစ်ပြီး တည်ဆောက်ပြီး Charging Station နှင့်အတူ လျှပ်စစ်သုံး Taxi အငှားယာဉ်လုပ်ငန်းကိုလည်း စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ကျန်တည်ဆောက်ဆဲ လျှပ်စစ်ဓာတ်အားဖြည့်သွင်းရုံ (Charging Station)များကိုလည်း အမြန်ဆုံးဖွင့်လှစ်အသုံးပြုနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမောင်မောင်အုန်း၊ ဦးအောင်နိုင်ဦး၊ ဦးမျိုးသန့်နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်တို့ လျှပ်စစ်သုံးယာဉ်များအတွက် လျှပ်စစ်ဓာတ်အားဖြည့်သွင်းရုံ(နေပြည်တော်)အတွင်း ကြည့်ရှုလေ့လာကြစဉ်။

## မဲခေါင်ဒေသတွင်းနိုင်ငံများ ပူးပေါင်းဆောင်ရွက်သော မျှစ်နှင့် ဝါးအခြေခံအရည်အသွေးထိန်းသိမ်းရေး သင်တန်းဖွင့်

**နေပြည်တော် မတ် ၄**

မဲခေါင်ဒေသတွင်း နိုင်ငံများ ပူးပေါင်းဆောင်ရွက်သော မျှစ်နှင့် ဝါးအခြေခံ အရည်အသွေး ထိန်းသိမ်းရေး သင်တန်းကို နေပြည်တော်ကောင်စီနယ်မြေရှိ သင်္ဂဟဟိုတယ်၌ မတ် ၂ ရက်နှင့် ၃ ရက်တို့တွင် နှစ်ရက်ကြာ ကျင်းပခဲ့သည်။

သင်တန်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်းက အဖွင့်အမှာစကား ပြောကြားပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကျင်းကျန်းတက္ကသိုလ် သစ်တောနှင့် မြက်ခင်းပြင် စိမ်းလန်းစိုပြည်ရေး စီမံကိန်းဌာန ပါမောက္ခ Yang Yuming၊ စီချွမ်းပြည်နယ် စိုက်ပျိုးရေးနှင့် သစ်တောတက္ကသိုလ်မှ ပါမောက္ခ Zhang Wenbiao၊ ယူနန်ပြည်နယ် သစ်တောနှင့် မြက်ခင်းပြင် စိမ်းလန်းစိုပြည်ရေး အကယ်ဒမီကျောင်းမှ ပါမောက္ခ Zhao Yihe တို့က ဝါးတောထူထောင်စိုက်ပျိုးခြင်း၊ မျှစ်ကို စနစ်တကျထုတ်လုပ်ခြင်း၊ ဝါးတောထိန်းသိမ်းခြင်း၊ ဝါးအခြေခံ ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်းတို့ကို သင်ကြားပေးခဲ့ကြောင်း သိရသည်။



သင်တန်းသို့ မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေးအသင်းမှ ဗဟိုအလုပ်အမှုဆောင် သုံးဦးနှင့် သင်တန်းသား သင်တန်းသူ ၂၉ ဦးတို့ တက်ရောက်ခဲ့ပြီး ဝါးမီးသွေး၊ ဝါးပေါင်းခံရည်နှင့် မျှစ်တန်ဖိုးမြှင့် ထုတ်လုပ်ကုန်များ၊ ဝါးအချောထည် ထုတ်ကုန်စက်မှုကုန်ကြမ်း ရရှိရေးတို့ကိုလည်း အထူးပြု သင်ကြားပေးခဲ့ကြောင်း သိရသည်။

**ငွေကြယ်**

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏။



## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရောက်ရှိ

**နေပြည်တော် မတ် ၄**

Earth Renewable Energy Co., Ltd. မှ တင်သွင်းလာသော BYD အမျိုးအစား လျှပ်စစ်သုံးယာဉ် ၁၉ စီးသည် ယမန်နေ့က ထီးတန်းဆိပ်ကမ်းသို့ ရောက်ရှိလာပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် Asia Pacific Automaker Corporation Co., Ltd. မှ တင်သွင်းလာသော Dongfeng အမျိုးအစား လျှပ်စစ်သုံးယာဉ်အစီး ၃၀ သည် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှ ယမန်နေ့က လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကာ အဆိုပါ လျှပ်စစ်သုံးယာဉ်များတင်သွင်းမှုသည် ပြည်တွင်း လျှပ်စစ်သုံးယာဉ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောက်ခွန်ကင်းလွတ်ခွင့် သက်သာခွင့်ပြုထားကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့တောင်သူလယ်သမားတို့ဘဝ အေးချမ်းရမည်

ဒေါက်တာမောင်ကျော်
ပါမောက္ခချုပ်(ငြိမ်း)

တောင်သူလယ်သမားအပေါင်းဟာ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလများတိုင် ကျေးဇူးရှင်တွေဖြစ်ကြောင်း၊ အနာဂတ်မှာ စိတ်အေးဖွယ်ရာတွေ ပေါ်ပေါက်လာမှာဖြစ်ကြောင်း အသိပေးလိုသဖြင့် ဒီဆောင်းပါးကို ရေးသားတာဖြစ်ပါတယ်။ တောင်သူလယ်သမားတွေဟာ လယ်ယာလုပ်ငန်းမှာ မိသားစုဘဝ တိုးတက်ဖွံ့ဖြိုးရေးကစလို့ နိုင်ငံတော်အတွက် ဆန်စပါးနဲ့ ပဲ၊ ပြောင်း၊ ဝါကို ပို့ကုန်အဖြစ် ပင်ပန်းကြီးစွာ ထုတ်လုပ်ပေးနေကြပါတယ်။ တောင်သူလယ်သမားကြီးတွေရဲ့ နွေ၊ မိုး၊ ဆောင်းမရှောင် ကိုယ်ခန္ဓာပင်ပန်းမှုကို ပဓာနမထားဘဲ စားရေရိက္ခာအစုံ ထုတ်လုပ်ပေးမှုကြောင့် ပြည်တွင်းဖူလုံရုံသာမက နိုင်ငံခြားကိုပင် တင်ပို့ရောင်းချနိုင်ပါတယ်။ ရွှေရောင်တဝင်းဝင်းနဲ့ စေတီပုထိုးတွေ တည်ဆောက်၊ အလှူဒါနတွေလည်း ပြုလုပ်နိုင်ကြပါတယ်။ ၁၉၅၈ ခုနှစ်မှာ မြန်မာဟာ ဆန်တန်ချိန် ၆ ဒသမ ၄ သန်းထွက်ရှိတော့ ကမ္ဘာကို ဆန်တန်ချိန်အများဆုံး တင်ပို့ရောင်းချတဲ့စံချိန်ကို တင်ခဲ့ပါတယ်။ အဲဒီတုန်းက ထိုင်းနိုင်ငံနဲ့ ဗီယက်နမ်နိုင်ငံတို့ဟာ ကျွန်တော်တို့စံချိန်မမီခဲ့ပါဘူး။

မြန်မာနိုင်ငံဟာ မြေမျက်နှာသွင်ပြင် အမျိုးမျိုးရှိ၊ နေရောင်ခြည်ကိုလည်းမြင်၊ ပင်လယ်ကမ်းခြေနဲ့ ရေခဲတောင်လည်းရှိ၊ မြေဩဇာကောင်းတဲ့ စိုက်ပျိုးမြေတွေကလည်း ကျယ်ပြော၊ နုန်းတင်မြေနုသစ်တောတွေနဲ့ လမုတောကလည်းရှိ၊ သစ်ခွမျိုးစုံကအစ၊ ပန်းရနံ့တွေကလည်း မွှေးကြိုင်လှပသာယာတဲ့နိုင်ငံဖြစ်တယ်။ နိုင်ငံသားတွေဟာ အလွန်ရိုးသားဖြူစင်တဲ့ လယ်သမားတွေ၊ မြေဩဇာကောင်းတဲ့ လယ်မြေတွေ၊ နုန်းတင်မြေနု မြစ်ချောင်းအင်းအိုင်တွေကို မတိမ်ကောအောင် ကာကွယ်ရင်း ကြိုးစားပမ်းစားနဲ့ အသက်မွေးဝမ်းကျောင်းပြုနေသူတွေ များပါတယ်။

အေးအတူပူအမျှ ကမ္ဘာ့လူသားကောင်းတွေအဖြစ် ထားအပ်တဲ့ ဗြဟ္မစိုရ်တရားလေးပါး လက်ကိုင်ထားကာ ချစ်ခင်စွာ နေထိုင်ခဲ့ကြပါတယ်။ မြန်မာတို့ဟာ ရက်ရောသူတွေ၊ စဉ်းစားဆင်ခြင်တတ်တဲ့သူတွေ၊ ကူညီရိုင်းပင်းသူတွေ၊ ရောင့်ရဲတင်းတိမ်သူတွေ၊ ကိုယ်ကျိုးစွန့်လွှတ်နိုင်သူတွေပဲလို့ နာမည်ရခဲ့ပါတယ်။ ဗြိတိသျှကိုလိုနီလက်အောက်မှာ အရင်းရှင်ကုမ္ပဏီတွေဟာ ဆန်စပါးလယ်ယာထွက်ကုန်ရောင်းဝယ်ရေးကို လက်ဝါးကြီးအုပ် ဈေးကစား၊ ခေါင်းပုံဖြတ်မှုတွေကြောင့် ၁၉၃၀ ပြည့်နှစ်မှာ ဆရာစံ တောင်သူလယ်သမား အရေးတော်ပုံ ပေါ်ပေါက်ခဲ့ပါတယ်။ လွတ်လပ်ရေးကြိုးပမ်းမှုကာလတွေမှာ တောတောင်နေ လယ်သမားတချို့ဟာ တစ်တပ်တစ်အား ပါဝင်ခဲ့ကြရတယ်။

လွတ်လပ်ရေးရပြီးတဲ့အခါမှာ ပြည်တွင်းမငြိမ်သက်မှုတွေကြားမှာ ကျေးလက်လူထုဟာ တောင်ယာလယ်လုပ် ဓားမခုတ်ဘဝနဲ့ ခရီးကြမ်းလျှောက်ရင်း သစ္စာရှိစွာ ရပ်ရွာရဲ့ စပါးကျီကို ဖြည့်တင်းပြီး တိုင်းပြည်ကို ကျေးဇူးပြုခဲ့ကြပါတယ်။ လုံ့လဝီရိယကို အခြေခံ၊ ပတ်ဝန်းကျင်ကပေးတဲ့ အတွေ့အကြုံနဲ့ မိသားစုကို စောင့်ရှောက်တဲ့ ကျွန်တော့်မိဘတွေဟာ လယ်ယာလုပ်ငန်းနဲ့ အလှူမင်္ဂလာ သုံးကြိမ်ပြုလုပ်ကျင်းပနိုင်ခဲ့ပါတယ်။

၁၉၆၅ ခုနှစ် အောက်တိုဘာလထဲမှာ တက္ကသိုလ်ဆရာဖြစ်ဖို့ ရန်ကုန်အင်တာဗျူးကအပြန် အညာပြန်ရောက်တော့ ကျွန်တော့်အဖေက **“ဖောင်တော်သီ၊ ဒိုက်ဦးစပါးတွေ ဘယ်လိုနေလဲ”** လို့မေးပါတယ်။ သတိမထားမိကြောင်း ရိုးသားစွာ ဝန်ခံခဲ့ပါတယ်။ တကယ်တော့ ဧရာဝတီ၊ ရန်ကုန်နဲ့ ပဲခူးတိုင်းကြီးတွေက စပါးကောင်း၊ ဆန်ကောင်းတွေကို တစ်နိုင်ငံလုံးနီးပါးအတွက် ထုတ်ပေးနိုင်တဲ့အပြင် ကမ္ဘာကိုလည်း ဆန်တင်ပို့နိုင်ခဲ့ပါတယ်။ အဖေဟာ မိသားစုအတွက် ကောင်းပေ့ဆိုတဲ့ဆန်ကို အောက်ပြည်အောက်ရွာက ဝယ်ကျွေးခဲ့ပါတယ်။

### မြန်မာ့စီးပွားရေး

မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုဟာ ကုန်ထုတ်လုပ်မှု၊ မြေပေါ်မြေအောက် သယံဇာတထုတ်လုပ်မှုအပေါ်မှာ တည်နေဆဲဖြစ်ပါတယ်။ သယံဇာတမျိုးစုံကို တန်ဖိုးမြှင့် မလုပ်နိုင်သေးဘဲ ထုခွဲရောင်းချရတဲ့အပေါ် နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုဟာ ယနေ့အထိ မူတည်နေဆဲ ဖြစ်ပါတယ်။ နိုင်ငံ့လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်ဟာ လယ်ယာလုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းပြုနေကြပြီး စိုက်ပျိုးမွေးမြူရေးကို အခြေခံ၊ နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေတဲ့ နိုင်ငံဖြစ်ပါတယ်။ မြန်မာ့စီးပွားရေးဟာ စိုက်ပျိုးရေးအပေါ်မှာ အကြီးအကျယ်



အမှီပြုနေရဆဲဖြစ်ပါတယ်။

ဧရာဝတီမြစ်ဝှမ်း၊ မူးမြစ်ဝှမ်း၊ ချင်းတွင်းမြစ်ဝှမ်း၊ ဟူးကောင်းချိုင့်ဝှမ်းက လယ်ယာမြေတွေမှာ သီးမှည့်နေတဲ့ စပါးနှံတွေပဲကြည့်ကြည့် ကမ္ဘာမှာ ရွှေနိုင်ငံလို တစ်မျိုးအမည်ရနေပါတယ်။ အရှေ့တောင်အာရှမှာ နယ်မြေအကျယ်ဆုံး၊ စိုက်ပျိုးနိုင်တဲ့ မြေဧက၊ သစ်တောနဲ့ ကျောက်သံပတ္တမြား သယံဇာတကြွယ်ဝလျက်ရှိနေပါတယ်။ ရေသွင်းစိုက်ပျိုးနိုင်တဲ့ မြေဧရိယာဟာလည်း ဧရာဝတီ၊ စစ်တောင်းနဲ့ ဒီမြစ်ကြီးတွေဆီကို စီးဝင်နေတဲ့ မြစ်ချောင်းတွေကို အကြောင်းပြု၊ ရေသွင်းစိုက်ပျိုးနိုင်တဲ့ မြေဧကဟာလည်းများစွာရှိနေပါတယ်။ စိုက်ပျိုးရေးမှာ နည်းပညာမြင့်ကျွမ်းကျင်လူ့စွမ်းအား ရှားပါးနေခြင်းကြောင့် အရည်အသွေးမီ သီးနှံထွက်မှုမှာ နိမ့်ကျနေပါတယ်။ ၂၁ ရာစုများလို မပေါ်ကြွယ်သော်လည်း သားသမီးတွေကို မူလတန်း၊ အလယ်တန်းအထိ ကျောင်းပို့နိုင်သူတွေရှိခဲ့ပါတယ်။ ငွေရေးကြေးရေး အခက်အခဲကြောင့်မဟုတ်လှဘဲ မိမိဝန်းကျင်အနီးတစ်ဝိုက်မှာ လက်လှမ်းမီတဲ့ မူလတန်းကျောင်းတွေမရှိတာ၊ တည်ငြိမ်အေးချမ်းမှု ခေါင်းပါးတာကြောင့်သာ ဖြစ်ခဲ့တယ်။

တောင်သူလယ်သမားတို့ရဲ့အရေးကို ၁၉၆၂ ခုနှစ်နောက်ပိုင်းမှာ ပိုတွေးနိုင်၊ စဉ်းစားနိုင်ခဲ့တာ တွေ့ရတယ်။ တောင်သူလယ်သမား အလုပ်သမားထုဟာ ယနေ့အထိ ကျေးလက်မှာနေကြဆဲဖြစ်ပါတယ်။ မိမိတို့ရဲ့ ရေမြေတောတောင်သဘာဝကို သံယောဇဉ်ရှိဆဲဖြစ်ပြီး ကျောင်းကန်ဘုရားနဲ့ ထုံးဖြူဖြူစေတီကိုပဲ ပူဇော်ဆဲဖြစ်တာကို တွေ့ရပါတယ်။ ဒါတွေဟာ ဘာကြောင့်လဲဆိုရင် နိုင်ငံတော်က တောင်သူလယ်သမားထုရဲ့အရေးကို ဦးစားပေးအလေးထားလို့ပဲဖြစ်ပါတယ်။

၁၉၆၂ ခုနှစ်မှာ အုန်းတော၊ ၁၉၆၃ ခုနှစ်မှာ ဒူးယားနဲ့ ပုပ္ပား၊ ၁၉၆၄ ခုနှစ်မှာ ခပေါင်း၊ ၁၉၆၅ နဲ့ ၁၉၆၈ ခုနှစ်တွေမှာ ရန်ကုန်မြို့ကြီးတို့မှာ တောင်သူလယ်သမား နှီးနှောဖလှယ်ပွဲကြီးတွေ ကျင်းပခဲ့တာဟာ သမိုင်းမှတ်တိုင်ကြီးတွေပဲ။ ၁၉၆၃ ခုနှစ်မှ ၁၉၆၇ ခုနှစ်အထိ ရန်ကုန်နဲ့ချောက်တို့မှာ အလုပ်သမား နှီးနှောဖလှယ်ပွဲကြီးတွေ ကျင်းပ၊ တောင်သူလယ်သမားတို့ရဲ့နောင်ရေးကိုတွေးဆပြီး ဆောင်ရွက်ပေးမှုတွေဟာ အတော်မြင့်မားတဲ့အဆင့်ကို ရောက်တယ်လို့ သုံးသပ်လို့ရပါတယ်။ ၁၉၆၂-၁၉၇၄ ခုနှစ်များအတွင်း အဆိုပါ တောင်သူလယ်သမား၊ အလုပ်သမားတို့ရဲ့ နှီးနှောဖလှယ်ပွဲကြီးတွေက ညှိနှိုင်းရရှိတဲ့ ရလဒ်တွေကို အခြေပြုပြီး ကျေးရွာ၊ မြို့နယ်နဲ့ ဗဟိုလို့ အဆင့်သုံးဆင့်ပါတဲ့ ပြည်သူ့တောင်သူလယ်သမားကောင်စီတွေကို ၁၉၆၉ ခုနှစ်မှာ ဖွဲ့စည်းပြီး နိုင်ငံတော်တည်ဆောက်ရေးတွေမှာ တောင်သူလယ်သမားတွေ ပါဝင်ခဲ့တာကိုတွေ့ရပါတယ်။

မြန်မာနိုင်ငံမှာ မိုးစပါးစိုက်ဧက ၁၅ သန်း၊ ပန်းတိုင်ရည်မှန်းချက် တစ်ဧကလျှင် တင်း ၁၀၀၊ အခုအခါ ပျမ်းမျှအားဖြင့် တစ်နိုင်ငံလုံးမှာ တစ်ဧက ၇၅ တင်းသာ ထွက်ရှိပါတယ်။ ဆန်စပါးကို အထွက်နှုန်း ပြည့်မီအောင် ဆောင်ရွက်နိုင်ပါက တောင်သူတစ်ဦးချင်း ဝင်ငွေတိုးပွားလာခြင်းမှအစ တိုင်းပြည်အတွက်လည်း ဝင်ငွေပိုမိုရရှိမှာဖြစ်ပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ ဆန်ဖူလုံမှုဟာ ၁၄၂ ရာခိုင်နှုန်း စားရေရိက္ခာဖူလုံတဲ့နိုင်ငံဖြစ်ပေမယ့် အဓိကကျတဲ့ ဆန်စားသောက်ကုန် လည်ပတ်ဖူလုံမှု လိုအပ်ချက်တွေ ရှိနေပါသေးတယ်။ ဒေသတွင်းဝမ်းစာ စားရေရိက္ခာဖူလုံပိုလျှံပြီး ပြည်ပကို တင်ပို့ရောင်းချနိုင်ရင် စီးပွားရေးတိုးတက်လာမှာဖြစ်ပါတယ်။

### ပညာ လုပ်သား လယ်သမား

မြန်မာတို့ ဆင်းရဲတွင်းကနေ ရုန်းထွက်နိုင်ဖို့ဆိုရင် စိုက်ပျိုးရေးကိုကြည့်၊ ရေဘယ်လောက်လောင်းသင့်သလဲ၊ ဓာတ်မြေဩဇာ ဘယ်လောက်ထည့်ရမလဲဆိုတာ သိနိုင်တဲ့ပညာလိုပါလိမ့်မယ်။ ပိုးသတ်ဆေးမလွန်မကျွံအောင် ထည့်တတ်ရပါလိမ့်မယ်။ သမားရိုးကျနည်းနဲ့ဆိုရင် ဘယ်ကိစ္စမှ မည်မည်ရရ ဖြစ်ထွန်းနိုင်မှာမဟုတ်ပါဘူး။ လုပ်ရိုးလုပ်စဉ်အတိုင်း၊ မိရိုးဖလာအတိုင်း လုပ်လို့မရတဲ့ခေတ်ထဲမှာ ရောက်နေလို့ပဲ။ ဒီနေ့ခေတ်မှာ မြေနဲ့ ရေမှာ အချဉ်ဓာတ်ကိုတိုင်းတဲ့ pH (ပီအိတ်ချ်) မီတာကလည်း ဝယ်နိုင်လာတော့ လယ်သမားဟာ ပီအိတ်ချ်မီတာကို ခါးကြားထိုး၊ ပီအိတ်ချ်တိုင်း၊ သူ့ရဲ့ မြေဟာ ပီအိတ်ချ် ၅ ဖြစ်ရင် အာလူးစိုက်ရမှန်းသိတယ်။ ပီအိတ်ချ် ၆ ဆိုရင် မြေပဲနဲ့ ဂေါ်ဖီစိုက်ရမှန်းသိလာတဲ့အဆင့်ရောက်လာပါတယ်။ ပညာလုပ်သားအင်အား (Knowledge base၊ skilled base work force) ကျွမ်းကျင်မှုတစ်ခုဟာ လူတိုင်း၊ မိသားစုဝင်တိုင်း လိုအပ်နေပြီဆိုတာ အလွန်ထင်ရှားပါတယ်။

၁၉၉၅-၁၉၉၆ ခုနှစ်လောက်က ထိုင်းဘုရင်မင်းမြတ်ဟာ ထိုင်းတောင်သူလယ်သမားတွေရဲ့ ပညာရေးအဆင့်အတန်းကို ဖော်ထုတ်စေတဲ့အခါ ပျမ်းမျှမူလတန်းအဆင့်သာရှိကြောင်း သိတော့ စိုက်ပျိုးရေးစွမ်းအားစု ပင်မတောင်သူလယ်သမားတွေရဲ့ပညာရေးကို မြှင့်တင်ပေးခဲ့ပါတယ်။ ထိုင်းနိုင်ငံ မူလတန်းကလေးတွေဟာ လယ်ယာမြေတွေမှာ ပဲပင်တွေနဲ့ ဝါ၊ နှမ်း၊ စပါး အလှည့်ကျစိုက်ပျိုးနိုင်ကြောင်း အသိရှိသွားအောင် လယ်ယာစိုက်ပျိုးစွမ်းအားစု အရင်းအမြစ်ကို ထူထောင်ပေးခဲ့ပါတယ်။

ကိုယ့်တိုင်းကိုယ့်ပြည်နယ်တစ်ခွင်မှာ ဘဝသစ်ဖန်တီးနိုင်မယ့် အမြော်အမြင်ကြီးမားတဲ့၊ ကြံရည်ဖန်ရည်ရှိတဲ့ လူ့စွမ်းအားအရင်းအမြစ် လိုအပ်နေပါတယ်။ မြန်မာ့လယ်သမား အင်အားစုဟာ သမားရိုးကျ ဆန်ရေစပါးစိုက်ပျိုးမှုနဲ့ ထိုင်းနဲ့ ဗီယက်နမ်နိုင်ငံရဲ့ ဆန်တင်ပို့မှုကို ရေရှည်ဘယ်လိုယှဉ်မလဲဆိုတာ အထူးစဉ်းစားကြရပါလိမ့်မယ်။ ဘာကြောင့်လဲ။ ဒီလယ်ယာလုပ်သားအင်အားစုကို ပညာရေးက မတ်နေအောင် လမ်းကြောင်းတစ်ခုနဲ့ ထောင်ပေးရပါလိမ့်မယ်။ ပြည်သူတို့ရဲ့လိုအင်ကို ဖြည့်ဆည်းနိုင်ဖို့ တက္ကသိုလ်တွေက ပိုအားထုတ်ကြရလိမ့်မယ်လို့ အဓိပ္ပာယ်ပေါ်ပါတယ်။

စိုက်ပျိုးရေးလုပ်ငန်းတွေ၊ မွေးမြူရေးလုပ်ငန်းတွေ ဆောင်ရွက်ဖို့အတွက် လူသားအရင်းအမြစ်ကောင်းတွေ လိုအပ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေအတွက် လိုအပ်တဲ့လူသားအရင်းအမြစ်တွေ ရရှိစေရေး ကျောင်းသား ကျောင်းသူတွေ ပညာရည်မြင့်မားဖို့ အားပေးဆောင်ရွက်လျက်ရှိကြောင်း တွေ့မြင်နေရပါတယ်။ မြို့ပြနဲ့ ကျေးလက်စီးပွားရေးကို တန်းတူထားကာ ကျေးလက်စီးပွားရေးနဲ့ မြို့ပြစီးပွားရေးတို့အကြား ချိတ်ဆက်ပေါင်းစည်းတာဖြစ်ပြီး အလုပ်အကိုင်ရရှိမှု၊ ပညာတတ်မြောက်မှုနဲ့ ကျန်းမာရေးကောင်းမွန်မှုတို့အတွက် လယ်ယာပြင်ပနဲ့ လယ်ယာမဟုတ်တဲ့ကဏ္ဍတွေ၊ သတင်းအချက်အလက်နဲ့ဆက်သွယ်ရေးနည်းပညာတွေ၊ ပညာရေး၊ ကျန်းမာရေးနဲ့ အုပ်ချုပ်မှုတွေမှာ ရင်းနှီးမြှုပ်နှံခြင်းဖြင့် ကျေးလက်ပြည်သူတွေရဲ့ ဘဝကို ထိန်းသိမ်းနိုင်မယ့် ကျေးလက်ဒေသတွေကို ဖန်တီးနိုင်မှာဖြစ်ပါတယ်။ ၅၂ ရာခိုင်နှုန်းသော လယ်ယာလုပ်သားတွေက တိုင်းပြည်ရဲ့ ဂျီဒီပီ ၃၆ ရာခိုင်နှုန်းကို ထုတ်ပေးနေပါတယ်။

ပဲခူး၊ မကွေး၊ မန္တလေး၊ စစ်ကိုင်းတိုင်းဒေသကြီးတွေကတော့ ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်းမြစ်ကြီးတွေကို အကြောင်းပြုပြီး လယ်ယာသားငါး စိုက်ပျိုးသီးနှံ ဆန်ရေစပါး ပေါကြွယ်ဝရေး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေကို ခေတ်မီအောင် စက်မှုလုပ်ငန်းတွေကို အင်တိုက်အားတိုက် တပ်ဆင်ပြီး ထူထောင်နိုင်ပါတယ်။ လိုအပ်တဲ့စွမ်းအင်ကိုတော့ ရေအားလျှပ်စစ်နဲ့ ကျောက်မီးသွေး၊ သဘာဝဓာတ်ငွေ့ကို သုံးရလိမ့်မယ်။ အလုပ်အကိုင်တွေ ပေါလာမယ်။ ဆင်းရဲမွဲတေမှုတွေ လျော့ကျလာမယ်။ ချမ်းသာလာမယ်။ နိုင်ငံမှာလည်း အေးချမ်းမယ်၊ ပြည်တွင်းနိုင်ငံရေးတင်းမာမှုတွေ ကင်းဝေးသွားရင် မြန်မာဟာ မြန်မြန်ဆန်ဆန် တောင့်တောင့်တင်းတင်းနဲ့ အေးချမ်းသာယာတဲ့ ဘဝကို မျက်မှောက်ပြုနိုင်မှာဖြစ်ပါတယ်။

ပင်ပန်းဆင်းရဲမှုတွေ ထူပြောတဲ့ဘဝက တောင်သူလယ်သမား၊ အလုပ်သမားထုကြီးကို လွတ်မြောက်ရန် စက်မှုလယ်ယာကို ကူးပြောင်းခြင်း၊ အထွက်တိုးစပါးတွေ ပြောင်းလဲစိုက်ပျိုးခြင်းသံသရာထဲမှာရှိနေဆဲပါပဲ။ စိုက်ပျိုးရေးမှာ နည်းပညာမြင့်ကျွမ်းကျင်လူ့စွမ်းအား ရှားပါးနေတာကြောင့် အရည်အသွေးမီ သီးနှံထွက်မှုမှာ နိမ့်ကျလျက်ရှိနေပါတယ်။

စာမျက်နှာ ၇ သို့ ◆

◆ စာမျက်နှာ ၆ မှ

၂၀ ရာစု မြန်မာနိုင်ငံဟာ လွတ်လပ်ရေးဆုံးရှုံးခဲ့ရတဲ့ ကံကြမ္မာ၊ နှစ်ပေါင်းတစ်ရာကျော်ကြာတိုင် တိုင်းတစ်ပါးလက်အောက် ရောက်ခဲ့ရခြင်း၊ ထိုဘဝမှ ရုန်းထွက်ရခြင်း၊ နိုင်ငံရေးအယူဝါဒတွေ အမျိုးမျိုးကြောင့် စီးပွားရေးစီမံကိန်းတွေ ထင်သလောက် မအောင်မြင်ခြင်းတွေဟာ အကြောင်းတရားမျိုးစုံထဲက အကြောင်းတရားတွေပဲ ဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် နိုင်ငံတကာရဲ့ အတွေ့အကြုံတွေကို အကြောင်းပြုရင် မြန်မာ့တောင်သူလယ်သမားတွေဟာ ရေခံမြေခံကောင်းတဲ့ ပတ်ဝန်းကျင်မှာရှိနေတာကို တန်ဖိုးထားတတ်ဖို့၊ တိုင်းပြည်ရဲ့ ယနေ့အစိုးရဟာ လူအများစုကို အကျိုးပြုစေမယ့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို ဖွံ့ဖြိုးအောင်တာစူတဲ့ လုပ်ငန်းတွေထဲမှာ MSME လုပ်ငန်းတွေ ကြီးထွားလာဖို့ အားပေးနေတာကို တွေ့မြင်ရပါတယ်။

ပညာရေးနဲ့ပတ်သက်လို့ လူ့စွမ်းအားအရင်းအမြစ်အတွက် အထူးလိုအပ်နေတဲ့ စက်မှုစိုက်ပျိုးသိပ္ပံကျောင်းတွေ တည်ထောင်နေတာ ခြေလှမ်းသစ်တွေဖြစ်ကြောင်း၊ တက္ကသိုလ်တက်သည်ဖြစ်စေ၊ မတက်သည်ဖြစ်စေ လူထုအတွင်းမှာ အလုပ်လုပ်နိုင်တဲ့သူဖြစ်အောင် ပြင်ဆင်ပေးတာဖြစ်ပါတယ်။ တက္ကသိုလ်၊ ကောလိပ်တွေက ပါမောက္ခ၊ ဌာနမှူးကြီးတွေရဲ့ တာဝန်တွေဟာပြောင်းလဲလာတဲ့တောင်းဆိုမှုတွေအရ ပိုပြီးကြီးမားလာပါတယ်။ သင်ကြားရေးသုတေသနနဲ့ ထပ်ဆင့်တီထွင်မှုတွေကို ပိုပြီးဦးစားပေးလုပ်လာကြရပါတယ်။ ပါမောက္ခကနေ ဆရာ ဆရာမတွေဟာ လူထုလိုအပ်ချက်၊ စက်ရုံတွေလိုအပ်ချက် တစ်ဦးကိုတစ်ဦး ဖြည့်ဆည်းသွားကြရမှာဖြစ်ပါတယ်။ အခြေခံအင်အားတစ်ရပ်ဖြစ်တဲ့ အစိုးရကျောင်းတွေက ဆရာ ဆရာမတွေရဲ့အားကိုလည်း အားထားရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ အမိုးနီးယားထုတ်နိုင်တော့ ယူရီးယားထုတ်၊ နိုက်ထရိတ်ထုတ်၊ အမိုနီယမ်ဆာလ်ဖိတ်လည်းထုတ်နိုင်ပြီး တောင်သူလယ်သမားတွေ လယ်ယာမှာသုံးနိုင်တော့ ဂျုံစပါးတွေ အထွက်တိုးပြီး ငတ်မွတ်ခေါင်းပါးမှုကနေ တစ်နည်းတစ်ဖုံလွတ်ပြီလို့ ပြောနိုင်ပါတော့တယ်။ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းတွေ ဆောင်ရွက်ဖို့အတွက် လူ့စွမ်းအားအရင်းအမြစ်ကောင်းတွေ လိုအပ်ကြောင်း၊ စက်မှုလုပ်ငန်းကျွမ်းကျင်သူတွေဟာလည်း ယနေ့အထိ ရှားပါးပစ္စည်း။ စက်မှုနိုင်ငံမဆိုထားဘိ၊ စက်မှုလယ်ယာမှာပဲ ချည့်နဲ့နေဆဲ၊ တစ်ပိုင်တစ်နိုင် တစ်အုပ်တစ်မနဲ့ သွားနေရဆဲဖြစ်ပါတယ်။

ဒါကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းအတွက် လိုအပ်တဲ့ လူသားအရင်းအမြစ်တွေ ရရှိစေရေး ကျောင်းသား ကျောင်းသူတွေ ပညာရည်မြင့်မားဖို့ အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းသား ကျောင်းသူတွေ ပညာသင်ကြားမှုနဲ့ ပတ်သက်လို့ အခုအချိန်မှာ အခြေခံပညာကျောင်းတွေ ပြန်လည်

**❝ မြန်မာတို့ ဆင်းရဲတွင်းကနေ ရုန်းထွက်နိုင်ဖို့ဆိုရင် စိုက်ပျိုးရေးကိုကြည့်၊ ရေဘယ်လောက်လောင်းသင့်သလဲ၊ ဓာတ်မြေဩဇာဘယ်လောက်ထည့်ရမလဲဆိုတာ သိနိုင်တဲ့ပညာလိုပါလိမ့်မယ်။ ပိုးသတ်ဆေးမလွန်မကျွံအောင် ထည့်တတ်ရပါလိမ့်မယ်။ သမားရိုးကျနည်းနဲ့ဆိုရင် ဘယ်ကိစ္စမှ မည်မည်ရရ ဖြစ်ထွန်းနိုင်မှာမဟုတ်ပါဘူး။ လုပ်ရိုးလုပ်စဉ်အတိုင်း၊ မိရိုးဖလာအတိုင်း လုပ်လို့မရတဲ့ခေတ်ထဲမှာ ရောက်နေလို့ပဲ။ ဒီနေ့ခေတ်မှာ မြေနဲ့ရေမှာ အချဉ်ဓာတ်ကိုတိုင်းတဲ့ pH (ပီအိတ်ချ်) မီတာကလည်း ဝယ်နိုင်လာတော့ လယ်သမားဟာ ပီအိတ်ချ်မီတာကို ခါးကြားထိုး၊ ပီအိတ်ချ်တိုင်း၊ သူ့ရဲ့မြေဟာ ပီအိတ်ချ် ၅ ဖြစ်ရင် အာလူးစိုက်ရမှန်းသိတယ်။ ပီအိတ်ချ် ၆ ဆိုရင် မြေပဲနဲ့ ဂေါ်ဖီစိုက်ရမှန်းသိလာတဲ့အဆင့်ရောက်လာပါတယ်။ ပညာလုပ်သားအင်အားကျွမ်းကျင်မှုတစ်ခုဟာ လူတိုင်း၊ မိသားစုဝင်တိုင်းလိုအပ် ❞**

ဖွင့်လှစ်ထားပေမယ့် အချို့သော ကျောင်းသားကျောင်းသူတွေအနေနဲ့ လုံခြုံရေးအရ၊ စီးပွားရေးအရ ပညာပြန်လည်သင်ကြားမှု မရှိတာလည်းရှိကြောင်း၊ ဒါကြောင့် ယနေ့ခေတ်အချိန်အခါမှာ ပို့ချသူဆရာ ဆရာမတွေရဲ့ ပညာအရည်အသွေး၊ သဘောထား၊ အမြော်အမြင် မြင့်မားမှုဟာ လိုအပ်ချက်တစ်ခု၊ ကုန်ပစ္စည်းသဘောနဲ့ကြည့်ရင် ထူးချွန်ပြောင်မြောက်တဲ့၊ တီထွင်ကြံဆနိုင်တဲ့လူ မဖြစ်လင့်ကစား စိတ်ထားမြင့်မြတ်တဲ့ မေတ္တာတရားရှိတဲ့လူတော့ အနည်းဆုံးဖြစ်သွားစေရမယ်။ ဆရာ ဆရာမတွေဟာ ဘယ်အဆင့်မှာပဲရှိစေ ပညာရေးကို မိမိကျောင်းဝင်းထဲက ကိစ္စလောက်ဟု သဘောမထားတော့ဘဲ လူ့အဖွဲ့အစည်းရဲ့အရေးကိစ္စဖြစ်တဲ့အတွက် ဆရာ ဆရာမအပေါင်းနဲ့ ဒေသတွင်းက ကျောင်းသားအပေါင်းဟာ အမျိုးသားရေးတာဝန်ကို ထမ်းဆောင်ဖို့ဖြစ်ပါတယ်။

### မြစ်ကြီးသုံးသွယ်

အမြဲစွတ်စိုလျက်ရှိတဲ့ ဧရာဝတီမြစ်၊ စစ်တောင်းမြစ်နဲ့ အရှေ့ဘက်ခြမ်းက သံလွင်မြစ်။ ဒီမြစ်ကြီးသုံးသွယ်ဟာ မြန်မာတို့အတွက် ချမ်းသာဖို့ပဲ။ ဒီလိုခေတ်အခြေအနေမှာ သိပ္ပံပညာနည်းပညာ၊ စိုက်ပျိုးရေး၊ စီးပွားရေးဘွဲ့ရတွေဟာ ကိုယ်ပိုင်စီးပွားရေးကုမ္ပဏီကြီးတွေ တည်ထောင်၊ ဘဏ်လုပ်ငန်းကြီးတွေ တည်ထောင်၊ ရေနံကုမ္ပဏီကြီးတွေ တည်ထောင်ဖို့တာစူရမယ်။ အလုပ်လုပ်ဖို့ပညာသင်ရမယ်။ ဒီလိုဆိုရင် မြန်မာ့အနာဂတ်ဟာ သေချာရေရာပါမယ်။ ဧရာဝတီမြစ်ကြောင်း တစ်လျှောက်မှာရှိတဲ့ တက္ကသိုလ်တွေဟာ ဧရာဝတီမြစ်ကို အကြောင်းပြုပြီး ဓာတုဗေဒရှုထောင့်ကသာမက ကြွယ်ဝမှုအဖုံဖုံကို စူးစမ်းလေ့လာခြင်း၊ သုတေသနပြုခြင်း၊ သင်ကြားခြင်းလုပ်ကြရင် ဒီတက္ကသိုလ်တွေက ဝန်ဆောင်မှုပေးနိုင်တာဟာ အဲဒီတက္ကသိုလ်ရဲ့ အဆင့် (Ranking) တွေပဲဖြစ်ပါတယ်။ ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်းနဲ့ သံလွင်မြစ်ကြောင်းတစ်လျှောက် ဖွဲ့စည်းထားတဲ့ တက္ကသိုလ်အစုအဖွဲ့ (Cluster Universities) တွေဟာ နိုင်ငံရဲ့အရင်းအနှီးကို ထပ်ဆင့်ပေါက်ဖွားပေးနိုင်မှာဖြစ်ပါတယ်။

ဆည်မြောင်း တာတမံတွေဟာ ရေထိန်းဖို့၊ ရေတင်ဖို့ဖြစ်ပါတယ်။ သောက်သုံးရေနဲ့ စိုက်ပျိုးရေဟာ နေရာအနှံ့နီးပါးရနေသေးတဲ့ အနေအထားဖြစ်တာကို သတင်းစာတွေမှာ ဖတ်ရှုရပါတယ်။ လျှပ်စစ်မော်တော်ယာဉ်တွေသုံးစွဲဖို့ တာစူနေတာ၊ ရေအားလျှပ်စစ်ရဖို့၊ နေရောင်ခြည်စွမ်းအင်ရဖို့ ကြိုးပမ်းမှုတွေဟာ ကျေးလက်ဒေသဖွံ့ဖြိုးဖို့ဖြစ်တာမို့ မြန်မာ့တောင်သူလယ်သမားတို့ စိတ်အေးရပြီလို့ ရေးရတာဖြစ်ပါတယ်။

**“ဖွံ့ဖြိုးပြီးနိုင်ငံဖြစ်စေ၊ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်စေ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSME) များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေခြင်းဖြစ်ပြီး နိုင်ငံ့စီးပွားရေး ပြန်လည်ဦးမော့လာစေရန် ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်တယ်။ “MSME လုပ်ငန်းများရဲ့ ရည်ရွယ်ချက်က ပြည်တွင်းစီးပွားရေးဖြစ်တဲ့ ကုန်ထုတ်လုပ်မှုကို မြှင့်တင်ပေးရန်၊ သွင်းကုန်အစားထိုးနိုင်ရန်၊ ရော်ဘာကုန်ကြမ်းများကို အသုံးပြုပြီး သွင်းကုန်အစားထိုးကုန်ချောဖြစ်တဲ့ ရော်ဘာပြားများ၊ စက်ဘီး၊ မော်တော်ဆိုင်ကယ်နဲ့ မော်တော်ကားတာယာများ ထုတ်လုပ်နိုင်တဲ့ MSME လုပ်ငန်းများ ပေါ်ပေါက်လာစေရန် သက်ဆိုင်သည့်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန်ဖြစ်ကြောင်း”။**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များအား တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)**

ယနေ့တက္ကသိုလ်တွေဟာ ကမ္ဘာ့အဆင့်မီ အဆင့်မြင့်ပညာရေးစနစ်ဖြစ်ရေးအတွက် ဆက်လက်ကြိုးပမ်းရာမှာ သမားရိုးကျဗဟိုဦးစီးအုပ်ချုပ်မှုပုံစံကနေ ပိုမိုနွေးထွေးတဲ့မိသားစုပုံစံ (Corporate Model) အသွင်နဲ့ ကျောင်းသားနဲ့ မိဘတွေရဲ့ လိုအင်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်တဲ့ လူ့စွမ်းအားအရင်းအမြစ်ကို ထုတ်လုပ်ရာမှာ ပုံစံသစ်နဲ့သွားရမှာဖြစ်ပါတယ်။

မြန်မာ့လယ်သမားအင်အားကို ခေတ်မီအင်အားစုဖြစ်ဖို့ ဧရာဝတီ၊ ပဲခူး၊ စစ်ကိုင်းတိုင်းဒေသကြီးတွေမှာ လက်ရှိဖွင့်လှစ်ထားတဲ့ တက္ကသိုလ်တွေမှာ ဆန်စပါးစိုက်ပျိုး၊ ငါးမွေးမြူရေး မဟာဌာနကြီးအဖြစ် ပြောင်းလဲသင့်က ပြောင်းလဲရမှာဖြစ်ပါတယ်။ အစိုးရနဲ့ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်တဲ့ ပညာရေးအဆင့်မြင့်ဖို့ နိုင်ငံက ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ အားထားရပါမယ်။

လူ့သမိုင်းစဉ်တစ်လျှောက်လုံးမှာ ပညာရေးဟာ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရင်းအမြစ်ဖြစ်ခဲ့ပါတယ်။ သိပ္ပံနဲ့နည်းပညာဟာ ဒီနေ့လူ့အဖွဲ့အစည်းအတွက် အင်အားကြီးမားစွာ ဖန်တီးပေးနေပါတယ်။ သိပ္ပံနဲ့နည်းပညာနယ်ပယ်ထဲက သုတေသနတွေကြောင့်၊ လေ့လာမှုရလဒ်တွေကြောင့် ၁၈၄၀ ပြည့်နှစ်ရောက်တော့ စက်မှုထွန်းကားဖို့ကိစ္စမှာ သိပ္ပံပညာအခြေခံတွေဟာ အကြောင်းတရားပဲဖြစ်ခဲ့ပါတယ်။ အမေရိကန်တို့ဟာ ၁၈၉၀ ပြည့်နှစ်မှာ စက်မှုလယ်ယာကို တည်ထောင်နိုင်ခဲ့ပြီဖြစ်ပါတယ်။ စက်ရုံအလုပ်ရုံတွေမှာ ကုန်ပစ္စည်းမျိုးစုံကို ထုတ်လုပ်၊ ဈေးကလည်း သက်သာ၊ ပစ္စည်းတွေကလည်း သေသပ်လှပပြီး လူကြိုက်များခဲ့ပါတယ်။ ကမ္ဘာ့ဈေးကွက်ကို ထိုးဖောက်ခဲ့ပါတယ်။ စက်မှုနည်းပညာထွန်းကားခြင်းရဲ့ရလဒ်ပဲ။ သိပ္ပံနဲ့ နည်းပညာထွန်းကားတဲ့နိုင်ငံတွေဟာ ပိုပြီးချမ်းသာသွားကြပါတယ်။

ကောင်းပါပြီ၊ ဒီဆောင်းပါးကို ဒီလို နိဂုံးချုပ်ချင်ပါတယ်။

စက်မှုလယ်ယာ စက်စွမ်းအားနဲ့နည်းပညာထည့်လိုက်ရင် ဆန်စပါးနဲ့ ပဲမျိုးစုံ တင်ပို့နိုင်တဲ့နိုင်ငံအဖြစ်ရောက်နိုင်တာမို့မြန်မာ့တောင်သူလယ်သမားတို့ဟာ စိတ်ချမ်းသာ ကိုယ်ကျန်းမာ ချမ်းသာတဲ့သူဌေးကြီးတွေ ဖြစ်လာမှာဖြစ်ကြောင်း ယုံကြည်မှုရှိရှိ၊ ဝီရိယရှိရှိဖြင့် ရှေ့သို့ချီတက်ရန်ဖြစ်ကြောင်း ရေးသားလိုက်ရပါတယ်။ ။

## ဟိုပန်မြို့နယ်၌ နယ်သာလန်အာလူးမျိုးများ စတင်ထွက်ရှိ

**ဟိုပန် မတ် ၄**

“ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ နယ်သာလန်အာလူးမျိုးမာကီးစ်အား ၂၀၂၂ ခုနှစ် အောက်တိုဘာလနောက်ဆုံးပတ်က “ဝ” တောင်တန်း မျိုးစေ့ထုတ်သမဝါယမ အသင်းဝင် တောင်သူများ၏ မျိုးသန့်ပွားစိုက်ခင်း စတင်စိုက်ပျိုးခဲ့ရာ ယမန်နေ့ နံနက် ၁၀ နာရီက အဆိုပါ ဆောင်းအာလူးမျိုးသန့်ပွားစိုက်ခင်းရှိ အာလူးသီးနှံများအား စတင်ဖော်ယူခဲ့ကြောင်း သိရသည်။

ဟိုပန်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချိုလေးနှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများက နယ်သာလန် အာလူးမျိုးသန့်ပွား စိုက်ပျိုးခဲ့သည့် ဟိုပန်မြို့နယ် မော်ဟွေ့ကျေးရွာရှိ စံပြကွက် ကွင်းအမှတ်(၈) တောင်သူဦးထွန်းလူ၏ စိုက်ပျိုးမြေတစ်ကေခွဲအား စတင်ဖော်ယူခဲ့ကာ ဆက်လက်၍ ကွင်းအမှတ် (၁၂) တောင်သူဒေါ်အေးအိုင်၏ စိုက်ပျိုးမြေနှစ်ကေနှင့် မန်မိုင်ကွင်း အမှတ် (၁) တောင်သူဦးအိုက်ကျော်၏ တစ်ကေခွဲ စုစုပေါင်းအာလူးသီးနှံစိုက်ပျိုးမြေကေ ငါးကေအား ဖော်ယူမည်ဖြစ်သည်။

အဆိုပါ နယ်သာလန် အာလူးမျိုးမာကီးစ်ဆောင်းအာလူး မျိုးသန့်ပွားစိုက်ပျိုးခဲ့ရာတွင် စိုက်ခင်းတစ်ကေလျှင် ပျမ်းမျှအထွက်နှုန်း ပိဿာ ၃၈၅၀ အထက်ရှိပြီး တောင်သူများအနေဖြင့် မိုးအာလူးအဖြစ် ပြန်လည်ရောင်းချပါက တစ်ပိဿာ ငွေကျပ် ၄၀၀၀ ခန့် ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဇင်ဇင်(ပြန်/ဆက်)**

## ပြင်ဆင်ဖတ်ရှုပါရန်

မတ် ၄ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၇၊ ၈ ပါ အားနည်းချက်ကိုသိအားသာချက်ကိုဖန်တီး အခွင့်အလမ်းကိုရှာ ခြိမ်းခြောက်မှုမှန်သမျှရင်ဆိုင်ပါ ဆောင်းပါးအတွင်း ဖော်ပြပါရှိသည့် SWAT အစား SWOT ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**စာတည်း**

**ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍
အသွင်ပြောင်းဆီများစားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀-၁၂-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **“တရားမဝင် ကုန်သွယ်မှုသတင်းများ”**နှင့်ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာ တို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည် -

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၁၉ ၈၈၃ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၄၀၄၃၃၉၉၆၉ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၁၉ ၈၈၆ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeinfo@gmail.com |

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀-၁၂-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **“ကုန်သွယ်မှု ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ငွေကြေးတောင်းခံမှုသတင်းများ”**နှင့် ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၁၉ ၈၈၁ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၆၉၉၆၁၁၁၁၆ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၁၉ ၈၈၇ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeoffice@gmail.com |

# တပေါင်းပွဲတော် အသံမစဲမဟာပဋ္ဌာန်းသိမ်းအောင်ပွဲ မင်္ဂလာအခမ်းအနားကျင်းပ

**ဘားအံ မတ် ၄**

ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော တပေါင်းပွဲတော် အသံမစဲမဟာပဋ္ဌာန်းသိမ်းအောင်ပွဲ မင်္ဂလာအခမ်းအနားကို ယနေ့ မွန်းတည့် ၁၂ နာရီက ဘားအံမြို့ သေဋ္ဌမာရ်အောင်ဘုရားကြီး ဂန္ဓကုဋီတိုက် ပရိဝုဏ်အတွင်း၌ ကျင်းပသည်။

**နေ့ဆွမ်းဆက်ကပ်**

ဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်းနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အသံမစဲမဟာပဋ္ဌာန်းသိမ်းအောင်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်အပေါင်းတို့က နိုင်ငံတော်ဩဝါဒါစရိယ နောင်လုံဌာန်ပတိုင်ကျောင်းဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိဇ္ဇာနန္ဒထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူသော မေတ္တာသုတ်တရားတော်များကို နာယူကြည်ညိုကြသည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သေဋ္ဌမာရ်အောင်ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူတော်ငွေများကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် မတ် ၃ ရက် မွန်းလွဲပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၁)၌ ကျင်းပသည့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ပြည်နယ်အဆင့် ကျေးရွာစီမံကိန်းကြီးကြပ်မှုကော်မတီ(၄/၂၀၂၃)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ချေးငွေများ ဆက်လက်ထုတ်ချေးပေးနိုင်ရေး တင်ပြလာသည့်လုပ်ငန်းများကိုအကဲဖြတ်လေ့လာစိစစ်ကာ ထုတ်ချေးရန်လိုအပ်သည့်လုပ်ငန်းများကို ဆက်လက် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း၊ ပြည်နယ်အတွက် ရေးဆွဲထားသည့် SOP နှင့်ပတ်သက်၍ ပြည်ထောင်စုအဆင့်မှ ပြန်လည်လမ်းညွှန်မှုများရှိပါက ရှင်းလင်းတင်ပြပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ အရင်းမပျောက်မတည်ချေးငွေရယူ၍ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ လုပ်ငန်းများ ဖွံ့ဖြိုးလာမှုအခြေအနေနှင့် သတ်မှတ်ကာလသို့ရောက်ရှိပါက အတိုးနှုန်းပြန်လည်ကောက်ခံနိုင်ရေး စီမံဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်တက်ရောက်လာသော ခရိုင်အဆင့်ဌာနဆိုင်ရာများက သီးနှံအလိုက်ချေးငွေရယူစိုက်ပျိုးပြီးဧရိယာ၊ ရိတ်သိမ်းထွက်ရှိမှုအခြေအနေ၊ မြေပြင်ကွင်းဆင်းစစ်ဆေးတွေ့ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

■

# ပညာရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အားကစားသည်လည်း အရေးကြီးသည့် အခန်းကဏ္ဍတွင်ပါရှိ

**တောင်ကြီး မတ် ၄**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းသည် ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တောင်ကြီးပညာရေးဒီဂရီကောလိပ်သို့ရောက်ရှိပြီး ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံသည်။



ထိုသို့တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ကျောင်းသား ကျောင်းသူများအနေဖြင့် စာကြိုးစားကြမှသာလျှင် နောင်တစ်ချိန်တွင် ဆရာ ဆရာမကောင်းများဖြစ်လာမည်ဖြစ်သည့်အတွက် စာကြိုးစားကြရမည်ဖြစ်ကြောင်း၊ ပညာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အားကစားသည်လည်း အရေးကြီးသည့် အခန်းကဏ္ဍတွင်ပါရှိပြီး ကိုယ်လက်ကျန်းမာကြံ့ခိုင်ရေးအတွက် အားကစားကဏ္ဍကိုလည်း စိတ်ပါဝင်စားစွာ ဆောင်ရွက်ကြစေလိုကြောင်း၊ ဆရာ ဆရာမများအနေဖြင့်လည်း အနာဂတ်တွင် ဆရာ ဆရာမများဖြစ်လာမည့်ကျောင်းသား ကျောင်းသူများကို စေတနာထား၍ သင်ကြားပြုစုပျိုးထောင်ပေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် တောင်ကြီးပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ဆရာမကြီး ဒေါ်နှင်းကြူဦးက လက်ရှိဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းဆောင်ရွက်ချက်များနှင့် ဆောင်ရွက်ဆဲစီမံကိန်းများ၊ ဖွင့်လှစ်လျက်ရှိသည့် သင်တန်းများနှင့် ထပ်မံဖွင့်လှစ်မည့် သင်တန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့အတူ ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းသည် တောင်ကြီးမြို့ တောင်ကြီးတက္ကသိုလ်၊ တောင်ကြီးမြို့နယ် ညောင်ရွှေမြို့ အခြေခံပညာအထက်တန်းကျောင်း(အောင်သပြေ)၊ ကလောမြို့နယ် ဟဲဟိုးမြို့ အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်းနှင့် အောင်ပန်းမြို့ အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်းတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

**❂ ရွှေဖုံးမှ**

ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဖေဖော်ဝါရီ ၂၈ ရက်အထိ ဝင်ရောက်ဖူးမြော်ကြသော ပြည်တွင်းပြည်ပမှ ဘုရားဖူးဧည့်သည်စာရင်းအရ ဇန်နဝါရီလတွင် သံဃာတော် ၁၂၄၇၁ ပါး၊ သာသနာ့နွယ်ဝင်သီလရှင် ၇၇၇၃ ပါး၊ အမျိုးသား ၄၁၀၆၆၅ ဦး၊ အမျိုးသမီး ၅၁၈၃၃၈ ဦး၊ နိုင်ငံခြားသား ၂၆၇၇ ဦးနှင့် နိုင်ငံခြားသူ ၂၆၃၂ ဦးတို့ဖြင့် စုစုပေါင်း ၉၅၄၅၅၆ ဦးရှိခဲ့ကြောင်း သိရသည်။ ဖေဖော်ဝါရီလတွင် သံဃာတော် ၁၀၅၃၂ ပါး၊ သာသနာ့နွယ်ဝင်သီလရှင် ၅၁၅၅ ပါး၊ အမျိုးသား ၃၉၀၆၂၆ ဦး၊ အမျိုးသမီး ၄၆၈၀၄၄ ဦး၊ နိုင်ငံခြားသား ၂၉၅၆ ဦးနှင့် နိုင်ငံခြားသူ ၃၂၀၆ ဦး စုစုပေါင်း ၈၈၀၅၁၉ ဦးရှိရာ နှစ်လတာကာလအတွင်း ပြည်တွင်းပြည်ပမှ ဘုရားဖူးဧည့်သည် စုစုပေါင်း ၁၈၃၅၀၇၅ ဦး ဝင်ရောက်ဖူးမြော် ကြည်ညိုခဲ့ကြကြောင်း သိရသည်။

ယခုအခါ လာရောက်ဖူးမြော်ကြည်ညိုကုသိုလ်ယူကြသော ပြည်တွင်း ပြည်ပမှ ဘုရားဖူးဧည့်သည် အနည်းငယ် ပိုမိုများပြားလာခဲ့ရာ နေ့စဉ်လာရောက် ဖူးမြော်ကြည်ညိုကုသိုလ်ယူကြသော ဘုရားဖူးဧည့်သည်ဦးရေမှာ တစ်ရက်လျှင် ၂၀၀၀၀ ကျော်အထိ ဝင်ရောက်ဖူးမြော်လျက်ရှိသည်။ အစိုးရရုံးပိတ်ရက်ဖြစ်သော စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များတွင်လည်း ဘုရားဖူးဧည့်သည် ၃၀၀၀၀ နှင့် ၅၀၀၀၀ ဝန်းကျင်ကြား လာရောက်ဖူးမြော်ကြည်ညို ကုသိုလ်ယူကြကြောင်း ရွှေတိဂုံစေတီတော်ဘဏ္ဍာထိန်းဂေါပကအဖွဲ့ဝင်ဦးဘိုးသင်းထံမှ သိရသည်။

**သတင်း- ပွင့်သစ္စာ**

**ဓာတ်ပုံ- စိုးမြင့်အောင်**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် မတ် ၄**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေကာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မိုး/ဇလ**




## အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ကော်မရှင်အပါအဝင် အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသည့် ရုံးဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111 " အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ဝန်ဆောင်မှုရယူခဲ့သည့် ဌာန/အဖွဲ့အစည်းထံမှ မိမိတို့၏ လက်ကိုင်ဖုန်းများသို့ ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ Short Code နံပါတ် "1111" ဖြင့် SMS များ ပေးပို့မေးမြန်းလာပါက မှန်ကန်စွာပြန်လည်ဖြေကြား၍ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် သက်ဆိုင်ရာဌာနများ၏ ဝန်ဆောင်မှုလုပ်ငန်း အရည်အသွေးနှင့် လိုအပ်ချက်များကို အချိန်မီပြုပြင်နိုင်မည်ဖြစ်ပြီး ပြည်သူများအနေဖြင့်လည်း ပိုမိုကောင်းမွန်သည့်ဝန်ဆောင်မှုများကို ရရှိလာမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် Short Code နံပါတ် "1111" ဖြင့်ပေးပို့လာသည့် မေးခွန်းများကို ပြန်လည်ဖြေကြားခြင်းဖြင့် အဂတိပယ်ခွာ ပြည်သာယာရေး ပူးပေါင်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

# မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် အောင်မြင်ဖြစ်ထွန်းစေမည့် မိုးကြိုနေကြာစပ်မျိုးများ ထုတ်လုပ်ပေးနိုင်ရေး ကြိုးပမ်း

နေပြည်တော် မတ် ၄

ပြည်တွင်းဖြစ် စပ်မျိုးနေကြာ ဆင်းရွှေကြာ(၁) စပ်မျိုးအား စံထားမျိုးအဖြစ်အသုံးပြု၍ စပ်မျိုးနေကြာမျိုးသစ်ခြောက်မျိုးကို မျိုးယှဉ်ပြိုင်စမ်းသပ်ဆောင်ရွက်ပြီး နေပြည်တော်နှင့် မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းစေမည့် မိုးကြိုနေကြာ စပ်မျိုးများထုတ်လုပ်ပေးနိုင်ရေးအတွက် ဆက်စပ်ဌာနပေါင်းစုံနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

အဆိုပါမျိုးများ ယှဉ်ပြိုင်စမ်းသပ်ဆောင်ရွက်နေသည့် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဘဲကုန်းကျေးရွာနှင့် သစ်တပ်အုပ်စု ကြို့ပင်ကျေးရွာများရှိ စံပြစိုက်ကွင်းသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် တာဝန်ရှိသူများက ယနေ့ နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။



ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် တောင်သူများကိုယ်တိုင် ပါဝင်ဆောင်ရွက်လျက်ရှိသော နေကြာစပ်မျိုး သုတေသနလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးစဉ် ဒုတိယဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးနှင့်အတူ သီးနှံမျိုးများအလိုက် မျိုးကောင်း မျိုးသန့် မျိုးစေ့များ လွယ်ကူစွာသုံးစွဲနိုင်ရေးနှင့် မျိုးစေ့ထုတ်လုပ်ငန်းတွင် တောင်သူများကိုယ်တိုင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးကိုလည်း အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသမီးတောင်သူ အချို့ညီပါဝင်သော တောင်သူအစုအဖွဲ့များစုဖွဲ့၍ နေကြာစိုက်ပျိုးနည်း၊ နေကြာမျိုးထိန်းနည်း၊ မြေဆီလွှာ ပြုပြင်ထိန်းသိမ်းနည်းနှင့် သွင်းအားစုဆိုင်ရာ နည်းစနစ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နေပြည်တော်ကောင်စီနယ်မြေကို နေကြာမျိုးစေ့ထုတ်ဖုန်အဖြစ် အကောင်အထည်ဖော်ဆောင်သွားမည်ဖြစ်ကြောင်း၊ နေပြည်တော်၏ အောင်မြင်မှုကို စံပြဖြစ်စေပြီး တိုင်းဒေသကြီး ပြည်နယ်များ၌ တောင်သူများပူးပေါင်းပါဝင်သည့် နေကြာမျိုးစေ့ထုတ်ဖုန်များ တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက်တစ်ဆင့် ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများသည် တဲကြီးကုန်းကျေးရွာစံပြစိုက်ကွင်းတွင် စက်မှုလယ်ယာဦးစီးဌာနက သုတေသနပြုဆောင်ရွက်ထားရှိသော ဆွေးမြည့်မှုမြန်ဆန်သည့် လေပေးစနစ်ဖြင့် သစ်ဆွေးမြေဆွေးပြုလုပ်နည်းကို တောင်သူများကိုယ်တိုင် အလွယ်တကူဆောင်ရွက်နိုင်ရေး နည်းပညာပေးပြသနေမှုကို ကြည့်ရှုစစ်ဆေးအားပေးကြသည်။

စိုက်ပျိုးရေးလုပ်ငန်းတွင် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာကို အချိုးကျရောနှောအသုံးပြုခြင်းဖြင့် သီးနှံအထွက်ကိုမထိခိုက်စေဘဲ သွင်းအားစုစရိတ်လျှော့ချနိုင်မည်ဖြစ်၍ ကျေးရွာအမှိုက် လယ်ယာမြေရတနာသိုက်ဆိုသည့် ဆောင်ပုဒ်နှင့်အညီ မိမိအိမ်၏ စွန့်ပစ်အမှိုက်များ၊ ကျေးရွာရှိသစ်ရွက်အမှိုက်များကို တောင်သူများ မြေဆွေးပြုလုပ်သုံးစွဲနိုင်ရန် နည်းပညာပေးလုပ်ငန်းများ၊ အသိပညာပေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# စိုက်ပျိုးရေးလုပ်ငန်းနှင့် စားသုံးသူပြည်သူများအကျိုးရှိစေရန် စတုတ္ထအကြိမ် မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှုရန်ပုံငွေအစီအစဉ်ဖြင့် မြေဆီလွှာနှင့် ရေတွင်ပါဝင်သည့်သတ္တုများ စစ်ဆေးပြုစုမည်

နေပြည်တော် မတ် ၄

အစားအစာ ဘေးကင်းလုံခြုံရေးအတွက် စိုက်ပျိုးထုတ်လုပ်ရာတွင် အသုံးပြုသည့် မြေဆီလွှာနှင့် ရေအရင်းအမြစ်များ ကောင်းမွန်ရန်လိုအပ်ပြီး ရေရှည်တည်တံ့သော စိုက်ပျိုးထုတ်လုပ်မှုဖြစ်စေရေးနှင့် အာဟာရပြည့်ဝသော စားနပ်ရိက္ခာများ ဖူလုံပိုလျှံစွာ ထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဆက်စပ်ဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံတွင် ဘေးအန္တရာယ်ကင်းသော စားနပ်ရိက္ခာ စိုက်ပျိုးထုတ်လုပ်နိုင်ရန်အတွက် မြေဆီလွှာနှင့် ရေတွင်ပါဝင်လျက်ရှိသော သတ္တုများအား စစ်တမ်းကောက်ယူခြင်း စီမံကိန်းကို မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှုရန်ပုံငွေ အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။




အဆိုပါ စီမံကိန်း၏ ကျွမ်းကျင်ပညာရှင်များ အစည်းအဝေးကို ယနေ့နံနက်ပိုင်းက နေပြည်တော် အမရာဟိုတယ်၌ ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန နည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ စိုက်ပျိုးရေး တက္ကသိုလ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ စီမံကိန်း ဦးဆောင်ကော်မတီဝင်များ၊ အလုပ်အမှုဆောင် ကော်မတီဝင်များ တက်ရောက်ဆွေးနွေးကြသည်။

စိုက်ပျိုးရေး လုပ်ငန်းနှင့် စားသုံးသူပြည်သူများ အကျိုးရှိစေရန် စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးဌာနခွဲက စီမံကိန်းရေးဆွဲ အဆိုပြုတင်ပြသည့် မြန်မာနိုင်ငံတွင် ဘေးအန္တရာယ်ကင်းသော စားနပ်ရိက္ခာစိုက်ပျိုးထုတ်လုပ်နိုင်ရန်အတွက် မြေဆီလွှာနှင့် ရေတွင်ပါဝင်လျက်ရှိသော သတ္တုများအား စစ်တမ်းကောက်ယူခြင်း စီမံကိန်းကို စတုတ္ထအကြိမ် မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှု ရန်ပုံငွေ အစီအစဉ်က ရွေးချယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ စီမံကိန်းအနေဖြင့် စက်ရုံအလုပ်ရုံများ၏ စွန့်ပစ်ရေများ၊ သတ္တုသန့်စင်လုပ်ငန်းများမှ ဓာတုပစ္စည်းများ၊ အတိုင်းအဆမဲ့ အသုံးပြုသည့် စိုက်ပျိုးရေးသွင်းအားစုများ စသည့်အကြောင်းအမျိုးမျိုးကြောင့် မြေဆီလွှာနှင့် ရေတွင် ပျော်ဝင်နေသည့် သတ္တုဓာတ်များ၏ လူနှင့် တိရစ္ဆာန်များအား ဘေးဥပဒ်ဖြစ်စေနိုင်မှုကို စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ပြီး ရရှိလာသည့် အချက်အလက်များကို မြေပုံရေးဆွဲအသုံးပြုခြင်း၊ ဘေးအန္တရာယ် ကြိုတင်တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် အသုံးပြုခြင်း၊ ဒေသတွင်းနိုင်ငံများနှင့် အချက်အလက်များ မျှဝေဖလှယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# သူ့မြေမှာ ဖြူပြာပွင့်ရင်ဖြင့် ကိုယ့်မြေမှာ နီဝါတင့်စေဖို့ . . . လူသာလျှင်ပဓာန

နွေကုံကော်(မြို့လှ)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်တွေတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားခဲ့သည့် သတင်းကို ၂၆-၂-၂၀၂၃ ရက်က မြဝတီရုပ်မြင်သံကြားတွင် ကြည့်လိုက်ရပါသည်။ **“မည်သည့်ကိစ္စတွင်မဆို လူသာလျှင် အရေးအကြီးဆုံးဖြစ်ကြောင်း၊ လူသာလျှင် ပဓာနဟု ဆိုကြခြင်းဖြစ်ကြောင်း၊ နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့်အရေးကိစ္စအားလုံး၌ လူပါဝင်ဆောင်ရွက်ရပြီး လူ၏ဦးဆောင်မှု၊ လူ၏လိုက်နာဆောင်ရွက်မှု၊ လူ၏ပြုပြင်ဖန်တီးမှုတို့သည် အဓိကကျကြောင်း၊ ထို့ကြောင့် လူတစ်ဦးချင်း အရည်အသွေး၊ အရည်အချင်းမြင့်မားနေစေရေး ဆောင်ရွက်ရမည်”** ဟူသော လမ်းညွှန်ချက်ကို ရုပ်မြင်သံကြားမှတစ်ဆင့်နာခံရင်း အခုရက်ပိုင်းအတွင်း ကျွန်တော့်အာရုံထဲရှိနေသည့် အကြောင်းအရာလေးတစ်ခု ခေါင်းထဲပြန်ရောက်လာခဲ့သည်။ လက်ရှိ ကျွန်တော်နေရသည့် အိမ်သစ်သို့ပြောင်းရွှေ့ခဲ့သည်မှာ လပိုင်းမျှသာရှိပါသေးသည်။

“ကျောက်မြေတွေဖြစ်လို့ ဖြစ်လောက်မှာ မဟုတ်ဘူးနော် ”

“ဟုတ်တယ် ရေကလည်း နွေရောက်လို့ရှားပြီ”

လက်ရှိအိမ်သစ်လေးကို ပြောင်းလာပြီး နောက်တစ်နေ့မှာပင် အိမ်ရှေ့မြေကွက်လပ်တွင် စံပယ်ပင်များစိုက်နေသည့်ကျွန်တော့်ကို ဘေးအိမ်က လုပ်ဖော်ကိုင်ဖက်များရော ဇနီးသည်ကပါ အထက်ပါအတိုင်း မဖြစ်နိုင်ရေးအမြင်ကို ဆိုခဲ့ကြသည်။ သူတို့မှမဟုတ်ပါ။ တခြားမည်သူမဆို အများစုက ထိုသို့သာပြောကြမည်ဖြစ်ပေသည်။ တကယ်တမ်းမှာလည်း ကျွန်တော်နေရမည့် လိုင်းခန်းသစ်လေးကို ဆောင်းအကုန်နွေအကူး ကာလတွင် ရောက်ရှိခဲ့ခြင်းဖြစ်သလို နေရသည်မှာလည်း နေပြည်တော်ကဲ့သို့နေရာဖြစ်၏။ နွေရောက်တိုင်း ပူလွန်းလှသည့် အပူပြဿနာအပြင် ရေဒုက္ခကလည်း မသေးလှပေ။ ထိုအချိန်မျိုး၌ အပင်စိုက်ရန်ပြင်သော ကျွန်တော့်အား သူတို့ ထူးဆန်းကြသည်မှာ အလွန်တော့မဟုတ်။ သို့သော်လည်း ကျွန်တော့်တွင် ခံယူချက်နှင့် ယုံကြည်ချက်တစ်ခုရှိသည်။ ယခုအချိန်မှာတော့ သူတို့ကိုဘာမျှပြန်မပြောဖြစ်ခဲ့။ တာဝန်ထမ်းဆောင်ခဲ့ဖူးသည့် တပ်အသီးသီးရှိ ရိပ်သာများတွင် သီးပင်စားပင်နှင့် အရိပ်ရပင်လေးများစိုက်လေ့ရှိသည်မှာ ကျွန်တော့်အကျင့်ပင်ဖြစ်သည်။ ရှေ့တန်းနောက်တန်း နေရာမရွေးဘဲ ရသည့်အချိန်၊ ရသည့်နေရာတွင် စိုက်ပျိုးသည်။ ရှေ့လူများ စိုက်ပျိုးခဲ့သော အသီးအရွက်များကို စားရတိုင်း သူတို့ကိုကျေးဇူးတင်မိသည်။ အရိပ်ခိုရတိုင်းလည်း ထိုနည်းတူစွာပင်။

**စိမ်းစိုဝေဆာစွာသီးပွင့်လာကြ**

နှစ်လတာအတွင်းမှာပင် အိမ်သစ်လေးရှေ့စိုက်ပျိုးထားသည့် ချဉ်ပေါင်၊ ကိုက်လန်၊ တိုင်ထောင်ပဲ၊ ကန်စွန်း၊ ရုံးပတီ စသည့် စိုက်ပေါင်အသီးသီးမှ အသီးအရွက်များက စိမ်းစိုဝေဆာစွာသီးပွင့်လာကြသည်။ မဖြစ်လောက်ပါဘူးဟု အများထင်ထားကြသည့် စံပယ်ပင်လေးများက စိုက်ထားသည့်အပင်တိုင်းလိုလို ရွက်စိမ်းလေးများ ဝေလာကြသည်။ တစ်ပင် ၃၀၀၀ နှုန်းဖြင့် ဝယ်စိုက်ထားသော ကံ့ကော်ပင်လေးနှင့် မိတ်ဆွေတစ်ဦးဆီမှ တောင်းထားသော ကံ့ကော်ပင်လေးများကလည်း ဆက်လက်ရှင်သန်နေကြပြီမို့ အပွင့်ပွင့်မည့်အချိန်ကိုသာ ကျွန်တော်မျှော်မိသည်။ စိုက်ချင်သည့်အပင်အားလုံး ဝယ်စိုက်ရန် မတတ်သာသည်မို့ လိုင်းထဲမှ မိသားစုဝင်များဆီမှ စံပယ်ပင်တောင်းသလို ဟိုလူ့ဆီက သနပ်ခါးပင်တောင်း၊ ဒီလူ့ဆီက နှင်းဆီ၊ ရွက်လှများ တောင်းကာ ကျွန်တော့်အိမ်ရှေ့လေးကို တန်ဆာဆင်ခဲ့ရသည်။ နွေဝင်တော့မည်မို့ အပင်မစိုက်ခင် ပေါင်းအရင်ဖော်သည်။ ကျောက်မြေမို့ ကျောက်သားများ မကျန်အောင်လုပ်ရသည်။ မလုပ်လျှင် ဘာမှဖြစ်မလာမည်မို့ ညနေရုံးဆင်းပြီဆိုသည်နှင့် ပေါက်တူးဆွဲကာ တစ်ပေါင်ပြီးပြီး၊ နှစ်ပေါင်ပြီးပြီး ဟူသောခံယူချက်ဖြင့် စိုက်ခင်းပေါင်လေးများကို အစပျိုးခဲ့ရခြင်းဖြစ်သည်။

ထို့နောက် ရေလောင်းပြီးထားလိုက်သည်။ တပ်ရင်း နွားခြံနှင့် ဆိတ်ခြံတို့မှ နွားချေး၊ ဆိတ်ချေးများအား ဆိုင်ကယ်ဖြင့်သွားသယ်သည်။ ရုံးဖွင့်ရက်ပင်ဖြစ်လင့်ကစား နေ့လယ်ထမင်းစားချိန် အိမ်ပြန်တိုင်း စိုက်ခင်းလေးအခြေအနေကို ဝင်ဝင်ကြည့်မိသည်။ စိုက်ပျိုးနည်း စနစ်တကျသိ၍ စိုက်ခြင်းတော့မဟုတ်ပေ။ သို့သော် စိုက်ရင်းပျိုးရင်း တတ်ကျွမ်းသူများဆီမှ အကြံဉာဏ်များယူရင်းဖြင့် ကိုယ်လိုချင်သည့် စိုက်ခင်းပုံစံလေးတစ်ခုကို ဖန်တီးလာနိုင်ခဲ့သည်။

မနက်မိုးလင်းမျက်နှာသစ်လျှင် စိုက်ခင်းလေးထဲပတ်ရင်း သွားတိုက်၊ မျက်နှာသစ်သည်။ ရေရှားသဖြင့် ရေချိုးချိန်တိုင်း စိုက်ခင်းထဲဝင်ချိုးသည်။ အိမ်ထဲရေချိုးခန်းမှထွက်သည့်ချိုးရေ၊ အဝတ်လျှော်ရေကို အိမ်ပြင်တွင် သားနို့မှုန့်ဘူးခွံလေးဖြင့်ခံထားသည်။ ထိုရေအား သံပရာပင်ခြေသို့လောင်းရသည်။ အားလုံးတစ်ပြေးညီစိုက်ပျိုးခဲ့သော်လည်း ချဉ်ပေါင်ကို ဦးဆုံးစားရသည်။ ထို့နောက်မှ ပဲသီးနှင့် ရုံးပတီတို့ လိုက်လာသည်။ များများစိုက်တော့ များများပင်ပန်းသလို များများလည်းစားရသည်။ ဘူးညွှန့်လေးများက အခုဆို တလူလူဖြစ်နေပါပြီ။ မကြာမီ သီးတော့မည်။ သီးသည်ဖြစ်စေ၊ မသီးသည်ဖြစ်စေ စိမ်းစိုပြီး အညွှန့်တလူလူတက်နေသည့် အပင်လေးတွေကိုမြင်တွေ့ရသည်မှာ စိတ်ကြည်နူးစရာကောင်းလှသည်။ ထိုအရာကား ကျွန်တော်တစ်ဦးတည်း ခံစားရသည့် ကြည်နူးခြင်းမဟုတ်။ သစ်ပင်စိုက်သူတိုင်းခံစားရသော ခံစားမှုပင်ဖြစ်သည်။

ကျင်းတူး၊ မြေပြင်၊ မြေဩဇာထည့်၊ ရေပုံမှန်လောင်းပေးနိုင်ခဲ့ခြင်း အကျိုးကျေးဇူးတို့ကြောင့် အပင်လေးများ ရှင်သန်ဖွံ့ထွားခဲ့သည်။ စိုက်ပျိုးရေးသမားစစ်စစ်ကဲ့သို့ ရာနှုန်းပြည့်အောင်မြင်သည်ဟု မဆိုသာသော်လည်း ကိုယ့်တစ်အိမ်နှင့် ပိုလျှံသည်များကို ဘေးအိမ်လေးများသို့ ဝေငှနိုင်ခဲ့ပါပြီ။ စိုက်ခင်းထဲဝင်လွန်းလှသော ကျွန်တော့်အား ဇနီးသည်က “အားရင်စိုက်ခင်းထဲပဲ သွားနေတော့တာပဲ ”ဟု ဆိုသည်အထိဖြစ်ရသည်။ တကယ်တော့ အထက်တွင် တင်ပြခဲ့သလို ကျွန်တော်စိုက်ပျိုးခြင်းသည် ကိုယ့်အိမ်လေး စိမ်းစိုအေးချမ်းခြင်းပုံရိပ်ကို မျှော်ကိုး၍ဖြစ်သည်။ မြင်သူတိုင်းကိုလည်း စိတ်ကြည်နူးစေလိုသည်။ စားပင်သီးပင်များမှရရှိသော အသီးအပွင့်များကြောင့် မီးဖိုချောင်စရိတ်ဖာထေးနိုင်သလို နှင်းဆီ၊ စံပယ်၊ ရွက်လှ၊ သပြေအစရှိသည့် အပင်လေးများ ကြီးထွားလာပါကလည်း ကိုယ့်အိမ်ဘုရားစင်သို့ ကြည်နူးစွာဆက်ကပ်နိုင်ပါဦးမည်။ ကိုယ့်တစ်အိမ်စာရှေ့ စိုက်ပျိုးပြီးသည့်နောက် အများနှင့်ဆိုင်သည့်နေရာများတွင်လည်း ခရေ၊ ပိတောက်၊ ရေတမာ၊ စိန်ပန်းပင်လေးများကို ကျွန်တော်စိုက်ပျိုးပေးနိုင်ခဲ့သည်။ ဤအပင်များ ကြီးထွားချိန်တွင် ကျွန်တော်လက်ရှိနေရာ၌ ရှိဖို့မသေချာသော်လည်း စိုက်ခဲ့ချင်သည်မှာ ကျွန်တော့်ဆန္ဒသာဖြစ်သည်။ ရှေ့လူများစိုက်ခဲ့သဖြင့် ကျွန်တော်တို့အိမ်ရှေ့တွင် ရင်ကွဲသရက်ပင်ကြီး ယခုဆို သီးကင်းလိုက်နေပါပြီ။ မကြာမီ ကျွန်တော်တို့ စားရပါဦးမည်။ ယခုဆို ထိုသရက်ပင်အောက်တွင် ကွပ်ပျစ်လေးပါပြုလုပ်ထားခဲ့ပြီဖြစ်သည်။

**လူသားတို့ဆီမှ မြစ်ဖျားခံ**

တကယ်တော့ ကျွန်တော်ကိုယ်တိုင်က ကျန်းမာရေးအလုံးစုံကောင်းသူမဟုတ်ပါချေ။ နှလုံး၊ သွေးတိုးရောဂါသည်မဟုတ်သော်ငြား လူအများစုကြုံရလေ့ရှိသည့် ခါးနာဝေဒနာကို နှစ်ရှည်လများ ခံစားနေရသူဖြစ်၏။ ရိုးရိုးအဆင့်မဟုတ်ဘဲ ခွဲစိတ်ကုသမှုအထိ ခံယူထားရသည်။ လမ်းလျှောက်လျှင် ခါးက စောင်းနေသည်ကို တော်တော်များများက သတိပြုမိကြသည်။ မြင်နေကျလူများကသာ မထူးဆန်းသော်လည်း တခြားသူများအတွက် အမြင်တစ်မျိုးဖြစ်နေသည်။ ခါးဝေဒနာကြောင့်ပင် ကွန်ပျူတာစာစီရာတွင် ကြာကြာထိုင်ရိုက်၍မရပေ။ စာပေဝါသနာပါသူမို့ စာစီစာရိုက်ကို ထိုင်၍တစ်မျိုး၊ မတ်တတ်တစ်ဖုံ၊ ဝမ်းလျားမှောက်တစ်နည်းဖြင့် ရိုက်ရသည်။ အကျိုးဆက်အားဖြင့် ကျွန်တော် ရေးချင်သောစာများ ရေးနိုင်ခဲ့သည်။ လိုချင်သော စာပေဆုများရခဲ့သည်။ ခါးဝေဒနာနှင့် မိသားစု အပူသောကများကြားမှသာ အာရုံစိုက်ထားပါက စာများလည်းရေးဖြစ်မည်မဟုတ်။ ယခု အများက မဖြစ်နိုင်ဟု ထင်မှတ်ထားကြသော ကျွန်တော့် စိုက်ခင်းလေးကိုလည်း ထိုနည်းအတိုင်း ကျင့်ကြံလျက် နွေကိုအန်တုကာ ရေနိုင်အောင်လောင်းပေးခဲ့သည်။ အပင်က လက်ခံနိုင်သည့်မြေဖြစ်လာအောင် ကြိုးစားပေးခဲ့သည်။ လူသာအဓိကဖြစ်သည်။ လူသားတို့၏ တီထွင်ကြံဆမှုဖြင့်သာ ကြေးခေတ်၊ ကျောက်ခေတ်၊ သံခေတ်များမှသည် စက်မှုသိပ္ပံပညာရပ်များ ထွန်းကားလာခဲ့ခြင်းနှင့်အတူ အာကာသဆီ ခြေဆန့်နိုင်ခဲ့ခြင်းဖြစ်သည်။ ယနေ့ ကမ္ဘာတွင် ဖြစ်ပေါ်ပြောင်းလဲနေသော အရာမှန်သမျှသည် လူသားတို့ဆီမှ မြစ်ဖျားခံခဲ့ခြင်းပင်ဖြစ်သည်။ **“စိတ္တေန နီယျတေ လောကော”** ဟူသည့်အတိုင်း စိတ်၏ဆွဲဆောင်ရာနောက်သို့ လိုက်ပါကြရခြင်းဖြစ်၏။ စိတ်၏ဆွဲဆောင်ရာနောက်သို့ လိုက်ပါကြသည့် လူသားတို့၏ ပြုမူဆောင်ရွက်ချက်များဖြင့်သာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးရာအဖြာဖြာသည် အကောင်း၊ အဆိုးဟူ၍ ဖြစ်လာကြခြင်းဖြစ်ပေသည်။ လူကောင်းလူတော်တို့ထံတွင် မွန်မြတ်သန့်စင်သော နှလုံးသားများရှိကြ၏။ **“လမ်းကောင်း လမ်းဆိုး၊ ထိုနှစ်မျိုးတွင်၊ ဆိုးကောင်းဟူဘိ၊ မြင်အသိကို၊ မိမိစိတ်သာဖန်ဆင်း၏”** ဟူသော ကဗျာလေးအတိုင်း လူသားတို့၏ စိတ်နှလုံးသားအခံကသာ အရာရာကို ဆုံးဖြတ်ပေးသွားမည်ဖြစ်သည်။

မိမိတို့နိုင်ငံထက် ပိုမိုဆိုးရွားစွာ စစ်ဘေးဒဏ်ခံခဲ့ရသည့်နိုင်ငံများ ယနေ့မိမိတို့ရှေ့ကရောက်နေသည်ကို သတိပြုမိပါက လူသာလျှင် ပဓာနကျသည်ကို တွေ့မြင်ရပေမည်။ ထိုနည်းတူစွာ မိမိတို့လွတ်လပ်ရေးရပြီးချိန်မှ နိုင်ငံအဖြစ်ပေါ်ထွန်းလာသော နိုင်ငံအချို့သည်လည်း ကိုယ်တွေထက် ရှေ့ရောက်နေသည်မှာ ကောင်းသည့်ဘက်တွင် စုစည်းညီညာသောတိုင်းသူပြည်သားတို့၏ စွမ်းအားကြောင့်သာ ဖြစ်ပေသည်။ အတိတ်ကို လက်ညှိုးညွှန်၍ အကြောင်းပြချက် မရှိနိုင်သော ခေါင်းစဉ်များသည် နိုင်ငံတော်ဖွံ့ဖြိုးရေးကို အထောက်အကူပြုနိုင်လိမ့်မည်မဟုတ်ပါချေ။ **စာမျက်နှာ ၁၁ သို့** ☆

**❖ ယနေ့ကမ္ဘာတွင် ဖြစ်ပေါ်ပြောင်းလဲနေသော အရာမှန်သမျှသည် လူသားတို့ဆီမှမြစ်ဖျားခံခဲ့ခြင်းပင်ဖြစ်သည်။ “စိတ္တေန နီယျတေ လောကော” ဟူသည့်အတိုင်း စိတ်၏ဆွဲဆောင်ရာနောက်သို့ လိုက်ပါကြရခြင်းဖြစ်၏**

**❖ မိမိတို့နိုင်ငံထက် ပိုမိုဆိုးရွားစွာ စစ်ဘေးဒဏ်ခံခဲ့ရသည့်နိုင်ငံများ ယနေ့မိမိတို့ရှေ့ကရောက်နေသည်ကို သတိပြုမိပါက လူသာလျှင် ပဓာနကျသည်ကို တွေ့မြင်ရပေမည်။ ထိုနည်းတူစွာ မိမိတို့လွတ်လပ်ရေးရပြီးချိန်မှ နိုင်ငံအဖြစ်ပေါ်ထွန်းလာသော နိုင်ငံအချို့သည်လည်း ကိုယ်တွေထက် ရှေ့ရောက်နေသည်မှာ ကောင်းသည့်ဘက်တွင် စုစည်းညီညာသောတိုင်းသူပြည်သားတို့၏ စွမ်းအားကြောင့်သာဖြစ်ပေသည်။ အတိတ်ကိုလက်ညှိုးညွှန်၍ အကြောင်းပြချက်မရှိနိုင်သော ခေါင်းစဉ်များသည် နိုင်ငံတော်ဖွံ့ဖြိုးရေးကို အထောက်အကူပြုနိုင်လိမ့်မည်မဟုတ်ပါချေ**

☆ စာမျက်နှာ ၁၀ မှ
စစ်ဘေးစစ်ဒဏ်သင့်ခြင်းကြောင့်လည်းကောင်း၊ သဘာဝဘေးဒဏ်ကြုံရခြင်းကြောင့်လည်းကောင်း အချို့နိုင်ငံများ ပျက်စီးဆုံးရှုံးမှုများဖြစ်ကြရသည်။ သို့သော် နှစ်ပိုင်းအတွင်းမှာပင် မူလနေရာရောက်အောင် သူတို့ပြန်ကြိုးစားနိုင်ခဲ့ကြသည်။ လူသာလျှင် ပဓာနပါပေ။ လောကနီတိတွင် **“နိမ့်ကျသူ၏ သားပင်ဖြစ်လင့်ကစား မင်းအမတ်ဖြစ်နိုင်၏။ သူမိုက်၏သားပင်ဖြစ်လင့်ကစား ပညာရှိဖြစ်နိုင်၏။ ဥစ္စာမရှိသူ၏ သားပင်ဖြစ်လင့်ကစား ကြွယ်ဝချမ်းသာနိုင်၏”** ဟူ၍ ပြဆိုထားသည်ကို မှတ်သားရသည်။ ထို့ပြင် ငယ်စဉ်က သင်ကြားခဲ့ရသည့် ကျေးညီနောင်ပုံပြင်လေးကိုလည်း အမှတ်ရမိပြန်သည်။

ကျွန်တော့်အနေဖြင့် “**တစ်သက်လုံးပျော်ချင်ရင် သစ်ပင်စိုက်**”ဟူသောထုံးကိုနှလုံးမူလျက် ရှေးက စိုက်ခဲ့ပျိုးခဲ့သူများ၏ကျေးဇူးကို သတိရအောက်မေ့ကာ သစ်ပင်များထပ်စိုက်နေသည်။ ဥစ္စာဖြို့ စားဖို့က မဖြစ်ရလေအောင်လည်း အိမ်နောက်ဖေး စိုက်ခင်းလေးများကို ပုံဖော်နေသည်။ ကိုယ်ပြောင်းရွှေ့သွားသော်နောက်လူများအတွက်ဟူသော စိတ်ကိုမွေးမြူကာ ကြုံရသည့် မြေပြင် ရာသီဥတုအခက်အခဲများကို စိတ်ရှည်ရှည် ရင်ဆိုင်လျက် စိုက်ခင်းလေးအတွက် အချိန်ပေးနေဆဲဖြစ်သည်။

ထို့ပြင်

**“သူ့မြေမှာ ဖြူပြာပွင့်ရင်ဖြင့်**
**ငါ့မြေမှာ နီဝါတင့်ရမပေါ့**
**အခွင့်အခါမျှော်လို့**
**ဥယျာဉ်တော် သာယာရေးကိုလ**
**ရှုမြင်မြော် အခါခါတွေးပါလို့**
**မနေးပင် အားအင်ထုတ်လို့ရယ်**
**ပေါင်းနုတ်ဖို့ခဲ့။ ။”**

ဟူသည့် ငယ်စဉ်က သင်ခဲ့ရသည့် ဆရာမ ငွေတာရီ၏ သာသည့်မြေသို့ ကဗျာလေးထဲကအတိုင်း သူတစ်ပါးခြံဝင်းအတွင်းမှ စိုက်ခင်းလေးများနှင့် ပန်းအလှပင်လေးများ စိမ်းစိုဝေဆာနေသည်ကို မြင်တိုင်း ကိုယ့်အလှည့်အခွင့်ရသည့်အခါ ထိုသို့စိုက်မည်ပျိုးမည်ဟူသော အတွေးလေးများဖြင့် ကျွန်တော်စိုက်ခဲ့ပျိုးခဲ့ခြင်းဖြစ်သည်။ တကယ်ဖြစ်ချင် တကယ်လုပ်၊ အဟုတ်ဖြစ်ရမည်ဆိုသည်မှာ ကျွန်တော့်ခံယူချက်၊ ယုံကြည်ချက်ပင်ဖြစ်သည်။

တွေ့ဆုံပွဲအခမ်းအနား၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ထပ်မံ၍ လမ်းညွှန်အမှာစကားပြောကြားခဲ့ရာတွင် **“မိမိဘဝတိုးတက်ရေးအတွက် မိမိသာလျှင် အဓိကအရေးအကြီးဆုံးဖြစ်ကြောင်း၊ တပ်မတော်သားတစ်ဦးအနေဖြင့်လည်း အရည်အသွေး၊ အရည်အချင်းများကောင်းမွန်အောင် နေထိုင်ဆောင်ရွက်ကြရန် အရေးကြီးကြောင်း၊ တပ်မတော်သားများအားလုံးသည် အခြေခံအားဖြင့် စစ်အတတ်ပညာများ သင်ကြားပေးပြီးဖြစ်ကြောင်း၊ တိုက်ပွဲဝင်နိုင်ရန်အတွက် သင်ကြားပေးခြင်းဖြစ်ကြောင်း၊ ထုတ်ပေးထားသည့် လက်နက်များကိုလည်း ကျွမ်းကျင်စွာကိုင်တွယ်အသုံးပြုနိုင်ရန်လိုကြောင်း၊ တပ်မတော်သားကောင်းများဖြစ်စေရေး တပ်မတော်မှ အဆင့်ဆင့်ပညာရပ်များကို သင်ကြားလေ့ကျင့်ပေးနေခြင်းဖြစ်ကြောင်း၊ စစ်အတတ်ပညာများကို စစ်စည်းကမ်းကောင်းမွန်စေရန်နှင့် အမိန့်နာခံတတ်မှုရှိစေရန် သင်ကြားလေ့ကျင့်ပေးခြင်းဖြစ်သဖြင့် စစ်သည်တစ်ဦးချင်း စစ်စည်းကမ်းလိုက်နာပြီး မိမိအရည်အသွေးကို အမြဲထက်မြက်နေစေရန် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း”** တို့ကိုပါ ထည့်သွင်းပြောကြားခဲ့သည်။

ကိုယ်ရည်ကိုယ်သွေး ပြည့်ဝခြင်းသည် လူ့စွမ်းအားအရင်းအမြစ် ဖူလုံရေးအတွက် အထောက်အကူကောင်းပင်ဖြစ်သည်။ လူ့စွမ်းအားအရင်းအမြစ်ကောင်းပေါ်တွင် စိတ်ဓာတ်စည်းကမ်း ကောင်းမွန်မှုများကို ထပ်မံဖြည့်သွင်းလိုက်ခြင်းဖြင့် မိမိတို့နိုင်ငံအတွက် များစွာအကျိုးပြုလျက်ရှိသည်ကို အာရှတိုက်မှ ဂျပန်နိုင်ငံက သက်သေပြလျက်ရှိနေသည်။ ၂၀၁၁ ခုနှစ် အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲတွင် မိမိတို့ထက် အရပ်အမောင်း ဘောလုံးစွမ်းရည်သာလွန်သော အမေရိကန်အမျိုးသမီးဘောလုံးအသင်းကို အနိုင်ယူကာ ဂျပန်မလေးများက နိုင်ငံ့ဂုဏ်ကို ဆောင်ပေးခဲ့ကြသည်။ ထိုနှစ် ဂျာမနီနိုင်ငံ၌ ကျင်းပသည့် အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲသို့ လာရောက်ယှဉ်ပြိုင်ရာတွင် ဂျပန်အသင်းအနေဖြင့် အလွယ်တကူ လာရောက်ခဲ့ကြရသည်မဟုတ်ပေ။ ပြိုင်ပွဲမကျင်းပမီ ၂၀၁၁ ခုနှစ် မတ်လတွင် ဂျပန်နိုင်ငံသမိုင်းတစ်လျှောက် အကြီးမားဆုံး ငလျင်ကြီးလှုပ်ခတ်ခဲ့ရာ နောက်ဆက်တွဲအနေဖြင့် ပြင်းထန်သော ဆူနာမီလှိုင်းကြီးများ ရိုက်ခတ်မှုကိုပါ ထပ်မံရင်ဆိုင်ခဲ့ရသည်။ ရေလွှမ်းခြင်း၊ မြေပြိုခြင်း၊ မီးလောင်ခြင်း၊ အဆောက်အအုံများ ပျက်စီးခြင်းတို့အပြင် နျူကလီးယားဓာတ်ပေါင်းဖို မတော်တဆမှုများလည်း ဖြစ်ပွားခဲ့သည်။ ထိုထိုသော ထိတ်လန့်တုန်လှုပ်ဖွယ် အခက်အခဲများကြားမှ နိုင်ငံတော်အတွက် သမိုင်းမှတ်တမ်းကောင်း ရေးထိုးခဲ့ကြသော ဂျပန်မလေးများ၏ စိတ်ဓာတ်သည်ကား လေးစားဖွယ်ကောင်းလှပါ၏။ ထိုမျှမက တစ်ချိန်က အဏုမြူဗုံးဒဏ်ကို ခံခဲ့ရသေးသော်လည်း တိုင်းပြည်ကို ရှေ့တန်းရောက်အောင် ဆောင်ရွက်နိုင်ခဲ့သည်မှာ အစိုးရနှင့် ပြည်သူတည်းဟူသော “**လူ**”တို့၏ စုစည်းညီညွတ်မှုကြောင့်သာဖြစ်သည်ကို လေ့လာတွေ့ရှိခဲ့ရသည်။

အကြီးအကဲလမ်းညွှန်ချက်ကို မြဝတီရုပ်မြင်သံကြားမှတစ်ဆင့် နာခံမိရာမှ စိုက်ခင်းလေးဆီရောက်နေသောအတွေးများ ပြန်လည်နိုးထလာခဲ့သည်။ ထိုအခါ စိုက်ခင်းလေးမှတစ်ဆင့်တက်၍ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးအတွက်ဟူသော အတွေးများ ကျွန်တော့်နှလုံးသားထဲ ဆင့်ပွားလာမိသည်။ အကြီးအကဲလမ်းညွှန်သည့်အတိုင်း မိမိဘဝတိုးတက်ရေးအတွက် မိမိသာပဓာနကျသကဲ့သို့ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်စေရေးအတွက်လည်း မိမိတို့ တိုင်းသူပြည်သားအားလုံးတွင် ကိုယ်စီတာဝန်ရှိကြပေသည်။ ကောင်းသောရှေ့ခရီးရောက်ဖို့ တိုင်းရင်းသားပြည်သူများ၏ “**အား**”ကသာ အဓိကကျပါသည်။ စွမ်းရည်ပြည့်ဝသော အားအင်များရရှိစေရန် ကိုယ်စီကိုယ်ရည်ကိုယ်သွေးများ ပြည့်ဝနေကြဖို့ အရေးကြီးပေသည်။ ရိုးသားကြိုးစားမှုအပြည့်ဖြင့် စွမ်းရည်ပြည့်ဝစွာ လျှောက်လှမ်းနေသော လမ်းခရီးတွင် မဖြစ်နိုင်ဘူးဆိုသည့်အရာများ ရှိနေလိမ့်မည် မဟုတ်ပါချေ။ သူ့မြေမှာ ဖြူပြာပွင့်ပါက ကိုယ့်မြေမှာ နီဝါပွင့်ရေးအတွက် လူသာလျှင် ပဓာနဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။




# စာချုပ်စာတမ်းများမှတ်ပုံတင်ခြင်းဆိုင်ရာ ပဉ္စမအကြိမ် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**တောင်ကြီး မတ် ၄**

စာချုပ်စာတမ်းများမှတ်ပုံတင်ဥပဒေနှင့် လယ်ယာမြေဥပဒေတို့အရ စာချုပ်စာတမ်းများမှတ်ပုံတင်ခြင်းဆိုင်ရာ ပဉ္စမအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ဒေါ်ခင်သိန်းခန်းမဆောင်၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက လယ်ယာမြေဥပဒေအရ ရောင်း၊ ပေါင်၊ လဲ၊ ငှား၊ပေး စာချုပ်စာတမ်းများကိုလည်း မှတ်ပုံတင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ အဆိုပါဝန်ဆောင်မှုလုပ်ငန်းများသည် တောင်သူလယ်သမားများ၏ အကျိုးစီးပွားဖြစ်ထွန်းမှုနှင့် အခွင့်အရေးများကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ပေးနေခြင်းဖြစ်ကြောင်း၊ စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းလုပ်ငန်းအား ခေတ်နှင့်လျော်ညီစွာ မြန်မြန်ဆန်ဆန်ဆောင်ရွက်ပေးနိုင်ရေးအတွက် DDMS (Digital Deed Management System)စနစ်ကို အသုံးပြုဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ လယ်ယာမြေနှင့်ပတ်သက်သော စာချုပ်စာတမ်းများကိုလည်း ဥပဒေနှင့်အညီ မှတ်ပုံတင်ပေးရာ၌ FDMS (Farm Land Deed Management System)စနစ်ကို အသုံးပြုဆောင်ရွက်လျက်ရှိကြောင်း၊ အွန်လိုင်းမှ စာချုပ်စာတမ်းမှတ်ပုံတင်လုပ်ငန်းဆောင်ရွက်နိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအနေဖြင့် ပဉ္စမအကြိမ်မြောက် အလုပ်ရုံဆွေးနွေးပွဲကို တစ်နိုင်ငံလုံးတွင် ဇုန်နယ်မြေ ငါးခုခွဲခြားသတ်မှတ်၍ ကျင်းပခဲ့ရာ ယနေ့ တောင်ကြီးမြို့၌ ကျင်းပသောအလုပ်ရုံဆွေးနွေးပွဲသည် ပဉ္စမဇုန်ဖြစ်ပြီး မတ် ၄ ရက်မှ ၅ ရက်အထိ နှစ်ရက်တာ ကျင်းပမည်ဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦး၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် ရှမ်းပြည်နယ်အတွင်းရှိ ခရိုင်/ မြို့နယ်/ မြို့ရုံးများမှ ဝန်ထမ်း ၁၈၃ ဦး တက်ရောက်ဆွေးနွေးလျက်ရှိပြီး ကယားပြည်နယ်အတွင်းမှ ဝန်ထမ်းများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

## လမ်းညွှန်များ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ

**အန္တရာယ်သတိပေးခြင်းလမ်းညွှန်းများ**


ပုံ ၁
ရှေ့တွင် လက်ဝဲလမ်းကွေ့ရှိသည်


ပုံ ၂
ရှေ့တွင် လက်ယာလမ်းကွေ့ရှိသည်


ပုံ ၃
ရှေ့တွင် လက်ဝဲနှစ်ဆစ်ချိုးလမ်းကွေ့ရှိသည်


ပုံ ၄
ရှေ့တွင် လက်ယာနှစ်ဆစ်ချိုးလမ်းကွေ့ရှိသည်


ပုံ ၅
ရှေ့လက်ဝဲဘက်လမ်းကွေ့တွင်
လမ်းဆုံများရှိသည်


ပုံ ၆
ရှေ့လက်ယာဘက်လမ်းကွေ့တွင်
လမ်းဆုံများရှိသည်


ပုံ ၇
ရှေ့တွင် လမ်းမကြီးလက်ဝဲဘက်မှ
ပေါင်းဝင်လာသည့် လမ်းကွေ့
လမ်းသွယ်ရှိသည်


ပုံ ၈
ရှေ့တွင် လမ်းမကြီးလက်ယာဘက်မှ
ပေါင်းဝင်လာသည့် လမ်း
ကွေ့လမ်းသွယ်ရှိသည်

# ဓာတ်ခွဲနမူနာစုစုပေါင်း ၄၂၅၂ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၀ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၄-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၃-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၄-၃-၂၀၂၃) ရက်နေ့ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၂၅၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၀)ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၂၄)ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၀၆၈,၄၁၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၉၄၅) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၇)ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၄၀၉) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ် -၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

# ပြင်ဦးလွင်ဒေသနှင့် မြေပြန့်ဒေသများမှ ထွက်ရှိလာသည့် မုန်ညင်းဖြူများ ဈေးကောင်းရရှိ

**မန္တလေး မတ် ၄**

မန္တလေးမြို့ အောင်မြေသာစံခရိုင်ရှိ သီရိမာလာ ကုန်စိမ်းလက်ကားဈေးအတွင်းသို့ ပြင်ဦးလွင်ဒေသနှင့် မြေပြန့်ဒေသများမှ ထွက်ရှိဝင်ရောက်လာသည့် မုန်ညင်းဖြူများ ဈေးကောင်းရရှိနေကြောင်း အဆိုပါဈေးအတွင်းရှိ ပွဲရုံများထံမှ သိရသည်။

အဆိုပါ ပြင်ဦးလွင်ဒေသနှင့် မြေပြန့်ဒေသထွက် မုန်ညင်းဖြူများသည် လက်ရှိအချိန်တွင် မန္တလေးမြို့ သီရိမာလာကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ၁၂ ဘီးယာဉ်အစီးရေ ငါးစီးမှ ခြောက်စီးအထိ ပုံမှန်ဝင်ရောက်လျက်ရှိပြီး ဈေးနှုန်းများမှာလည်း ယခင်လများထက် ဈေးကောင်းရရှိနေကြောင်း၊ ယခင်လက မုန်ညင်းဖြူ အချိန် ၃၀ ခန့်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၂၀၀၀ မှ ၁၅၀၀၀ သာရှိခဲ့ပြီး ယခုလက်ရှိအချိန်တွင် မုန်ညင်းဖြူဈေးနှုန်းများသည် ငွေကျပ် ၁၅၀၀၀ မှ ၂၂၀၀၀ အထိ ဈေးကောင်းများရရှိနေကြောင်း မန္တလေးမြို့မှ အောင်ပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောသည်။

"လက်ရှိမှာတော့ မုန်ညင်းဖြူ အဓိကစိုက်ပျိုးတဲ့ မြေပြန့်ဒေသတွေနဲ့ ပြင်ဦးလွင်ဒေသဘက်ကပဲ ဝင်ရောက်လာတာပါ။ တောင်သူတွေက စိုက်တဲ့သူ နည်းပါးသွားတဲ့အပြင် ပစ္စည်းရှားပါးမှုရယ်၊ လမ်းပန်းဆက်သွယ်ရေးအခက်အခဲတွေကြောင့် ဈေးနှုန်းတွေက မထင်မှတ်ဘဲ တက်သွားတာပါ။ လက်ရှိမှာ ဒီဈေးကို မုန်ညင်းဖြူကားတွေအနေနဲ့ မြေပြန့်နဲ့ ပြင်ဦးလွင်က တစ်ရက်ကို ငါးစီး ခြောက်စီးဝင်ပါတယ်။ ပြင်ဦးလွင်နဲ့ မြေပြန့်ဒေသကပဲ ထွက်ရှိလာပြီး ဒေသစုံကဝယ်ကြတာများတဲ့အတွက် ဈေးတက်ကုန်တာပါ။ တောင်ပေါ်ဒေသက ထွက်ရှိမှုနည်းသွားပါပြီ။ ဒါကြောင့် စိုက်ပျိုးသူတွေအနေနဲ့ ဈေးကောင်းများ ရရှိနေကြပါတယ်" ဟု ၎င်းက ပြောသည်။

အဆိုပါ ပြင်ဦးလွင်နှင့် မြေပြန့်ဒေသထွက် မုန်ညင်းဖြူများသည် လက်ရှိအချိန်တွင် မန္တလေးဈေးကွက်သို့ နေ့စဉ် ဝင်ရောက်လျက်ရှိနေပြီး ဈေးနှုန်းမှာလည်း ကောင်းမွန်လျက်ရှိကြောင်း၊ ယင်းမုန်ညင်းဖြူများ ဈေးကောင်းရရှိနေခြင်းနှင့်အတူ ကျန်သည့် ကုန်စိမ်းသီးနှံများဖြစ်သည့် အာလူး၊ သခွားသီး၊ ခရမ်းချဉ်၊ ဂေါ်ဖီထုပ်၊ ငရုတ်၊ ရွှေပဲသီး၊ ဂေါ်ရခါးသီး၊ ခရမ်းသီး၊ ဗိုလ်စားပဲနှင့် ပန်းမုန်လာတို့သည်လည်း ဈေးနှုန်းများ တက်ကာ ဈေးကောင်းများဖြင့် ရောင်းချနေရကြောင်း၊ လက်ရှိအချိန် ဈေးသို့ကုန်မျိုးစုံ ဝင်ရောက်နေသည့် ကားအစီးရေမှာ နေ့စဉ် ပုံမှန် ဝင်ရောက်လျက်ရှိနေကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# နယ်စပ်ရေးရာဝန်ကြီးဌာနမှ ကချင်ပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် မတ် ၄**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကချင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး မြစ်ကြီးနားမှ ညွှန်ကြားရေးမှူး ဦးဇော်လှိုင်ဝင်းနှင့် ဝန်ထမ်းများသည် ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ ယုဇနရပ်ကွက် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တဝါသ (မဟာဂန္ထဝါစကပဏ္ဍိတ)ထံသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ သွားရောက်လှူဒါန်းသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ကချင်ပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း၊ သီလရှင်ကျောင်းများနှင့် အခြားဘာသာရေးကျောင်းများသို့လည်း ဆွမ်း၊ ကွမ်း၊ ခက်ခဲမှုမရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ အမယ်လေးမျိုးကို ဆက်လက်လှူဒါန်းပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မင်းဘူး(စကု)မြို့နယ်၌ ဆီထွက်သီးနှံ နှမ်းနှမ်း ၂၀၃၇၂ ဧက လျာထားစိုက်ပျိုးမည်

**မင်းဘူး မတ် ၄**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်တွင် ဆီထွက်သီးနှံ နှမ်းကို ၂၀၃၇၂ ဧက စိုက်ပျိုးရန် လျာထား ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ဒီနှစ် နွေသီးနှံ စိုက်ပျိုးရာသီကာလမှာ မင်းဘူး(စကု)မြို့နယ်အနေနဲ့ ဆီထွက်သီးနှံ နှမ်းကို ရေသောက်နည်းလမ်းများအလိုက် စိုက်ပျိုးမှုမှာ အိုင်းမဆည်မှ ဧက ၁၅၆၄၀၊ မဲဇလီဆည်မှ ၁၆၉၇ ဧက၊ ကမ်းနီလျှပ်စစ်ရေတင်စီမံကိန်းမှ နှစ်ဧက၊ ကျောက်စံလျှပ်စစ်ရေတင်စီမံကိန်းမှ ၂၆၂ ဧက၊ ဆိုလာလျှပ်စစ်ဖြင့် မြေအောက်ရေပေးဝေရေးစီမံကိန်းမှ ၂၇၇၁ ဧကဖြစ်လို့ ဆီထွက်သီးနှံ နွေနှမ်းဧကပေါင်း ၂၀၃၇၂ဧက လျာထားစိုက်ပျိုးသွားမှာ ဖြစ်ပါတယ်။ တောင်သူအသိပညာပေး လုပ်ငန်းတွေကို နယ်မြေအလိုက် တာဝန်ခံဝန်ထမ်းတွေက စိုက်ခင်းများအရောက်ကွင်းဆင်းပြီး ဆောင်ရွက်ပေးနေသလို သစ်စိမ်းမြေသြဇာနဲ့ သဘာဝမြေဆွေးများကို အချိုးညီညီ သုံးစွဲရေးတို့ကိုလည်း ဆောင်ရွက်ပေးထားပါတယ်" ဟု မင်းဘူးမြို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးဇော်မင်းသူက ပြောသည်။



မင်းဘူး(စကု)မြို့နယ်မှ ဒေသခံတောင်သူများသည် သီးနှံများ စိုက်ပျိုးရာသီ ကာလများတွင် ဈေးကောင်းရရှိသည့် ပဲမျိုးစုံနှင့် မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်း စသည့် ဆီထွက်သီးနှံများကို စိုက်ပျိုးလုပ်ကိုင်ကြကြောင်း သိရသည်။ **ဇေယျာထက်(မင်းဘူး)**

# လပွတ္တာမြို့နယ် သန့်ရှင်းသာယာလှပရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**လပွတ္တာ မတ် ၄**

ဧရာဝတီတိုင်း ဒေသကြီး လပွတ္တာမြို့နယ်အား သန့်ရှင်းသာယာလှပသော မြို့နယ်ဖြစ်ပေါ်လာစေရေးအတွက် ယနေ့ နံနက် ၇ နာရီက ဌာနဆိုင်ရာနှင့် ပြည်သူများ ပူးပေါင်းပြီး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် လပွတ္တာမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသူရ ဦးဆောင်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒေါ်လေးမြမြဦးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ဒေသခံပြည်သူများက သတ်မှတ်ထားသည့်နေရာများတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် အမှတ်(၇)ရပ်ကွက် သိကြားဘုရား သောက်ရေကန်ပေါင် မြက်ဖြတ်ခြင်း၊ သန့်ရှင်းရေးပြုလုပ်ခြင်း လပွတ္တာ သက်န်းကြီးမြို့ဝင်ထွက် လမ်းဘေးဝဲယာတွင် ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ စည်းကမ်းမဲ့စွန့်ပစ်အမှိုက်များ၊ ပလတ်စတစ်များနှင့် လမ်းဘေး ရေနုတ်မြောင်းများရှိ အမှိုက်များအား ဆယ်ယူသိမ်းဆည်းခြင်း၊ သိမ်းဆည်းပြီးသည့် အမှိုက်များအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် အမှိုက်သိမ်းယာဉ်ဖြင့် စနစ်တကျ စွန့်ပစ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# တရားမဝင် သစ်မျိုးစုံ၊ ကျောက်စိမ်း၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ စက်ဆီချောဆီနှင့် ယာဉ်များ သိမ်းဆည်းရမိ



မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ ပူးပေါင်းအဖွဲ့က သိမ်းဆည်းရမိမှု။

နေပြည်တော် မတ် ၄

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီး အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မတ် ၁ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တာဝန်ကျ အကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ခရီးသည်ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟု ယူဆရသော လက်ကောက် ရှစ်ကွင်း အပါအဝင် ပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၅၀၀၀၀၀) ကို လည်းကောင်း၊ မတ် ၂ ရက်တွင် မွန်ပြည်နယ်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်-မြဝတီ ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် ၉၅ မိုင်လေးဖာလုံ ရွှေညောင်ပင်အနီး PUMA ဆီဆိုင်ဘေး ရောင်ကွင်းလမ်းထိပ်တွင် ရပ်တန့်ထားသော ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Lactasoy ၃၀၀ မီလီလီတာဘူးပါ ၂၂၅ ဖာနှင့် Wai Wai တံဆိပ်ပါ ကြာဆံထုပ် ၁၀၀ ဖာ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်သော ယာဉ်သုံးစီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၅၇၀၀၀၀၀၀) ကိုလည်းကောင်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဝင်ရောက်အစစ်ဆေးခံသည့် ရေးမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Lactasoy ၁၂၅ မီလီလီတာ ဘူးပါ ဖာ ၁၅၀ နှင့် Lipovitan-D ဖာ၂၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၅၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်သောယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကို လည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၄၅၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

**ဖမ်းဆီးအရေးယူ**

အလားတူ မတ် ၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ၊ အရှေ့ပိုင်းခရိုင် လိုင်စင်မဲ့ယာဉ် ဖမ်းဆီးရေးအဖွဲ့က မြောက်ဥက္ကလာပမြို့နယ် (စျ)ရပ်ကွက် သုခမ္မာလမ်း (၆)ကွေ့မှတ်တိုင် အနီး၌ Toyota Succed အမျိုးအစားယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀) ကို လည်းကောင်း၊ မြောက်ပိုင်းခရိုင် လိုင်စင်မဲ့ယာဉ် ဖမ်းဆီးရေးအဖွဲ့က လှိုင်သာယာမြို့နယ် ရန်ကုန်-ပုသိမ်လမ်းမကြီး မီးပွိုင့်အနီး၌ Toyota Crown အမျိုးအစား ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀၀၀၀၀၀) ကိုလည်းကောင်း၊ တောင်ပိုင်းခရိုင် လိုင်စင်မဲ့ယာဉ် ဖမ်းဆီးရေးအဖွဲ့က သန်လျင်မြို့နယ် ကျိုက်ခေါက်ဘုရားလမ်း (၁၈)ကုန်းထိပ်၌ Honda Airwave အမျိုးအစား ယာဉ်တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၀၀၀၀၀ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ချင်းရွှေဟော်မှ မန္တလေးမြို့သို့ထွက်ခွာလာသော ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသော တစ်ခါသုံးနှာခေါင်းစည်းများ ကီလိုဂရမ် ၂၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၅၄၃၈၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်သော Nissan-Diesel အမျိုးအစားယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၉၅၄၃၈၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ရှမ်းပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မိုင်းဆတ်ခရိုင် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအဖွဲ့က ရှောင်တခင် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဆိုက်ခေါင်ရွာနှင့် ကောင်းမှုတန်ရွာကြား ဆိုက်ခေါင်ဂိတ်မရောက်မီ နှစ်မိုင်ခန့်အကွာတွင် စုပုံထားသော အကောက်ခွန်မဲ့ Battery များနှင့် အင်ဂျင်ဝိုင်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် မတ် ၃ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က ခန္တီးမြို့နယ်အတွင်း စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လိုင်စင်မဲ့ CANDA 125 အမျိုးအစား ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ခရိုင်နှင့် မြို့နယ် သစ်တောဦးစီးဌာန အသီးသီး ဦးဆောင်သော ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဖြူးမြို့နယ်နှင့် မင်းလှမြို့နယ်တို့အတွင်း တရားမဝင် ကျွန်းသစ်နှင့် ပျဉ်းကတိုးသစ် ၂၂ ဒသမ ၇၉၈၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၂၀၆၀၆၀)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မတ် ၁ ရက်၊ ၂ ရက်နှင့် ၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၈ မှု၊ (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၈၇၂၁၀၄၄၀)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှသိရသည်။

**သတင်းစဉ်**

■

# ပြင်ဦးလွင်၊ နမ့်စန်နှင့် တောင်ကြီးမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၄

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂ ရက် ည ၁၁ နာရီ ၁၀ မိနစ်တွင် ပြင်ဦးလွင်မြို့နယ် ဝက်ဝံကျေးရွာရှိ ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် သီပေါမြို့မှ ပြင်ဦးလွင်မြို့ဘက်သို့ စိုင်းဦး မောင်းနှင်ပြီး မျိုးမင်းသက် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၈၇၅၀၊ ကျိမ်ခမ်းမောင်းနှင်ပြီး သီဟဇော် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၈၇၅၀နှင့် လုဝင်းဦး(ခ)မွှမ်းခမ်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ ပြား စုစုပေါင်းငွေကျပ် ၁၄၆၂ ဒသမ ၆၅ သိန်းတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများကို လည်းကောင်း။

မတ် ၃ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် နမ့်စန်မြို့နယ် နမ့်မော်ခေါက်ဆစ်ကျေးရွာအနီးရှိ နမ့်စန်-ခိုလမ်သွားကားလမ်းတွင် နမ့်စန်မြို့မှ ခိုလမ်မြို့ဘက်သို့ လောက်ဆန်းမောင်းနှင်လာသော ALPHARD အမျိုးအစားယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၁၆ ဒသမ ၁ ကီလို (တန်ဖိုးငွေကျပ် ၁၉၃၂ သိန်း) ကိုလည်းကောင်း၊ ထိုနေ့ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် တောင်ကြီးမြို့ ရတနာသီရိရပ်ကွက် အောင်မင်္ဂလာလမ်းရှိ သိန်းနိုင်ထွန်း၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၆၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၅-၃-၂၀၂၃ တနင်္ဂနွေနေ့

### MRTV HD

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(မင်္ဂလသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၇:၃၅ 'တပေါင်းလပြည့်နေ့တရားတော်'
- ၀၈:၃၅ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလ) (စတုတ္ထပိုင်း)
- ၀၉:၁၀ "နဝဂ္ဂဥပေါသထသီလခံယူဆောက်တည်ခြင်း"
- ၀၉:၃၀ "တပေါင်းသာခေါင် လများနောင်"
- ၀၉:၄၅ "သတင်းသမားပြောတဲ့သတင်းစကား"
- ၁၀:၂၀ (၇၈)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုအစီအစဉ် '**ပြည်ချစ်သားမွန် တေးသဝဏ်**' တေးဂီတပျော်ပွဲထုတ်လွှင့်မှုအစီအစဉ်(ပွဲစဉ်-၂)
- ၁၁:၃၀ ၂၀၂၃ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုဘာသာရပ်ဆိုင်ရာ သင်ကြောင်းစရာများ(ပထဝီဝင်ဘာသာရပ်)
- ၁၃:၁၅ Weekly Local News Highlights
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ မြန်မာဂန္ထဝင်ရုပ်ရှင် '**စိမ့်သာရ**' (တင်မောင်၊ဝင်းဦး၊ကြည်ကြည်ဌေး) (ဒါရိုက်တာ-အောင်ဝင်းတင်မောင်)
- ၁၆:၃၅ ၂၀၂၃ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုဘာသာရပ်ဆိုင်ရာ သင်ကြောင်းစရာများ (သမိုင်းဘာသာရပ်)
- ၁၇:၁၅ သမိုင်းရောင်မညှိုးတဲ့စစ်ကိုင်းတောင်ရိုးမှ သီတဂူ "ဗုဒ္ဓရုပ်ပွားအစောဆုံး ထုလုပ်ကိုးကွယ်သူများ"
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ 'သုတစေပြာ...သီရိဂေဟာ'
- ၁၉:၁၅ မြန်မာဇာတ်လမ်းတွဲ '**ဝိန်းကြာပတ်၌တင်သောဂေ**' (အပိုင်း-၁၆)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ ဘဝနှင့်အနုပညာ '**ရှစ်ရှင်တေးသွားသံစဉ် အလှတရားများရဲ့သီဆိုရှင် တေးသံရှင် ပေါင်သိန်းဝင်း**' (အပိုင်း-၂)
- ၂၁:၃၀ (၇၈)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်း "ကြယ်နှင့်အတူ" (အပိုင်း-၄)
- ၂၂:၁၅ "မြတ်ဗုဒ္ဓမဖျိုမ၏အနိုင်းမဲ့ရတနာ"

### mitv

- 07:01 Evergreen Classic: Myitta (Kyawt Kay Khaing)
- 07:07 Myanmar Traditional Art Bronze Casting
- 07:13 Discovering Tribes- Ta'ang (Palaung): their life and customs
- 08:01 News
- 08:28 Myanmar Big Circular Tray
- 08:44 .....Changes
- 09:01 The Coloured Glass Ball (Ywal) Juggling Master
- 09:25 Today Myanmar
- 09:33 Dances of Myanmar: Myaung Zee (or) Hmong Traditional Dance Performed to theSong " Surviving Hardship"
- 09:39 Underwater Photographer
- 10:01 News
- 10:28 Great Shwedagon - Nine Wonders Around The Platform Of Shwedagon Pagoda

### MRTV NRC

**ချင်း (လိုင်ဇိုး) (၀၆:၀၀ မှ ၀၇:၀၀)**
နာနတ်သီးနှင့်ကျန်းမာရေး

**ချင်း (ချိုး) (၀၇:၀၀ မှ ၀၈:၀၀)**
မင်းတပ်မြို့ကိုအလှဆင်တဲ့တောင်တန်းပေါ်က ပန်းအလှများ

**မွန် (၀၈:၀၀ မှ ၁၀:၀၀)**
ရှားစောင်းအစွမ်းအံ့မခန်း

**ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)**
လေးရှင်းတောင်မီးပြတိုက်ဟောင်း

**ရှမ်း (၁၂:၀၀ မှ ၁၄:၀၀)**
မုန့်တီကြော်ကြော်လုပ်နည်း

**"ဝ" (၁၄:၀၀ မှ ၁၆:၀၀)**
မတူညီသောပုံရိပ်များ (အပိုင်း-၁)ဇာတ်လမ်းတို

**ကချင် (၁၆:၀၀ မှ ၁၈:၀၀)**
ရဝမ်ရိုးရာဝတ်စားဆင်ယင်ပုံ

**ကယား (၁၈:၀၀ မှ ၂၀:၀၀)**
ကယားရိုးရာဝက်သားနဲ့ဖက်ခါးရွက်ဝါးပီးကင်

**ပအိုဝ်းကရင် (၂၀:၀၀ မှ ၂၁:၀၀)**
လယ်ဝါးလိုတောင်ပေါ်တီးဝိုင်း

**အနောက်ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)**
တေးသံပြာဝေဟားစည်မြေ(အပိုင်း-၁)

**အရှေ့ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၁၁)

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၀၅ လှုပ်လှုပ်ရှားရှားအားကစား
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၀၈:၄၅ "တပေါင်းသာခေါင် လများနောင်"
- ၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၁:၄၅ Next Level
- ၁၂:၁၅ 'စူးစမ်းရှာဖွေ ရှေးဟောင်းအမွေ'
- ၁၃:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၄:၂၀ News Desk
- ၁၅:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၆:၀၀ သတင်းမှန်တက္ကာ(LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို '**လင်နဲ့ဝယားလျှာနဲ့သွားဆိုပေမယ့်**'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း အပိုင်း(၁)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဂျာမနီနိုင်ငံ)
- ၁၁:၃၀ "အတွေးအမြင်" အပိုင်း(၁)

### MRTV FARMERS'

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
- ၀၆:၄၀ တန်ဖိုးမြင့်ထုတ်ကုန် ပွဲနှံဆီအစွမ်း
- ၀၇:၀၀ ကျန်းမာခြင်းဆုလာဘ်ကိုပိုင်ဆိုင်ဖို့ အာဟာရပြည့်ဝတဲ့နှစ်ရှည်သီးနှံတွေ စိုက်ပျိုးထုတ်လုပ်စားသုံးစို့
- ၀၇:၃၅ "မွေးမြူရေးရာအဖြာဖြာ"
- ၀၈:၁၅ တိရိစ္ဆာန်စာဖူလုံဖို့စားကျက်သီးနှံစိုက်ကြစို့
- ၀၈:၄၅ ဆန်းသစ်လုပ်ငန်းသောကျေးရွာများနှင့်ကလော
- ၀၉:၂၀ "သုတဝေစည်တောင်သူဆီ"
- ၀၉:၄၅ ကွမ်းရွက်စိုက်ပျိုးခြင်း

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info/ Sports Diary
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

## SIM Card များမှတ်ပုံတင်ခြင်းဆိုင်ရာ အသိပေးကြေညာချက်

ဆင်းကတ်များမှတ်ပုံတင်ရာတွင် ဖြည့်စွက်ရသည့် အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ် စသည့် အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေး၍ အချက်အလက်မှန်ကန်စွာ ဖြည့်စွက်ထားခြင်းမရှိသည့် ဆင်းကတ်များကို ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် သုံးစွဲသူများအနေဖြင့် မိမိတို့၏ ဆင်းကတ်မှတ်ပုံတင်သည့် အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ကို မှန်/မမှန် စစ်ဆေးပြီး ပြင်ဆင်ရန်လိုအပ်ပါက (၃၁-၁-၂၀၂၃) ရက်နေ့ နောက်ဆုံးထား၍ ပြန်လည်ပြင်ဆင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ မိမိတို့၏အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ မှန်/မမှန် စစ်ဆေးသိရှိနိုင်ရန် မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်း(MPT)အတွက် ***601#**၊ Atomအတွက် ***979*3*3#**၊ Ooredoo အတွက် ***666#**၊ Mytel အတွက် ***966#** သို့ခေါ်ဆို၍ ကြည့်ရှုစစ်ဆေးနိုင်ပါသည်။ ပြန်လည်ပြင်ဆင်မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာ အော်ပရေတာများ၏ အရောင်းဆိုင်များ၊ Application များနှင့် Website တို့တွင် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်အတွင်းရှိ ယာယီခိုလှုံရာစခန်းများမှ မိမိသဘောဆန္ဒဖြင့် နေရပ်ပြန်ကြမည့် ယာယီတိုက်ပွဲရှောင် အိမ်ထောင်စုဝင်များအား ထောက်ပံ့ငွေနှင့် လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်

နေပြည်တော် မတ် ၄

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်အတွင်းရှိ ရှော်မယ်၊ လက်ကောက်ဈေး၊ ထမ္မရာဇ်၊ တောင်မြင့်၊ ဝက်လှ၊ မြို့သစ်၊ ကိုးနဝင်းနှင့် ပြလှယာယီခိုလှုံရာစခန်းများ၌ ခေတ္တခိုလှုံနေထိုင်လျက်ရှိသော ယာယီတိုက်ပွဲရှောင် အိမ်ထောင်စုဝင်မိသားစုများသည် ၎င်းတို့၏ သဘောဆန္ဒဖြင့် မူလနေရပ်ဒေသများသို့ ပြန်လည်နေထိုင်ကြမည်ဖြစ်ရာ အဆိုပါ အိမ်ထောင်စုဝင်များ လတ်တလောစားသောက်နေထိုင်ရေး အဆင်ပြေစေရန်အတွက် ထောက်ပံ့ငွေနှင့် လူသုံးကုန်ပစ္စည်းမျိုးစုံ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် မြောက်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် မြောက်ဦးတပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် နေရပ်ပြန် အိမ်ထောင်စုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက အားပေးအမှာစကားများ ပြောကြားကြသည်။ ထို့နောက် တာဝန်ရှိသူများ




က ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့သည့် အိမ်ထောင်စု တစ်စုလျှင် ငွေကျပ် ၅၀၀၀၀၀ နှုန်းဖြင့် အိမ်ထောင်စု ၁၄၂ စုအတွက် ငွေကျပ် သိန်း ၇၁၀ ကိုလည်းကောင်း၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့သည့် အိမ်ထောင်စု တစ်စုလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၁၄၂ သိန်း၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့သည့် ဆန်ရိက္ခာဖိုးငွေ တစ်လစာအတွက် တစ်ဦးလျှင် ငွေကျပ် ၉၀၀၀ နှုန်းဖြင့် လူဦးရေ ၅၈၂ ဦးအတွက် ထောက်ပံ့ငွေကျပ် ၅၂၃၈၀၀၀၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့သည့် အိမ်ထောင်စုတစ်စုလျှင် လူသုံးကုန်ပစ္စည်း ၁၇ မျိုးပါသည့် Family Kit တစ်ပုံးနှုန်းဖြင့် Family Kit ၁၄၂ ပုံးနှင့် အိမ်ထောင်စုတစ်စုလျှင် တာပေါ်လင်စ တစ်စနှုန်းဖြင့် တာပေါ်လင်စ ၁၄၂ စတို့ကို စခန်းတာဝန်ခံများထံ ထောက်ပံ့ပေးအပ်ကြသည်။

### ကူညီသယ်ယူပို့ဆောင်

ဆက်လက်၍ ပြည်နယ်အစိုးရအဖွဲ့နှင့် တပ်မတော်တို့မှ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် မြောက်ဦးမြို့နယ်အတွင်းရှိ ယာယီခိုလှုံရာစခန်းများမှ ၎င်းတို့၏ နေရပ်အသီးသီးသို့ ပြန်လည်ထွက်ခွာကြမည့် ယာယီတိုက်ပွဲရှောင်အိမ်ထောင်စုဝင်များ၏ အိမ်သုံးကုန်ပစ္စည်းများအား အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက မော်တော်ယာဉ်များ၊ စက်လှေများပေါ်သို့ ကူညီသယ်ယူပို့ဆောင်ပေးကြပြီး ၎င်းတို့၏ နေရပ်ကျေးရွာများအရောက် အခမဲ့ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၄

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် အမှတ်(၆)ရပ်ကွက်နေ လှိုင်မျိုးအောင်နှင့် အမှတ်(၃)ရပ်ကွက်နေ နှင်းအိခိုင်တို့သည် ၎င်းတို့အသုံးပြုသည့် “Hlaing Myo Aung” Facebook အကောင့်နှင့် “Hnin Ei Khaing” Facebook အကောင့်၊ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ဥဩရပ်ကွက်နေ ထူးကိုကိုလှိုင်သည် ၎င်းအသုံးပြုသည့် “Htoo Ko Ko Hlaing” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အင်းစိန်မြို့နယ်၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ကျောင်းသား ကျောင်းသူ ၁၂၃၇ ဦး ဝင်ရောက်ဖြေဆိုကြမည်

ရန်ကုန် မတ် ၄

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ မတ် ၈ ရက်မှ ၁၈ ရက်ထိ ကျင်းပမည့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို စာစစ်ဌာန ငါးခုတို့တွင် ကျောင်းသား ကျောင်းသူ ၁၂၃၇ ဦး ဝင်ရောက်ဖြေဆိုမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

အင်းစိန်မြို့နယ်တွင် စာစစ်ဌာန(စာဖြေဌာန)ငါးခုဖြစ်သော အထက(၁) (၂) (၃) (၆)နှင့် အလက(၁၃)တို့ဖြစ်ပြီး ဘာသာတွဲ သုံးခုဖြင့် ကျောင်းသား ကျောင်းသူများ ဝင်ရောက်ဖြေဆိုမည်ဖြစ်ပြီး ကျောင်းတွင်းဖြေဆိုမည့် ကျောင်းသား ၄၅ ဦး၊ ကျောင်းသူ ၅၇ ဦးနှင့် ကျောင်းပြင်ပ ဖြေဆိုမည့်ကျောင်းသား ၅၀၅ ဦး၊ ကျောင်းသူ ၆၃၀၊ ကျောင်းတွင်း/ပြင်ပ ကျောင်းသား ကျောင်းသူ ၁၂၃၇ ဦးတို့က ဝင်ရောက်ဖြေဆိုကြမည်ဖြစ်ရာ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအနက် ကျောင်းပြင်ပဖြေဆိုမည့် မျက်မမြင် ခုနစ်ဦးနှင့် အင်းစိန်ဗဟိုအကျဉ်းထောင်မှ အကျဉ်းသား ကျောင်းသား ၁၁ ဦးတို့လည်း ဝင်ရောက်ဖြေဆိုမည်ဖြစ်ကြောင်းနှင့် စာမေးပွဲဖြေဆိုခွင့် ကတ်ပြားများကို သက်ဆိုင်ရာ စာစစ်ဌာနတို့၌ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၅-၃-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၄၅ | ၂၁၉၀ | ၂၁၈၅ | ၂၁၅၀ | ၂၁၉၀ | ၂၂၁၅ | ၂၂၀၀ | ၂၁၇၅ | ၂၂၇၅ | ၂၂၉၀ | ၂၁၈၅ | ၂၁၉၀ | ၂၂၃၀ | ၂၂၃၀ | ၂၂၃၀ | ၂၄၆၀ | ၂၈၁၀ |
| 95 Ron | ၂၂၁၅ | ၂၂၆၅ | ၂၂၆၅ | ၂၂၂၅ | ၂၂၆၅ | ၂၂၈၅ | ၂၂၇၀ | ၂၂၅၀ | ၂၃၅၀ | ၂၃၆၅ | ၂၂၅၅ | ၂၂၇၅ | ၂၃၀၀ | ၂၃၀၀ | ၂၃၀၅ | ၂၅၃၅ | ၂၈၈၅ |
| HSD (500 ppm) | ၂၂၄၅ | ၂၂၉၅ | ၂၂၉၅ | ၂၂၅၅ | ၂၂၉၅ | ၂၃၂၀ | ၂၃၁၅ | ၂၂၈၀ | ၂၄၀၀ | ၂၃၉၅ | ၂၂၈၅ | ၂၃၀၀ | ၂၃၃၀ | ၂၃၃၅ | ၂၃၃၅ | ၂၅၆၅ | ၃၁၆၀ |
| HSD (50 ppm) | ၂၃၂၅ | ၂၃၇၅ | ၂၃၇၅ | ၂၃၃၅ | ၂၃၇၅ | ၂၄၀၀ | ၂၃၉၅ | ၂၃၆၀ | ၂၄၈၀ | ၂၄၇၅ | ၂၃၆၅ | ၂၃၈၀ | ၂၄၁၀ | ၂၄၁၅ | ၂၄၁၅ | ၂၆၄၅ | ၃၁၉၀ |
| HSD (10 ppm) | ၂၃၂၅ | ၂၃၇၅ | ၂၃၇၅ | ၂၃၃၅ | ၂၃၇၅ | ၂၄၀၀ | ၂၃၉၅ | ၂၃၆၀ | ၂၄၈၀ | ၂၄၇၅ | ၂၃၆၅ | ၂၃၈၀ | ၂၄၁၀ | ၂၄၁၅ | ၂၄၁၅ | ၂၆၄၅ | ၃၁၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၃၄ | ၂၁၀၈ |
| 95 Ron | ၂၁၀၅ | ၂၁၈၁ |
| HSD (500 ppm) | ၂၁၃၈ | ၂၂၁၁ |
| HSD (50 ppm) | ၂၂၁၂ | ၂၂၈၆ |
| HSD (10 ppm) | ၂၂၁၂ | ၂၂၈၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် မတ် ၄

တပ်မတော်အနေဖြင့် ပြည်သူများ၏ ကျန်းမာရေးမြှင့်တင်မှုကဏ္ဍတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံဆေးကုသရေးအဖွဲ့များက မြို့နယ် ကျေးရွာများအထိသွားရောက်၍ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို လူမျိုး၊ ဘာသာ၊ အချိန်၊ နေရာမရွေး ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ ဒေသခံပြည်သူ ၃၀၆ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ခံတောကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူ ၆၁ ဦး၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ပုဂံမျှော်ကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူ ၁၁၇ ဦးတို့ကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များက ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်ကျောင်းများ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ သွားရောက်ဆောင်ရွက်ပေးကြသည်။

နယ်မြေခံဆေးကုသရေးအဖွဲ့များက သံဃာတော်များနှင့် ဒေသခံပြည်သူများအား သွားနှင့်ခံတွင်းရောဂါ၊ အရိုး/အကြောဆိုင်ရာရောဂါ၊ သားဖွား/မီးယပ်ရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါ၊ သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင် ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ၊ မျက်စိရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးပြီး ECG နှင့် အာထရာဆောင်းစက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးသည်။ ထို့ပြင် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သောလူနာများအား နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ သတင်းစဉ်

## ဒေသတွင်းစိုက်ပျိုး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး



နေပြည်တော် မတ် ၄

ကိုဗစ်- ၁၉ ရောဂါဖြစ်ပွားမှုကြောင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် ဒေသတွင်း စားရေရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မတ် ၃ ရက် နံနက်ပိုင်းတွင် အရှေ့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ်ရှိ ဘက်စုံစိုက်ပျိုး/မွေးမြူရေးခြံများအတွင်း ရာသီသီးနှံများ စိုက်ပျိုးထားရှိမှု၊ တစ်သျှူးငှက်ပျောနှင့် စင်တင်သီးနှံများ စိုက်ပျိုးထားရှိမှုတို့ကိုလည်းကောင်း၊ ဥစားကြက်၊ အသားတိုးကြက်၊ ဒေသကြက်၊ DYL အသားတိုးဝက်၊ ဆိတ်၊ နို့စားနွားနှင့် ငါးခူမွေးမြူထားရှိမှုတို့ကို လည်းကောင်း၊ တိုင်းစစ်ဌာနချုပ် အစာစပ်စက်ရုံဆောင်ရွက်နေမှုနှင့် ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များသို့ ပြင်ပထက်သက်သာသောဈေးနှုန်းဖြင့် ပြန်လည်ရောင်းချပေးနေမှုတို့ကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

**အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင် အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM)လှုပ်ရှားမှုတွင် ငွေကြေးအရ ဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်**

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရခိုင်ပြည်နယ် သံတွဲမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် မတ် ၄

ရခိုင်ပြည်နယ်အတွင်းရှိ ကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ထွက်ခွာလာသည့် တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ အထူးကုဆေးအဖွဲ့များ လိုက်ပါလာသည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်)သည် ယနေ့တွင် သံတွဲမြို့နယ် ကျောက်ကလပ်ကျေးရွာအုပ်စု သဖြူချိုင်ကျေးရွာ ဆိပ်ကမ်းသို့ ရောက်ရှိရာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုကြသည်။ အဆိုပါ နယ်လှည့်အထူးကုဆေးအဖွဲ့များသည် သံတွဲမြို့နယ် ကျောက်ကလပ်ကျေးရွာအုပ်စု သဖြူချိုင်ကျေးရွာရှိ အေဒင်အအေးခန်းစက်ရုံ၌ အခြေပြု၍ အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၁၃၀၃ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



**ရောဂါရှာဖွေစမ်းသပ်ကုသပေး**

ထိုသို့ ဆောင်ရွက်ပေးရာ၌ ယနေ့တွင် ဆေးကုသမှုဆိုင်ရာရောဂါ ၃၅၁ ဦး၊ ခွဲစိတ်ရောဂါ ၆၂ ဦး၊ သားဖွား/ မီးယပ်ရောဂါ ၄၅ ဦး၊ ကလေးရောဂါ ၆၆ ဦး၊ အရိုးရောဂါ ၂၇၅ ဦး၊ နား/ နှာခေါင်း/ လည်ချောင်းရောဂါ ၁၅၄ ဦး၊ မျက်စိရောဂါ ၂၉၈ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၅၂ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် ခွဲစိတ်ကုသရန် လိုအပ်သူ အထွေထွေခွဲစိတ်လူနာ ၁၄ ဦး၊ မျက်စိခွဲစိတ်လူနာ ၁၃ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၃ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၇၉ ဦး၊ ECG ဖြင့် နှလုံးစမ်းသပ်လူနာ ၄၄ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၅၇ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သူ ၁၇ ဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံများနှင့် ပြည်သူ့ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။










ဒေသခံပြည်သူများ

**ကြည့်ရှုအားပေး**

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ကျန်းမာရေးဆောင်ရွက်ပေးမှုအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုကဲ့သို့ ကြားသိခဲ့ရသည်–

ဒီဒေသမှာဆိုရင် သံတွဲခရိုင် ပြည်သူ့ဆေးရုံကြီးမှာ နား/ နှာခေါင်း/ လည်ချောင်း အထူးကုတွေမရှိဘူး။ အခြားပြသလိုတဲ့ မျက်စိအထူးကုဆရာဝန်တွေလည်း မရှိဘူး။ အခုဒီမှာ တော်တော်စုံစုံလင်လင်နဲ့ အထူးကုတွေပါတဲ့အတွက် ဒီဒေသမှာ အဲဒီလို ရောဂါဝေဒနာနဲ့ ဆက်စပ်ကုသတာတွေ အဆင်ပြေချောမွေ့ခဲ့ပါတယ်။ လူနာတွေနဲ့ ချိတ်ဆက်ပြီးတော့ ဒီမှာကုသဖို့အတွက် အဆင်ပြေချောမွေ့အောင် ကူညီပေးတာပါ။ ဆေးရုံသင်္ဘောကြီး ရောက်လာတယ်။ ဒီလို အထူးကုသမားတော်ကြီးတွေပါတယ်ဆိုတဲ့ သတင်းစကားကို ပျံ့နှံ့အောင် ဆောင်ရွက်ပေးတာကတော့ အဓိကအချက်ပါ။ လက်ရှိလုပ်ငန်းခွင်မှာတော့ ကုသရေးအပိုင်းမှာ ကုသဖို့အတွက် လိုအပ်တဲ့နေရာတွေကို ကျွန်တော်တို့ကို ချိတ်ဆက်ပြီး ပို့ဆောင်ပေးတာ၊ ဆောင်ရွက်ပေးတာ ဒါမျိုးတွေ ကူညီပေးပါတယ်။ အဓိက ကျွန်တော်တို့ မျှော်လင့်တာကတော့ အနည်းဆုံး တစ်နှစ်ကို တစ်ကြိမ်၊ နှစ်ကြိမ်လောက်တော့ လာစေချင်ပါတယ်။ ဒါကလည်း ကျွန်တော်တို့ဒေသအတွက် လိုအပ်ချက် တစ်ခုဖြစ်နေတာပါ။ ကျွန်တော်တို့ဆီမှာ သွားရေးလာရေး ခက်ခဲတယ်။ ပြင်ပအခြားနေရာတွေ သွားကုသဖို့အတွက် စရိတ်စက မတတ်နိုင်တဲ့ ချို့တဲ့လူနာတွေအတွက် အင်မတန်အဆင်ပြေတဲ့ အစီအစဉ်ကောင်းတစ်ခုပါ။ ဒေသအတွက်လည်း အင်မတန်လိုအပ်ချက်ရှိတဲ့ ကိစ္စတစ်ခုကို ဆောင်ရွက် ပေးတဲ့အတွက် အားလုံးကို ကျေးဇူးတင်ပါတယ်။ တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ပါတယ်။

သွေးတိုးလို့လာရောက်ပြသတာပါ။ ကိုယ့်နေရပ်ဒေသမှာ ရောဂါမျိုးစုံကို လာရောက်ကုသပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ရွာက အုပ်ချုပ်ရေးမှူးက သင်္ဘောနဲ့လာရောက် ဆေးကုပေးမယ်ပြောတဲ့အတွက် လာရောက်ကုသဖြစ်တာပါ။ ရွာကတောဘက်ကျပြီး အလှမ်းဝေးပါတယ်၊ လာရောက်ကုသရဖို့ ခက်ခဲပါတယ်။ အခုလို လာရောက်ကုသပေးတဲ့အတွက် ဝမ်းသာမိတဲ့အပြင် ကျေးဇူးအများကြီးတင်မိပါတယ်။

မျက်စိလာပြသတာပါ။ အခုလို လာရောက်ကုသပေးတဲ့အတွက် ဝမ်းသာပီတိဖြစ်မိပါတယ်။ နေရတဲ့နေရာဒေသက မြို့နဲ့အလှမ်းဝေးတဲ့အတွက် လာရောက်ကုသပေးတာကို အထူးပဲ ကျေးဇူးတင်ပါတယ်။ ကုသပေးတဲ့သူတွေ အားလုံးကိုလည်း ချောချောမောမော၊ ကျန်းကျန်းမာမာနဲ့ ပြန်ရောက်စေချင်ပါတယ်။ အထူးပဲကျေးဇူးတင်ပါတယ်လို့ပြောလိုပါတယ်။

**သတင်းစဉ်**

# မြန်မာပြည်မြောက်ဖျား ခါကာဘိုရာဇီရေခဲတောင်ဒေသ နှင်းကျားသစ်သုတေသနခရီးစဉ်


သစ္စာ(MNA)

ဓာတ်ပုံ-ဇွဲမာန်


မြန်မာနိုင်ငံသည် အရှေ့တောင်အာရှကုန်းမြေဒေသတွင် အကြီးဆုံးနိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံ၏ ဧရိယာ ၄၀ ရာခိုင်နှုန်းသည် တောင်တန်းများဖြစ်ပြီး ကချင်ပြည်နယ်တွင် ဟိမဝန္တာအရှေ့ဖျားမှ ဆင်းသက်လာသောတောင်တန်းများ၊ ချင်းတောင်တန်း၊ အနောက်ဘက်ကုန်းမြင့်ဒေသ၊ ပဲခူးရိုးမ၊ အရှေ့ဘက်ကုန်းမြင့်ဒေသနှင့် တနင်္သာရီတောင်တန်းတို့ရှိပြီး မြေမျက်နှာသွင်ပြင်အမျိုးမျိုးနှင့် များပြားသော မြစ်များ၊ ချောင်းများ၊ ကွဲပြားခြားနားသော ရာသီဥတုအခြေအနေတို့မှ မျိုးစိတ်အများအပြား ရှင်သန်မှုဖြင့် ဂေဟစနစ်အမျိုးမျိုးကို ရှင်သန်စေလျက်ရှိသည်။ ထိုသို့ဂေဟစနစ်မျိုးစုံကိုပိုင်ဆိုင်ထားသော နိုင်ငံတစ်နိုင်ငံအနေဖြင့် ရုက္ခနှင့် ဇီဝသုတေသနလုပ်ငန်းများစွာ ဖော်ထုတ်မှုမှ နိုင်ငံအတွက် သိပ္ပံစွမ်းအင်ကို အထောက်အပံ့ဖြစ်စေသည်။



ခါကာဘိုရာဇီအမျိုးသားဥယျာဉ်၏အလှကို တွေ့ရစဉ်။

### သုတေသနစွမ်းပကားဖြင့် ဖွံ့ဖြိုးတိုးတက်စေမည်

မြန်မာနိုင်ငံသည် မြေပေါ်၊ ရေအောက်နှင့် သစ်တောသယံဇာတပေါကြွယ်ဝသော နိုင်ငံတစ်နိုင်ငံဖြစ်၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုတွင် သဘာဝ၏လက်ဆောင်မွန်များကို ပိုင်ဆိုင်ထားသည့် နိုင်ငံတစ်နိုင်ငံအနေဖြင့် သယံဇာတများ ရေရှည်တည်တံ့ရန် သစ်တောများကိုပြုစုထိန်းသိမ်းခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် သုတေသနဖွံ့ဖြိုးရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်ခြင်းသည် ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့မှုအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ထိုနည်းတူ အာဆီယံနိုင်ငံများကြားတွင် ရေခဲဖုံးလွှမ်းသောဒေသကို ပိုင်ဆိုင်ထားသည့် နိုင်ငံတစ်နိုင်ငံအနေဖြင့် ထိုဒေသ၏ ဇီဝမျိုးစုံမျိုးကွဲများကို လေ့လာဆန်းစစ် သုတေသနဖော်ထုတ်နိုင်ခြင်းသည် နိုင်ငံ၏ သုတေသနစွမ်းပကားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေလျက်ရှိရာ "သုတေသနစွမ်းပကားဖြင့် ဖွံ့ဖြိုးတိုးတက်စေမည်"ဟူသော သစ်တောသုတေသန၏ ဆောင်ပုဒ်ကို ပိုမိုခိုင်မာစေလျက်ရှိသည်။ ထို့ကြောင့် အမျိုးသားဥယျာဉ်၊ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ အဏ္ဏဝါထိန်းသိမ်းရေးနယ်မြေ၊ သိပ္ပံကြိုးဝိုင်း၊ သဘာဝကြိုးဝိုင်းနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေတို့သည် နိုင်ငံတစ်နိုင်ငံ၏ သုတေသနလုပ်ငန်းတို့အတွက် အထောက်အပံ့ကောင်းများကို သဘာဝလက်ဆောင်မွန်အဖြစ် ပိုင်ဆိုင်ထားလျက်ရှိသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနအောက်ရှိ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်သည် ကချင်ပြည်နယ် နောင်မွန်မြို့နယ် ပန်နန်းဒင်မြို့တွင် တည်ရှိပြီး ၁၉၉၆ ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့တွင် သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ်လည်းကောင်း၊ ၁၉၉၈ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်နေ့တွင် အမျိုးသားဥယျာဉ်အဖြစ်လည်းကောင်း၊ ၂၀၀၃ ခုနှစ်တွင် အာဆီယံ အမွေအနှစ်ဥယျာဉ်အဖြစ်လည်းကောင်း သတ်မှတ်ခံထားရသော အမျိုးသားဥယျာဉ်တစ်ခုဖြစ်သည်။ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်သည် ၁၄၇၂ စတုရန်းမိုင်ကျယ်ဝန်းပြီး ရေခဲများဖုံးလွှမ်းနေသော တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံတို့၏ ရေခဲတောင်ဧရိယာနှင့် ထိစပ်လျက်ရှိသည့်အပြင် မြန်မာနိုင်ငံ၏ အဓိကမြစ်ကြီးတစ်ခုဖြစ်သည့် ဧရာဝတီမြစ်ကြီး စတင်မြစ်ဖျားခံရာ နေရာလည်းဖြစ်သည်။ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်တွင် ကမ္ဘာ့ရှားပါးတောရိုင်းတိရစ္ဆာန်များ၊ သစ်ခွမျိုးစုံ၊ ချယ်ရီ၊ ဆေးဖက်ဝင်အပင်၊ သစ်ဥ၊ သစ်မြစ်၊ ဇီဝမျိုးစုံမျိုးကွဲများ၊ နို့တိုက်သတ္တဝါများ၊ ငှက်နှင့် လိပ်ပြာမျိုးစိတ်များ၊ ကုန်းနေရေနေသတ္တဝါများနှင့် ဒေသမျိုးရင်းငါးများဖြစ်သော ရေခဲငါးများ ရှင်သန်ကျက်စားလျက်ရှိသည်။ အထူးသဖြင့် ကမ္ဘာ့ရှားပါးတောရိုင်းတိရစ္ဆာန်နှင့် မျိုးသုဉ်းရန်အန္တရာယ်နှင့် ရင်ဆိုင်နေရသော တောရိုင်းတိရစ္ဆာန်များ နေထိုင်ကျက်စားရာ ရေခဲတောင်ဒေသလည်းဖြစ်သည်။ ထိုရေခဲတောင်တို့တွင် မျိုးသုဉ်းရန် အန္တရာယ်ရှိနေသော နှင်းကျားသစ်ကျက်စားတည်ရှိမှုကို လေ့လာသုတေသနပြုရန် ပြည်ပနိုင်ငံမှ ပညာရှင်များနှင့် ခါကာဘိုရာဇီအမျိုးသားဥယျာဉ်မှ ဝန်ထမ်းများ ပူးပေါင်းလေ့လာခဲ့ကြခြင်းဖြစ်သည်။



ခါကာဘိုရာဇီအမျိုးသားဥယျာဉ်ဝန်ထမ်းများ နှင်းကျားသစ်ထောင်ချောက်များကို တပ်ဆင်နေကြစဉ်။

### အလယ်အာရှဒေသတွင် နေထိုင်ကျက်စားကြ

နှင်းကျားသစ်(Snow Leopard)သည် ကြောင်မျိုးနွယ်ဝင် သားရဲတိရစ္ဆာန်ဖြစ်ပြီး ကြောင်ကြီးမျိုးစု၏ *Panther uncial*မျိုးစိတ်ဖြစ်သည်။ နှင်းကျားသစ်အများစုသည် အလယ်အာရှဒေသတွင် နေထိုင်ကျက်စားကြပြီး ၎င်းသည် ကျားသစ်အကောင်သေးများနှင့် ခပ်ဆင်ဆင်တူ၍ ပါဏဗေဒအရ မျိုးစုတူသော်လည်း မျိုးစိတ်မတူကြချေ။ နှင်းကျားသစ်သည် အရှည်အားဖြင့် ၁ ဒသမ ၄ မီတာခန့် ရှည်လျားလေ့ရှိပြီး အမြီးအရှည်သည် ၉၀ စင်တီမီတာမှ ၁၀၀ စင်တီမီတာအထိ ရှည်လျားလေ့ရှိကာ အလေးချိန်အားဖြင့် ၇၅ ကီလိုဂရမ်အထိရှိတတ်သည်။ နှင်းကျားသစ်တို့တွင် မီးခိုးရောင်၊ အဖြူရောင်အမွေးများနှင့် အနက်ရောင်အစက်အပြောက်များ ရှိတတ်ပြီး အမြီးတွင် အစင်းများရှိတတ်သည်။ ၎င်းတို့၏အမြီးသည် အအေးဒဏ်ခံနိုင်ရန်အတွက် ရှည်လျားထူထဲနေလေ့ရှိပြီး ခြေထောက်သည် ကြီးမား၍ အမွေးထူကြသည်။ ထို့အတွက်ကြောင့် နှင်းထဲတွင် လွယ်ကူစွာ လှည့်လည်သွားလာနိုင်ခြင်းဖြစ်သည်။

နှင်းကျားသစ်တို့သည် အများအားဖြင့် ညဘက်တွင် ကျက်စားလေ့ရှိပြီး တစ်ကောင်တည်းနေထိုင်လေ့ရှိကာ ရက်တစ်ရာခန့် ကိုယ်ဝန်ဆောင်ပြီးနောက် နှင်းကျားသစ်မသည် သားပေါက်နှစ်ကောင်၊ သုံးကောင်ခန့်ကို မွေးဖွားလေ့ရှိသည်။ နှင်းကျားသစ်သည် အလွန်ကြီးမားသော ကြောင်မျိုးရင်းဝင်တိရစ္ဆာန်များဖြစ်ရာ မုဆိုးများက အမွေးအတွက် သတ်ဖြတ်ကြလေ့ရှိသည်။ နှင်းကျားသစ်သည် ကြောင်မျိုးရင်း Felidae ဖြစ်သောကြောင့် ထိုကြောင်မျိုးရင်းမှ ကြောင်မျိုးရင်းခွဲ Felinae နှင့် ကြောင်ကြီးမျိုးရင်းခွဲ Pantherinae ဟူ၍ နှစ်မျိုးကွဲသွားသည်။ ကြောင်ကြီးမျိုးရင်းခွဲ Pantherinae မှ ကြောင်ကြီးမျိုးစု Panthera နှင့် အင်းကျားမျိုးစု Neofelis ဟူ၍ ထပ်မံပေါ်ထွန်းလာသည်။ ကြောင်ကြီးမျိုးစုတွင် ကျား၊ နှင်းကျားသစ်အုပ်စုနှင့် ခြင်္သေ့၊ ကျားသစ်၊ ဂျိုက်ဂွားအုပ်စုဟူ၍ မျိုးရိုးကွဲသွားသည်။ ထို့ကြောင့် နှင်းကျားသစ်သည် ကျားနှင့် နှင်းကျားသစ်အုပ်စုတွင် ယနေ့တိုင် ရှင်သန်နေလျက်ရှိသည်။

### နှင်းကျားသစ် သုတေသနလုပ်ငန်းစီမံကိန်း

မြန်မာနိုင်ငံအတွင်း နှင်းကျားသစ် သုတေသနလုပ်ငန်းစီမံကိန်း(Cooperation in Snow Leopard in Myanmar) ကို TCP/Grant/Loan – TCP စီမံကိန်းအမျိုးအစားဖြင့် ဆောင်ရွက်ခဲ့ပြီး အထောက်အပံ့ပေးသည့်အဖွဲ့အစည်းသည် အမေရိကန်ပြည်ထောင်စုမှ Panthera Cooperation ဖြစ်သည်။ စီမံကိန်းကာလသည် ၂၀၁၇ ခုနှစ် ဇွန်လမှ ၂၀၁၈ ခုနှစ် ဇွန်လအထိ တစ်နှစ်တာဆောင်ရွက်ခဲ့ပြီး သစ်တောဦးစီးဌာနနှင့် အမေရိကန်နိုင်ငံအခြေစိုက် Panthera Cooperation တို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြသည်။ ထိုသို့ဆောင်ရွက်ရာတွင် ကချင်ပြည်နယ်ရှိ သတ်မှတ်ထားသောနေရာအတွင်း နှင်းကျားသစ်များနှင့် ၎င်းတို့စားသောက်နိုင်ခြေရှိသည့် သားကောင်များကို ကွင်းဆင်းလေ့လာ၍ ထိန်းသိမ်းရေးအခြေအနေကိုသုံးသပ်ခြင်း၊ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဒေသအတွင်း ဆက်စပ်သူများကို နှင်းကျားသစ်များနှင့် ၎င်းတို့၏သားကောင်များကို လေ့လာစောင့်ကြည့်သော နည်းလမ်းများကို သင်တန်းပို့ချခြင်း၊ နှင်းကျားသစ်လေ့လာမည့်ဒေသအတွင်း နှင်းကျားသစ်နှင့်ပတ်သက်သည့် ဗဟုသုတနှင့် သဘောထားကိုလေ့လာခြင်း၊ နှင်းကျားသစ်ကျက်စားသည့် နေရင်းဒေသအတွင်းရှိ ဒေသအစုအဖွဲ့များ ရေရှည်တည်တံ့မှုရှိသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဖော်ထုတ်ပေးနိုင်မည့် အခွင့်အလမ်းများကို လေ့လာဆန်းစစ်ခြင်း၊ နှင်းကျားသစ်ကျက်စားသည့် နေရင်းဒေသအတွင်းရှိ ဒေသအစုအဖွဲ့များ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သဘာဝသယံဇာတများ **စာမျက်နှာ ၁၉ သို့** ❖

**"မြန်မာပြည်မြောက်ဖျား ခါကာဘိုရာဇီအမျိုးသားဥယျာဉ်၏ ရေခဲဖုံးလွှမ်းရာဒေသတွင် ကမ္ဘာပေါ်၌ မျိုးသုဉ်းရန် အန္တရာယ်နှင့် ရင်ဆိုင်ရဖွယ်ရှိနေသည့် နှင်းကျားသစ်တည်ရှိမှုကို ပြည်ပနိုင်ငံမှ ပညာရှင်များနှင့်ပူးပေါင်း၍ သုတေသနပြုခဲ့ရာတွင် နှင်းကျားသစ်ကို မတွေ့ခဲ့ရသော်လည်း ငါးနှစ်ကြာကာလ၌ မြန်မာ့ရေခဲတောင်များပေါ်သို့ လှည့်လည်ကျက်စားလာပါက ခါကာဘိုရာဇီအမျိုးသားဥယျာဉ်ကြီးအား ကမ္ဘာကြီး၏စိတ်ဝင်စားမှုကို ရရှိစေခြင်းဖြင့် အမျိုးသားဥယျာဉ်ကြီး၏ သုတေသနလုပ်ငန်းများနှင့် ဖွံ့ဖြိုးတိုးတက်မှု စွမ်းဆောင်မှုတို့ကို ပိုမိုရရှိစေမည်"**

❖ စာမျက်နှာ ၁၈ မှ

စဉ်ဆက်မပြတ် အသုံးပြုနိုင်သော အသိပညာများကို မြှင့်တင်ပေးနိုင်မည့် အခွင့်အလမ်းများကို လေ့လာဆန်းစစ်ခြင်း၊ သုတေသနနှင့် ထိန်းသိမ်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရန် အကြံပြုချက်များနှင့်လေ့လာတွေ့ရှိချက်တို့ကို သစ်တောဦးစီးဌာနနှင့် အခြားသက်ဆိုင်သည့် အစိုးရဌာနများသို့ အစီရင်ခံတင်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

### ရေခဲတောင်ဒေသတို့တွင် နေထိုင်ကျက်စားနိုင်ခြေရှိ

ရေခဲဖုံးလွှမ်းသော တောင်တန်းများတွင် ရှင်သန်နေထိုင်လျက်ရှိသည့် ဆေးဖက်ဝင်အပင်များနှင့် သစ်ခွများ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် တောရိုင်းတိရစ္ဆာန်တို့သည် နိုင်ငံအတွက်ဂုဏ်ယူဖွယ် သဘာဝအရင်းအမြစ်တို့၏ ရတနာများဖြစ်သည်။ ထိုရတနာများ မျိုးသုဉ်းပျောက်ကွယ်မသွားစေရန် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တိုင်းရင်းသားညီအစ်ကိုအားလုံး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်သည်။ ခါကာဘိုရာဇီ ရေခဲတောင်တွင် မျိုးသုဉ်းရန်အန္တရာယ်နှင့်ကြုံတွေ့နိုင်သည့် နှင်းကျားသစ်သည် အိမ်နီးချင်းနိုင်ငံတို့တွင် ကျက်စားနေကြသည့်နည်းတူ မြန်မာနိုင်ငံရေခဲတောင်ဒေသတို့တွင် နေထိုင်ကျက်စားနိုင်ခြေရှိမှုကြောင့် မြန်မာနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုအခြေစိုက် Panthera Coorporation တို့ ပူးပေါင်း၍ ၂၀၁၇ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ လေ့လာစောင့်ကြည့်ခဲ့ခြင်းဖြစ်သည်။

မြန်မာပြည်မြောက်ဖျားပိုင်းရှိ နှင်းကျားသစ်လေ့လာရေးခရီးစဉ်တွင် ပူတာအိုမြို့ရှိ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်ရုံးမှ ဝန်ထမ်းများနှင့် ပြည်ပပညာရှင်သုံးဦးပါသောအဖွဲ့သည် ဂန်လန်ရာဇီရေခဲတောင်သို့ ၂၀၁၇ ခုနှစ် မေလမှ ဇွန်လအထိ စခန်းနှစ်နေရာပြောင်းရွှေ့ပြီး နှင်းကျားသစ်ပုံရရှိရန် Camera Trap (၇၁)လုံးတပ်ဆင်၍ သုတေသနပြုလုပ်ခဲ့ကြသည်။ စခန်းနှစ်နေရာတွင် စခန်း(၁)သည် အမြင့်ပေ ၁၁၆၄၈ ပေရှိပြီး ကင်မရာပွိုင့်တစ်ခုမှ တစ်ခုသို့ မီတာ ၅၀၀ အကွာတွင် ကင်မရာ ၄၆ လုံးကို တပ်ဆင်ခဲ့ကြသည်။ စခန်း(၂)သည် အမြင့်ပေ ၁၁၇၀၅ ပေရှိပြီး ကင်မရာ ၂၅ လုံး တပ်ဆင်ခဲ့ကြသည်။ ထိုကင်မရာများတပ်ဆင်ခဲ့သော ဂန်လန်ရာဇီ ရေခဲတောင်သည် အမြင့်ပေ ၁၇၀၀၀ အထိမြင့်ပြီး မိုးသည်းထန်စွာရွာသွန်းသည့်အပြင် ရေစီးသန်သော ကျောက်ချောင်းများကိုဖြတ်သန်း၍ မြွေဆိုးများ အန္တရာယ်ကိုသတိပြုကာ သဘာဝအန္တရာယ်များကြားတွင် ကြမ်းတမ်းသောရာသီဥတုကိုဖြတ်သန်းခဲ့ကြသည်။ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ အဆက်အသွယ်ပြတ်တောက်ခြင်း၊ ရေခဲမြစ်ပျော်ကျလာချိန်တွင် အသက်အန္တရာယ်ရှိခြင်း၊ တောင်တက်ဝတ်စုံ၊ Field Equipmentနှင့် သုတေသနလုပ်ငန်းသုံး အထောက်အကူပစ္စည်းများ လိုအပ်မှုကြောင့် ပြည်ပပညာရှင် သုံးဦးနှင့် အထမ်းသမားများ တောစခန်းမှ ပြန်လည်ဆုတ်ခွာသွားသော်လည်း ဒေသခံဝန်ထမ်းတို့သည် မီတာ ၅၀၀ တိုင်းတွင် ကင်မရာကိုးလုံးကို ဆက်လက်တပ်ဆင်နိုင်ခဲ့ကြသည်။ အဆိုပါကင်မရာ ကိုးလုံးကို တပ်ဆင်သော



ပြည်ပပညာရှင်သုံးဦးနှင့် ခါကာဘိုရာဇီအမျိုးသားဥယျာဉ်ဝန်ထမ်းများ၏ နှင်းကျားသစ်သုတေသနခရီးစဉ်။

ဧရိယာသည် အိန္ဒိယနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံကြားရှိ မြန်မာနိုင်ငံအတွင်းတည်ရှိသည့် သုံးနိုင်ငံ နယ်နိမိတ်ထိစပ်နေသော(Tran Boundary) နယ်မြေဖြစ်သည်။ ထိုနေရာသည် နယ်ခြားကျောက်တိုင်အမှတ်(၄၆)အနီး အမြင့်ပေ ၁၄၈၀၀ ရှိသော ရေခဲတောင်ဖြစ်သည်။ ဒေသခံဝန်ထမ်းများ၏ လုပ်ငန်းတာဝန်ကျေပွန်မှုနှင့် ပေးအပ်သောတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ခြင်းသည် နိုင်ငံအတွက် ဂုဏ်ယူဖွယ်ပင်ဖြစ်သည်။ ရေခဲတောင်တွင် သွားလာရာ၌ ထောက်ပံ့ပစ္စည်းများ အားနည်းသော်လည်း ပြည်ပပညာရှင်များကြားတွင် မြန်မာတို့၏ စွမ်းဆောင်မှုကို ထုတ်ဖော်ပြသနိုင်ခဲ့သည်။ ထိုနယ်ခြားကျောက်တိုင်နေရာသည် သဘာဝသိပ္ပံဆိုင်ရာ သုတေသနပြုလေ့လာမှတ်တမ်းတင်နိုင်ခြင်းမရှိသေးသောနေရာဖြစ်ရာ တိုးချဲ့ဆောင်ရွက်သင့်သော ဧရိယာတစ်ခုအဖြစ် မှတ်ချက်ပြုခဲ့ကြသည်။ ကင်မရာများတပ်ဆင်ခဲ့သော ဧရိယာသည် မြန်မာ-တရုတ်နယ်ခြားကျောက်တိုင်အနီးဖြစ်၍ လူသွားလူလာနည်းပါးသဖြင့် နှင်းကျားသစ်ဓာတ်ပုံကောင်းများရရှိနိုင်ကြောင်း Psnthera Corporation မှ Regional Scientist ပညာရှင် Mr.Byron Weckworth ဦးဆောင်သောအဖွဲ့က ဆွေးနွေးသုံးသပ်ခဲ့သည်။

ထိုသို့ ဟိမဝန္တာအရှေ့ဖျား မြန်မာနိုင်ငံ၏ အမြင့်ပေ ၃၀၀၀ ကျော်မှ အမြင့်ပေ ၁၀၀၀၀ ကျော် အတွင်းရှိ ရေခဲတောင်ဂေဟစနစ် ဧရိယာများသို့ သွားရောက်၍ ရေခဲတောင်ဂေဟစနစ်အတွင်း ရှင်သန်ပေါက်ရောက်သည့် အဖိုးတန် ဇီဝမျိုးစုံမျိုးကွဲများကို လေ့လာသုတေသနပြုလုပ်ခြင်း၊ ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် သုတေသနလုပ်ငန်းများကို စိတ်ပါဝင်စားသော လူငယ်ဝန်ထမ်းများအား လေ့ကျင့်မွေးထုတ်နိုင်ခြင်းသည် ရေခဲတောင်ဒေသအတွင်း တည်ရှိသည့် ဇီဝမျိုးစုံမျိုးကွဲများ၏ သုတေသနလုပ်ငန်းများ ဖော်ဆောင်ရာ၌ နိုင်ငံအတွက် အရေးပါလျက်ရှိသည်။

### မျိုးသုဉ်းရန်အန္တရာယ်နှင့် ရင်ဆိုင်ရဖွယ်ရှိ

ကမ္ဘာပေါ်ရှိ ဆီးနှင်းဖုံးလွှမ်းသော ဗဟိုအာရှနိုင်ငံ ၁၂ နိုင်ငံတွင် နှင်းကျားသစ်ကိုတွေ့ရှိရပြီး လက်ရှိတွင် ကောင်ရေ ၃၀၀၀ မှ ၆၀၀၀ ကျော်အထိ သာကျန်ရှိကြောင်း အပြည်ပြည်ဆိုင်ရာ သဘာဝအရင်းအမြစ်များ ထိန်းသိမ်းရေးအဖွဲ့က မှတ်တမ်းတင်ထားသည်။ တရုတ်၊ အိန္ဒိယ၊ နီပေါ၊ ပါကစ္စတန်၊ ဘူတန်၊ မွန်ဂိုလီးယား၊ အာဖဂန်နစ္စတန်၊ ကာဇက်စတန်၊ ရုရှား၊ တာဂျစ်ကစ္စတန်၊ ဥဇဘတ်ကစ္စတန် နိုင်ငံတို့တွင် ကျက်စားလျက်ရှိသည်။ အိန္ဒိယနိုင်ငံတွင် ကောင်ရေ ၂၀၀ မှ ၆၀၀၊ တရုတ်နိုင်ငံတွင် ကောင်ရေ ၂၀၀၀ မှ ၂၅၀၀၊ နီပေါနိုင်ငံတွင် ကောင်ရေ ၃၀၀ မှ ၅၀၀ ၊ ဘူတန်နိုင်ငံတွင် ကောင်ရေ ၁၀၀ မှ ၂၀၀ နှင့် ပါကစ္စတန်နိုင်ငံတွင် ကောင်ရေ ၂၀၀ မှ ၄၀၀ ကျော်သာ ကျန်ရှိသောကြောင့် ကမ္ဘာတွင် နှင်းကျားသစ်သည် မျိုးသုဉ်းရန်အန္တရာယ်နှင့် ရင်ဆိုင်ရဖွယ်ရှိသည့် တောရိုင်းတိရစ္ဆာန်အဖြစ် သတ်မှတ်ထားခြင်းဖြစ်သည်။ လူတို့သည် သားစားသတ္တဝါများကို အလွန်အကျွံအမဲလိုက်ခြင်း၊ တောရိုင်းတိရစ္ဆာန်များ ကျက်စားရာ နယ်မြေကျဉ်းမြောင်းလာခြင်း၊ လူနှင့် တောရိုင်းတိရစ္ဆာန် ပဋိပက္ခဖြစ်ခြင်းတို့ကြောင့် သတ်ဖြတ်ခံရခြင်း၊ အမဲလိုက်ခံရခြင်းနှင့် ရာသီဥတုပြောင်းလဲလာမှုကြောင့် ကမ္ဘာပေါ်တွင် နှင်းကျားသစ်ကောင်ရေ ကျဆင်းလာခြင်းကြောင့် မျိုးသုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာကွန်ဗင်းရှင်း(Convention on International Trade of Endangered Speciec of Wild Fauna and Flora-CTTES)နှင့် အပြည်ပြည်ဆိုင်ရာ သဘာဝအရင်းအမြစ်များ ထိန်းသိမ်းရေးအဖွဲ့( International Union for Conservation of Nature and Natural Resources – IUCN)တို့က မျိုးသုဉ်းရန်အန္တရာယ်ကျရောက်နိုင်သော မျိုးစိတ်အဖြစ် သတ်မှတ်ထားရာ ထိန်းသိမ်း ဆောင်ရွက်မှုနှင့်အတူ ဝိုင်းဝန်းလက်တွဲဆောင်ရွက်ရန် နှိုးဆော်ထားသည်။

### သဘာဝထိန်းသိမ်းရေးနယ်မြေ ၄၅ ခု သတ်မှတ်ဖွဲ့စည်း

ကမ္ဘာကြီးပူနွေးလာမှုသည် အပင်နှင့်သတ္တဝါနှစ်မျိုးလုံးကို မျိုးသုဉ်းမည့်အန္တရာယ်နှင့် ကမ္ဘာလုံးဆိုင်ရာ ရင်ဆိုင်လာရခြင်းဖြစ်သည်။ မြန်မာပြည်မြောက်ဖျား ခါကာဘိုရာဇီအမျိုးသားဥယျာဉ်၏ ရေခဲဖုံးလွှမ်းရာဒေသတွင် ကမ္ဘာပေါ်၌ မျိုးသုဉ်းရန် အန္တရာယ်နှင့် ရင်ဆိုင်ရဖွယ်ရှိနေသည့် နှင်းကျားသစ်တည်ရှိမှုကို ပြည်ပနိုင်ငံမှ ပညာရှင်များနှင့်ပူးပေါင်း၍ သုတေသနပြုခဲ့ရာတွင် နှင်းကျားသစ်ကို မတွေ့ခဲ့ရသော်လည်း ငါးနှစ်ကြာကာလ၌ မြန်မာ့ရေခဲတောင်များပေါ်သို့ လှည့်လည်ကျက်စားလာပါက ခါကာဘိုရာဇီအမျိုးသားဥယျာဉ်ကြီးအား ကမ္ဘာကြီး၏စိတ်ဝင်စားမှုကို ရရှိစေခြင်းဖြင့် အမျိုးသားဥယျာဉ်ကြီး၏ သုတေသနလုပ်ငန်းများနှင့် ဖွံ့ဖြိုးတိုးတက်မှုစွမ်းဆောင်မှုတို့ကို ပိုမိုရရှိစေမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် သဘာဝထိန်းသိမ်းရေးနယ်မြေ ၄၅ ခု သတ်မှတ်ဖွဲ့စည်းထားပြီး အာဆီယံဒေသအတွင်း ဇီဝမျိုးစုံမျိုးကွဲ၊ ဂေဟစနစ်နှင့် ယဉ်ကျေးမှုတို့အရ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်၊ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်၊ နတ်မတောင် အမျိုးသားဥယျာဉ်၊ လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်၊ အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် ထမံသီ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတို့သည် အာဆီယံအမွေအနှစ်ဥယျာဉ် (ASEAN Heritage Park- AHP) များအဖြစ် အသိအမှတ်ပြုခံထားရသည့် သဘာဝထိန်းသိမ်းရေး နယ်မြေများဖြစ်သည်။

ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေ (၂၀၁၈)အရ သိပ္ပံကြိုးဝိုင်း၊ အမျိုးသားဥယျာဉ်၊ အဏ္ဏဝါအမျိုးသားဥယျာဉ်၊ သဘာဝကြိုးဝိုင်း၊ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေနှင့် ဒေသခံအစုအဖွဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေတို့အား သဘာဝထိန်းသိမ်းရေးနယ်မြေ အမျိုးအစားများအဖြစ် သတ်မှတ်ထားသည်။ သဘာဝထိန်းသိမ်းရေးနယ်မြေတွင် ပါဝင်သော မြန်မာပြည်မြောက်ဖျားမှ ရေခဲများဖုံးလွှမ်းလျက်ရှိသည့် ခါကာဘိုရာဇီအမျိုးသားဥယျာဉ်သည် မြန်မာနိုင်ငံအတွက်သာမက အာဆီယံနိုင်ငံများအတွက်လည်း ဂုဏ်ယူဖွယ်ဖြစ်သော အာဆီယံအမွေအနှစ် အမျိုးသားဥယျာဉ်ကြီးတစ်ခုအဖြစ် ယနေ့တိုင် ရှင်သန်ရပ်တည်လျက်ရှိနေကြောင်း ရေးသားလိုက်ရပါသည်။ ။

## သဘာဝဘေးဒဏ်ခံနိုင်သော ရပ်ရွာအသိုက်အဝန်းဖြစ်ပေါ်စေရေး၊ ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်

ချောင်းဆုံ မတ် ၄

သဘာဝဘေးကျရောက်လျှင် ကြံ့ခိုင်မှုမရှိသော နေအိမ်များအား မိုးကြိုကာလ လေဘေးကြိုတင်ကာကွယ်ရေး အားဖြည့်ပြင်ဆင်ခြင်းလုပ်ငန်းများကို ယနေ့တွင် ဇီးကုန်းကျေးရွာသို့ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဝန်ထမ်းများ သွားရောက်ကာ နေအိမ်အမိုးအကာ ကြံ့ခိုင်မှုရှိစေရန် ပြုပြင်ရေးလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်အတွင်းရှိ ဘေးသင့်နိုင်သည့် ပင်လယ်ကမ်းစပ်ကျေးရွာများဖြစ်သည့် ဆယ်ပလာ၊ ဇီးကုန်း၊ ကမာကေးနှင့် ချောင်းဆုံအနောက်ရပ်ကွက်တို့ရှိ ဆင်းရဲနွမ်းပါးပြီး ကြံ့ခိုင်မှုမရှိသော နေအိမ်များကို မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနအဖွဲ့မှ ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ပူးပေါင်းပြီး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်


နေပြည်တော် မတ် ၄

စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

မိုး/ဇလ

ဝတ္ထုတို

## စံပယ်ဦး(နောင်ချို)




(၁)

"ဖျပ် ..ဖျပ်"

အအေးပိုလာတဲ့ ဆောင်းညမှာ ဘာဘူစောင်အစုတ်လေးကို ခေါင်းအထိ ဆွဲခြုံပြီး အအေးဒဏ်ကို အန်တုနေမိတဲ့ ဘိုးမြိုင်။ မနီးမဝေးဆီက တစ်စုံတစ်ယောက်ရဲ့ခြေသံကို ကြားလိုက်မိတယ်။ စောင်ကိုဖယ် ခေါင်းထုတ်ကြည့်ဖို့ ဟန်ပြင်ပြီးကာမှ အတွေးတစ်ခုဝင်လာလို့ အသာငြိမ်နေလိုက်တယ်။ စောင်ဖယ်လိုက်တာနဲ့ ရေခဲရေနဲ့ ပက်လိုက်သလိုမျိုး အေးလွန်းတဲ့ ခံစားချက်ကို မထိတွေ့ချင်တာလည်း ပါတာပေါ့။

"ဖျပ်..ဖျပ်"

တဖြည်းဖြည်း နီးကပ်လာတဲ့ခြေသံကြောင့် သူ့အတွေးမှန်သွားပြီဆိုတာ သိလိုက်မိတယ်။ သူ့ရဲ့ မိုးမလုံ လေမလုံ မိုးကာအစုတ်အပြဲလေးတွေနဲ့ တစ်ကိုယ်စာအိပ်သာရုံလုပ်ထားတဲ့ ဒီလိုကျူးတဲနားကို လာတတ်တဲ့သူက ဘယ်သူဖြစ်ဦးမလဲ။

သူခိုးကတော့ဝေးစွ။ ခိုးမယ့်သူတောင် ထိုင်ငိုပြီး သူ့ကို ပေးကမ်းသွားလိမ့်ဦးမယ်။ ဒီနေရာမှာ သူ့တဲ တစ်ခုတည်းတော့ မဟုတ်။ သူ့လို တဲလို့ မခေါ်သာတဲ့ ဆယ်ပေမပြည့်တဲ့ မိုးကာတဲလေးတွေက ဆယ်ခုလောက်တော့ရှိမယ်။ ဒါပေမဲ့ သူ့ထက်တော့ မိုးလုံလေလုံကြတာချည်းပဲ။ တချို့လည်း မိသားစုနဲ့။ တချို့ကလည်း တစ်ကိုယ်တည်းပေမယ့် ဖုန်းကိုယ်စီနဲ့ ဟုတ်နေရော။ သူသာ ခုနစ်ဆယ်ကျော်နေတဲ့ ဇရာအိုကြီးမို့ စွမ်းတာလည်းမရှိ။ ကြည့်ရှုစောင့်ရှောက်သူလည်း မဲ့တဲ့ဘဝ။

ခဏနေ ဒီနေရာရဲ့ ပိုင်ရှင် ပေါ်လာလို့ ဖယ်ဖယ်ဆိုလည်း စိုက်ထားတဲ့ ယိုင်တိုင်တိုင်ဝါးလုံးတိုင်တွေနုတ်၊ စုဆောင်းထားတဲ့ အစုတ်ထုပ်လေး သယ်ပြီးထွက်သွားရုံ။ နောက်ဆံတင်းစရာလည်း မလို။ တွယ်တာစရာလည်း မရှိ။

အဲဒီလို သူ့ကိုများ သူရောက်လေရာ အရပ်တိုင်းမှာ လာလာချောင်းတဲ့ တစ်စုံတစ်ယောက်ကရှိသေး။

အခုလည်း သူဒီနေရာရောက်တာ တစ်ပတ်မပြည့်သေးဘူး။ ဒီခြေသံကို ကြားရပြီ။ ဒီတစ်ခါတော့ သူ့ဆီလာတဲ့ ခြေသံက တစ်ပတ်ကြာမှ ကြားရတာဆိုတော့ နောက်ကျတယ်ပြောရမယ်။ အရင်နေရာတွေပြောင်းတုန်းက နှစ်ရက်သုံးရက်ဆိုရောက်လာပြီ။ ဘာလိုလိုနဲ့ သူ့ပတ်ဝန်းကျင်မှာ အဲဒီခြေသံရှင်ကို သတိထားမိတာ နှစ်နှစ်ကျော် သုံးနှစ်လောက်ရှိပြီ။

သူ အတွေးများနေတုန်း ခြေသံက သူ့တဲနားမှာရပ်သွားပြီ။ ဒီလောက်အေးတဲ့ ညကြီးမှာ လျှောက်သွားနေတဲ့ အဲဒီခြေသံရှင်ကို သူအံ့ဩမိတယ်။ အရင်ရက်တွေ တုန်းက သိပ်မအေးခဲ့တဲ့ဆောင်းက အခုနှစ်ရက်အတွင်း သိသိသာသာအေးခဲလာလိုက်တာ ရေခဲတောင် ရောက်နေရသလိုပဲ။ ညညဆို တဆတ်ဆတ်တုန်ချမ်းနေတာနဲ့ ဘိုးမြိုင် ကောင်းကောင်းအိပ်မပျော်။

တံခါးရယ်လို့မရှိတဲ့ ဘိုးမြိုင်ရဲ့ မိုးကာတဲထဲကို ဘုတ်ခနဲ တစ်ခုခုပစ်ချလိုက်တဲ့ အသံကြားလိုက်ရတယ်။ စိတ်ကုန်စွာနဲ့ ဟူးခနဲ သက်ပြင်းချလိုက်မိတယ်။ သူစောင်ဖယ်ပြီး ကြည့်ရင်လည်း ဘယ်တုန်းကမှ သေချာမမြင်ရတဲ့ မျက်နှာ။

ခိုက်ခိုက်တုန်နေရင်းက ချမ်းလွန်းလို့ ကွေးထားရတဲ့ ဒူးကလည်း သူ့နဖူးနဲ့ တိုက်တော့မယ်။ ကွေးထားရလို့ နာကျင်ကိုက်ခဲလာတဲ့ ခါးကိုဆန့်ဖို့ကလည်း သူ့ကိုယ်လုံးက တောင့်တင်းနေပြီ။ အင်း ဒီလိုနဲ့ သူအေးခဲပြီး သေသွားရင်လဲ အထူးတလည် ဝမ်းနည်းမယ့်သူမရှိ။ သူ့ကိုသင်္ဂြိုဟ်ပေးမယ့် လူမှုရေးအသင်းတွေလာမှပဲ သူ့ခန္ဓာကိုယ်က ဒီတဲထဲက ထွက်ရမှာ။

သူမရှိတော့ရင် အဲဒီခြေသံရှင်ကကော သူ့ကို ရှာနေဦးမှာလား။ ဘိုးမြိုင်ရင်ထဲ လှိုက်ခနဲဖြစ်သွားမိတယ်။ သူ့ကို သတိတရနဲ့ကျန်ခဲ့မဲ့သူ၊ ရှာနေမဲ့သူ ဒီလောကကြီးထဲမှာ ရှိနေမှာပါလားဆိုတဲ့အသိနဲ့ပေါ့။ သူကကော ဘာလို့များ သူနဲ့အတူ နေမလားလို့ တစ်ခါမှ မခေါ်မိတာပါလိမ့်။ အင်းလေ ခေါ်ရမယ့် ဘဝမျိုးမှ မဟုတ်တာ။ ကိုယ့်ဝမ်းကိုယ်တောင် ငတ်နေတဲ့ သူက ဘယ်သူ့ကိုများ ခေါ်နေရဦးမှာလဲ။

ဘိုးမြိုင် အတွေးလွန်နေရာက သတိရလို့နားစွင့်မိတော့ တဖျပ်ဖျပ်နဲ့ ခြေသံက ဝေးဝေးသွားတာ ကြားမိပြန်တယ်။ တဖြည်းဖြည်းဝေးကွာ ပျောက်ကွယ်သွားတဲ့ ခြေသံကို နားထောင်မိရင်း ရင်ထဲ မကောင်းသလိုလို။

(၂)

မနက်ရောက်တော့ တဲစုတ်လေးရဲ့ အပေါက်ဝမှာထိုင်ရင်း မိလှတင်တို့ သားအမိတွေ ဆာလာအိတ်ကြီး အိတ်ငယ်နဲ့ သူတို့လုပ်ငန်းစဖို့ပြင်ဆင်နေကြတာကို ဘိုးမြိုင်ငေးနေမိတယ်။ ခဏကြာတော့ တဲရှေ့က ဖြတ်သွားရင်း မိလှတင် သူ့ကိုလှမ်းပြောတယ်။

"ဘိုးမြိုင် ညက ဟိုအရူးလေးလာသေးတယ်မဟုတ်လား။ မနေ့ညနေက ဒီနားတစ်ဝိုက်မှာ မြင်မိတော့ ဘိုးမြိုင်ကို ရှာနေတာနေမှာလို့ တွေးမိလိုက်သေးတယ်။ သူ့လည်း ဘယ်ဘဝက ရေစက်လဲ မသိဘူးနော်။ ဘိုးမြိုင်နောက်ပဲ တကောက်ကောက်လိုက်နေရှာတာ။ နေ့ခင်းကျ သူ့ဘာသာ လမ်းတကာမှာ လျှောက်သွားနေတာ။ ညဘက်ကျ ညတိုင်း ဘိုးမြိုင်ကို လာကြည့်ရှာတာ။ ညကလည်း ထမင်းသိုးထုပ် ထားခဲ့ပြန်ပြီမဟုတ်လား။ ကျုပ်တို့သာ အသိုးအပုပ်မို့ မစားနိုင်တာ။ သူကတော့ အရူးဆိုတော့ ဘာသိမှာတုံး။ စားနေလိုက်တာနော်။ ဘိုးမြိုင်အတွက်လည်း စေတနာနဲ့ လာလာပေးရှာတာ"

"အေးဟ အခုက အေးလာပြီဆိုတော့ သူနေတဲ့ လမ်းဘေးဆိုင်တွေ၊ သူများအိမ်ရှေ့တွေမှာ အိပ်နေရတာ ပိုအေးမှာပဲ။ ညဘက်လာရင် ငါခေါ်ထားရမလားလို့ တွေးနေတာ။ ငါဟိုဘက် အမှိုက်ပုံက မိုးကာစုတ်တွေ ရထားလို့ ဒီနေ့ ငါ့နေရာလေး ပြန်ပြင်လိုက်ဦးမယ်ဟာ။ ညည်းတို့နဲ့ ဘူးခွံကောက် မလိုက်တော့ဘူး"

"ကောင်းတာပေါ့တော်။ အရူးပေမယ့် ဘိုးမြိုင်စကားတော့ နားထောင်တာပဲဟာ။ အဖော်ရတာပေါ့။ ညနေစာ မပူနဲ့။ ကျုပ်ညနေကျ ဝယ်လာပေးမယ်နော်"

"အေးပါကွယ်။ ညည်းတို့ ကျွေးနေလို့ ငါအသက်ရှင်နေရတာ။ သက်ရှည်ကျန်းမာလို့ ချမ်းသာကြပါစေကွယ်"

"ကျန်းမာရင် တော်ပါပြီ ဘိုးမြိုင်ရယ်။ ဆေးကုဖို့ ပိုက်ဆံမရှိလို့ပါ။ ဒီဘဝချမ်းသာဖို့လမ်းလည်း မမြင်ပါဘူးတော်။ ဘာပဲဖြစ်ဖြစ်ပြည့်ပါရစေ ဘိုးမြိုင်ရေ၊ သွားပြီနော်"

မိလှတင်ကို ခေါင်းညိတ်ပြရင်း သူပြောတာလည်း ဟုတ်ပေသားလို့ တွေးလိုက်မိတယ်။ သူတောင် ဒီလို လမ်းဘေးရောက်ခဲ့တာ ဆယ်နှစ်ပြည့်တော့မှာလေ။ တဖြည်းဖြည်း အိုနာလာ၊ မွဲတေလာတာပဲရှိတာ။ ဘယ်မှာ ပြည့်စုံလို့တုံး။

(၃)

လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်တုန်းကတော့ မရှိမရှားနေနိုင်ခဲ့သား။ သူခိုး ခိုးရင်ကျန်သေး၊ မီးခိုးတော့ ပြာပုံကလွဲ သူ့မှာ ဘာမျှမကျန်ခဲ့ဘဲ နေ့ချင်းညချင်း ဆင်းရဲတွင်း ဆင်းခဲ့ရတာလေ။

အဘွားကြီးက သူအသက်ငါးဆယ်ကျော်မှာ ဆုံးသွားတော့ သားသမီးမရှိတဲ့ သူက ခုထိတစ်ကောင်ကြွက်ပါပဲ။ သူပေးကမ်းနိုင်တုန်းက ကြည့်ရှုစောင်မခဲ့တဲ့ ဆွေမကင်း မျိုးမကင်းတွေကလည်း သူ့ရှိသမျှ မီးလောင်ပြာကျမှန်းလည်း သိရော သူတို့ဆီခိုကပ်နေမှာ ကြောက်လို့ထင်ပါရဲ့။ ခိုညည်းညည်းပြလိုက်ကြတာ။ နှုတ်ဆက်မေးမြန်းဖော်တောင်မရကြဘဲ သူစိမ်း ပြင်ပြင်ဆက်ဆံကြတာ ဘိုးမြိုင်ရဲ့ ဘဝတွေ့ကိုယ်တွေ့ပဲ။

အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ လေလွင့်လိုက်မိတာ။ အဲဒီတုန်းက ဆောင်းတွင်းချိန်ကြီးမှာ အပူတွေနဲ့ မို့လားမသိ။ မအေးခဲ့ဘူး။ သူ့ကိုယ်မှာ ဝတ်လျက်သား အဘွားကြီးထိုးပေးခဲ့တဲ့ အနွေးထည်တောင် လမ်းဘေး ကလေးလေးချမ်းနေလို့ ချွတ်ပြီး ခြုံပေးခဲ့တာ။

ပိုင်ဆိုင်တာ ဘာမျှမရှိတော့တဲ့ သူ့ဘဝမှာ အခုတဲစုတ်လေး ဆောက်နေနိုင်တာ နည်းတဲ့ပိုင်ဆိုင်မှုလားလို့တွေးပြီး ဘိုးမြိုင်ပြုံးလိုက်မိသေး။ သူ မကျွေး မမွေးရဘဲ သူ့ကို သံယောဇဉ်ကြီးရှာတဲ့ ဟို ခြေသံရှင်လေးရှိနေတာကလည်း ထူးတဲ့ကုသိုလ်ကံ အကျိုးပေးပဲလေ။

မိလှတင် ရေရွတ်နေတတ်တဲ့ စကားလိုပေါ့။ ဘာတဲ့"နေတတ်ရင် ကျေနပ်စရာ" ဆိုပဲ။ "ဖြစ်သမျှအကြောင်း အကောင်းချည်းမှတ်"တဲ့။ အရင်ကတော့ ဘိုးမြိုင် အဲဒီစကားကို လက်မခံပါဘူး။ သူဆင်းရဲလာရတဲ့အကြောင်းကို အကောင်းမှတ်လို့မှ မရတာ။ ဒါပေမဲ့ အခုတော့ နေတတ်ရင် ကျေနပ်ရမယ့်ဘဝလေ။ မကျေနပ်လို့လည်းရမှ မရတာကိုး။ ကံကြမ္မာကို လက်ညှိုးထိုး ဆဲဆိုနေလို့မှ မရတာ။

(၄)

ဘိုးမြိုင် ချမ်းလွန်းလို့ အရိုးအရိုးချင်း ရိုက်မိမတတ် တဂတ်ဂတ်တုန်နေရင်းက ခြေသံရှင်ကို မျှော်နေမိတယ်။ အေးတယ်ဆိုပေမယ့် နေ့လယ်က သူလုံအောင် ကာမိုးထားတဲ့မိုးကာ အစုတ်အပိုင်းလေးတွေက လေတိုးဒဏ်ကိုတော့ ကာကွယ်ပေးထားတယ်လေ။

ဘာဘူစောင်အစုတ်လေးကို ဆွဲယူခြုံပြီးကွေးနေရာက သူ့ဘေးမှာ ခေါက်ထားတဲ့ ချည်စောင်အစုတ်လေးကို ကြည့်လိုက်မိတယ်။ ဒါလေးနဲ့ ခြေသံရှင်လေး နွေးပါ့မလားလို့ တွေးမိရင်းက အင်္ကျီအစုတ်တွေ အထပ်ထပ်ဝတ်ထားတတ်တဲ့ ပုံရိပ်ကို မြင်ယောင်မိတယ်။ လမ်းဘေးမှာ အိပ်တာထက် သူ့တဲစုတ်က ပိုနွေးမှာပါလို့ တွေးလိုက်မိတယ်။

ခြေသံရှင်ကို စောင့်ရင်းမှေးခနဲ အိပ်ပျော်သွားတယ်ထင်ပါရဲ့။ သူ့ရဲ့ ကိုယ်ပေါ်ကို တစ်စုံတစ်ရာက ရွေ့လျားဖုံးအုပ်နေတာကို ခံစားမိပြီး နိုးလာတယ်။ ပြီးတော့ အေးထုံနေတဲ့ သူ့ခန္ဓာကိုယ်က နွေးသွားသလိုပဲ။

ဘိုးမြိုင် မျက်လုံးဖွင့်ကြည့်လိုက်မိတယ်။ ဖွင့်ထားတဲ့ မိုးကာတဲ အပေါက်ဝကနေ ထိန်ဝင်းပြီးသာနေတဲ့ လရောင်ကြောင့် မြင်လိုက်ရတာက နီကြောင်ကြောင်ဆံပင်ရှည်တွေ ဖွာလန်ကျဲနဲ့ ညစ်ထပ်ထပ် လူတစ်ယောက်။ အဲဒီဆံပင်ရှည်တွေကလည်း သူ့မျက်နှာကို မမြင်နိုင်အောင် မျက်နှာအရှေ့မှာ ဖိုးရိုးဖားရားကျလို့။ ဒီလို ညဘက်အချိန် အဲဒီလူကို မြင်မိတဲ့သူကတော့ ရုတ်တရက် သရဲလို့ ထင်မှာမလွဲ။ ဘိုးမြိုင်နိုးသွားတာ သိတော့ အဲဒီလူက ပြန်ထွက်ဖို့ ဟန်ပြင်တယ်။

"ငါနဲ့အတူ နေမလား"

မိုးကာတဲ အပေါက်ဝကနေ ခါးကုန်းထွက်နေတဲ့လူက တန့်ခနဲ ဖြစ်သွားတယ်။ ပြီးတော့ နောက်ပြန်လှည့်ကြည့်တယ်။ အခုမှ ဘိုးမြိုင်လည်း သူ့ကိုယ်ပေါ်က လွှမ်းခြုံထားတဲ့အရာကို ကြည့်မိရင်း ရင်ထဲမှာ ဒိန်းခနဲပဲ။ ကြွက်ကိုက်ရာ ဗရပွနဲ့နှစ်ယောက်ခြုံ တရုတ်မွေးပွစောင် အထူကြီး။ ဒီအရူးလေး ဘယ်ကရလာတယ် မသိပေမယ့် ဒါဟာ စွန့်ပစ်ပစ္စည်းဆိုတာတော့ ဘိုးမြိုင်တပ်အပ်ပြောရဲတယ်။ တချို့လူတန်းစားတွေအတွက် မသုံးသင့်တော့တဲ့ အမှိုက်ဖြစ်ပေမယ့် ဘိုးမြိုင်တို့လို လူတွေအတွက်တော့ ဘုရားပေးတဲ့ ဆုတစ်ခုလို အဖိုးတန်လှတယ်လေ။

"ဟီး..ဟီး"

သူ့ရှေ့မှာ ပြန်လာထိုင်ပြီး တဟီးဟီးနဲ့ ရယ်ပြနေတဲ့သူက ခြေသံရှင် အရူးလေးပေါ့။ ဘိုးမြိုင် သေချာကြည့်လိုက်မိတယ်။ ကြည့်ပေမယ့် သူ့မျက်နှာကို မမြင်ရ။ ခဏကြာတော့ အရူးလေးက သူ့ရဲ့ ဘယ်နှထပ်မြောက်မှန်းမသိတဲ့ အင်္ကျီတွေကို မပြီးလှန်ပြတယ်။ အင်း လေးထပ်မြောက် အင်္ကျီထင်ပါရဲ့။ သူဘာကို ပြောချင်မှန်း နားမလည်လို့ ဘာလဲလို့ မေးလိုက်မိတော့ နောက်တစ်ခါ ပိုပေါ်အောင် လှန်ပြရင်း သူ့ရင်ဘတ်ကို တဘုတ်ဘုတ် ပုတ်ပြနေသေးတယ်။ ပြီးတော့ သူ့မျက်နှာရှေ့က ဆံပင်တွေကို လက်နှစ်ဖက်နဲ့ ခွဲပြီးပြပြန်တယ်။ ချေးအထပ်ထပ်နဲ့မျက်နှာက အသက်နှစ်ဆယ်နီးပါးရှိမယ်လို့ ခန့်မှန်းလိုက်မိတယ်။

ဘိုးမြိုင် မျက်နှာကို သေချာကြည့်ပြီး ရယ်ပြနေတာလား။ ငိုချင်နေတာလား မသိ။ မည်းညစ်နေတဲ့ မျက်နှာပေါ်က ခံစားချက်ကို ဘိုးမြိုင် ပုံမဖော်တတ်။ ခဏနေတော့ ဘိုးမြိုင် ရင်ဘတ်က အင်္ကျီစကိုဆွဲပြပြီး နောက်တစ်ခါ သူ့အင်္ကျီကို ပြန်လှန်ပြပြန်ရော။

"ဟင်"

သူ သေချာကြည့်လိုက်မိရင်းက ဟင်ခနဲဖြစ်သွားမိပြီး ရင်ထဲလည်း လှိုက်ခနဲ။ အဘွားကြီး ထိုးပေးခဲ့တဲ့ သူ့အနွေးထည်လေး။ အရောင်အဆင်း မရှိတော့ပေမယ့် သူတစ်ချိန်က လမ်းဘေးကလေးတစ်ယောက်ကို ခြုံပေးခဲ့တဲ့ အင်္ကျီလေး။ ဒါဆို ဒါဆို ဒီအရူးလေးက။

ဝေ့ခနဲ ဝဲလာတဲ့ မျက်ရည်တွေကို လက်ခုံနဲ့ ဖယ်ရှားပစ်ပြီး အရူးလေးရဲ့ လက်နှစ်ဖက်ကို ဆုပ်ကိုင်လိုက်မိတယ်။ ပြီးတော့ ဆံပင်တွေကြားထဲက အရောင်လဲ့နေတဲ့ မျက်လုံးတွေကိုကြည့်ရင်း ဘိုးမြိုင်ရဲ့ ဇရာအို မျက်လုံးအစုံကလည်း ငွေ့ရည်တွေနဲ့ အရောင်တဖျတ်ဖျတ်။

တချို့သော နွေးထွေးခဲ့ခြင်းတွေဟာ ဘဝမှာ အမှတ်တရကြီး ဖြစ်စေခဲ့လေသလား။ အသွားအပြန် မေတ္တာတရားဆိုတာကလည်း လူတန်းစားနဲ့ မသက်ဆိုင်။ အသိဉာဏ်နဲ့ မပတ်သက်။ နှလုံးသားနဲ့ ခံစားတုံ့ပြန်ခြင်းဆိုတာ အခုမှ ဘိုးမြိုင် သိလိုက်မိတာ။

အေးစက် ထုံကျင်နေတဲ့ လက်နှစ်စုံက တင်းတင်းဆုပ်ကိုင် ထားမိကြဆဲ။ အရောင်တလဲ့လဲ့ မျက်ဝန်းတွေက တဖျတ်ဖျတ် တောက်ပနေဆဲ။ လမင်းကြီးကလည်း ရွှန်းစိုဝင်းပနေဆဲ။ ဆောင်းရဲ့ အအေးဒဏ်ကလည်း လေတိုးသံ သဲ့သဲ့နဲ့ အတူ ချမ်းစိမ့်နေဆဲ။ ဒါပေမဲ့ ဘိုးမြိုင်တို့ နှစ်ဦးရဲ့ ရင်ထဲကိုတော့ အနွေးလှိုင်းတစ်ခုက ဖြတ်သန်းဝင်ရောက် စီးဆင်းလို့ပေါ့။ ။

■

## ဇာတိမြေ အလွမ်း

အဖေ၊ အမေ၊ အဘိုး၊ အဘွားရဲ့
ကြီးမားတဲ့ မေတ္တာတော်၊
ညီအစ်ကို မောင်နှမတို့
ချစ်ကြသနော်။
မိသားစုနဲ့ ဝေးရသော်
မရှင်ပျော် လွမ်းစိတ် ကဲ၊
ဇာတိမြေ ပြန်တမ်းတလို့
နွမ်းလျ ဝမ်းနည်း။
ယနေ့တိုင် မမေ့ဘဲ
အသည်းထဲ စွဲမြဲထင်၊
လူတိုင်းလေ ကိုယ့်ဇာတိ ကိုလ
လွမ်းမိမှာပင်။
ငယ်စဉ်က သံယောဇဉ်
ဖျက်လို့ရှင် ရမလား၊
ပျော်ရာ ခွာ
တော်ရာမှာ ရှိနေကြပေမယ့်
သတိတွေရ အတိတ်ထံကို
စိတ်သန္တာန် အရောက်လှမ်းတော့
လွမ်းစိတ်ကများ။ ။

ထူးမြတ်ခင်

## တပေါင်းလပြည့် အဖေနေ့

❖ တို့ရဲ့ဖခင် ကျေးဇူးရှင်
အနန္တဂိုဏ်းဝင်၊
မြင်းမိုရ်နှင့်ပင် နှိုင်းမရ
မေတ္တာကြီးမားလှ။
❖ သမီးသားတို့ အတွက်ဆို
ယုယ၊ အကြင်နာပို၊
လိုချင်တာကို ဖြည့်ဆည်းပေး
ချစ်လို့မဝသေး။
❖ ရင်သွေးဘဝ မြင့်ဖို့လေ
ပခုံးထမ်းတင်ပေး၊
အောင်မြင်မှုတွေ ရဖို့တွက်
ကြိုးစားရုန်းကန်လျက်။
❖ အသက်မက ချစ်ခဲ့တာ
ရင်နှင့်မဆုံပါ၊
ပညာတတ်ကြီး ဖြစ်စေရေး
ဆုံးမသွန်သင်ပေး။
❖ ပိုးမွေးသလို မွေးခဲ့ပေ
အဖေ့ဂုဏ်ရည်တွေ၊
ရင်ထဲမှာလေ အစဉ်မမေ့
တပေါင်းလပြည့်နေ့။ ။

ဖိုးပြည့်(ပတ္တမြား)

ဆောင်းပါး

# ကိုယ်ကျင့်တရားနှင့်လူငယ်များ

**မောင်ကြည်လင်(ရွှေကြိုးကြာ)**

ကိုယ်ကျင့်တရားနှင့်သိက္ခာကို ထိန်းမတ်ပေးနိုင်သည်မှာ ဟီရိသြတ္တပ္ပတရားပင်ဖြစ်ပါသည်။ ကိုယ်ကျင့်တရားကောင်းသူသည် သူတော်ကောင်းတရားကိုလည်း လက်ကိုင်ထားတတ်ကြပါ၏။ အရှက်ကို အသက်ထက် တန်ဖိုးထားကြသူများလည်း ဖြစ်သည်။ ကိုယ်ကျင့်တရားဟူသည် စောင့်ထိန်းအပ်သော တရားပင်ဖြစ်ပါသည်။ ကိုယ်၊ စိတ်၊ နှလုံးကို စောင့်စည်းမှုလည်းဖြစ်၏။ ကိုယ်ကျင့်တရားဟူသည်မှာ "စာရိတ္တ"ပင် ဖြစ်ပါသည်။

ကျွန်တော်တို့သည် မိမိ၏ကိုယ်ကျင့်တရားကို ကိုယ်တိုင်တည်ဆောက်ကြရပေမည်။ ကျွန်တော်တို့၏ ပတ်ဝန်းကျင်တွင် ကိုယ်ကျင့်တရားကို မထိန်းသိမ်းသောအပြုအမူများကို တွေ့မြင်ရသောအခါ ကိုယ်ကျင့်တရားအလေးထားသူများ စိတ်မောကြရပေသည်။ ကိုယ်ကျင့်တရားသည် လူ့ဘောင်အဖွဲ့အစည်း၏ ဒေါက်တိုင်လည်းဖြစ်ပါသည်။

ကျွန်တော်တို့ လူ့လောကကြီးကို ပန်းဥယျာဉ်ဖြင့် တင်စားလိုပါသည်။ထို့အခါ ပေါင်းမြက်များကို ကိုယ်ကျင့်တရား မကောင်းသူဟု တင်စားရပေတော့သည်။ ပန်းဥယျာဉ်၏အလှသည် ပေါင်းမြက်များကြောင့် အကျည်းတန်သွားနိုင်သည်။ ထို့အတူ ကိုယ်ကျင့်တရားမကောင်းသူကြောင့် လူ့လောကအလှပျက်သွားနိုင်ပါသည်။ ကိုယ်ကျင့်သိက္ခာမွန်မြတ်သူသည်လည်း လူ့လောကကို လှပနေစေပါသည်။ ကိုယ်ကျင့်တရားကောင်းမွန်သူသည် ငါးပါးသီလလုံခြုံကြသူများဟုလည်း ဆိုထိုက်ပါသည်။ ဆရာတော်ရှင်မဟာရဋ္ဌသာရက "သူ့ကိုမမှား၊ မလှည့်စားနှင့်၊ စကားစမြည်၊ မြွက်သည်စစ၊ ပြောသမျှကို မှန်လှစေ" ဟု ကိုယ်ကျင့်တရားကောင်းမွန်ရေးအတွက် ဆုံးမလမ်းညွှန်ခဲ့ပါသည်။

ကိုယ့်ကျင့်တရား ကောင်းမွန်မှုကြောင့် ကောင်းကျိုးရရှိပုံကို သာဓကပြချင်ပါသည်။ ရှေးအခါက ဒိသာပါမောက္ခဆရာကြီးသည် တပည့်များအား သမီးကိုလိုချင်လျှင် အဖိုးတန်ပစ္စည်းများကို မိမိနေအိမ်မှ ခိုးယူခဲ့ကြရန် ခိုင်းလိုက်ပါသည်။ တပည့်များစွာတို့သည် အဖိုးတန်ပစ္စည်းများကို ခိုးယူလာခဲ့ကြပါသည်။ သို့သော် ကိုယ်ကျင့်တရားစောင့်ထိန်းသော တပည့်တစ်ဦးကမူ မခိုးယူခဲ့ပေ။ ဆရာကြီးသည် မခိုးယူခဲ့သော တပည့်သည် ကိုယ်ကျင့်တရားကောင်းမွန်သူအဖြစ် သတ်မှတ်ကာ သမီးနှင့်ထိမ်းမြားပေးလိုက်ပါသည်။

ကိုယ်ကျင့်တရားသည် မဉ္ဇူသက နတ်ပန်းကဲ့သို့ မွှေးရနံ့ရှိပါသည်။ ဆန်းလသော်တာကဲ့သို့ လင်းရောင်ဖြာ ဝင်းပကြည်လင်ပါသည်။ "သံမဏိလို ခိုင်မာတဲ့ ကိုယ်ကျင့်တရားမရှိဘဲ အောင်မြင်မှုတွေ ရရှိခဲ့တဲ့ လူတစ်ယောက်ဟာ အောင်မြင်မှုကိုထိန်းဖို့ အလွန်ခက်ခဲပါလိမ့်မယ်"ဟု ဟားဗတ်တက္ကသိုလ် ဒဿနိကပညာရှင်တစ်ဦးက ဆိုခဲ့ပါသည်။ ကိုယ်ကျင့်တရားစောင့်ထိန်းခြင်းသည် မိမိကိုယ်ကို စောင့်ရှောက်ခြင်းဖြစ်သကဲ့သို့ လူ့ပတ်ဝန်းကျင်တစ်ခုလုံးကိုစောင့်ရှောက်ခြင်းလည်းဖြစ်ပါသည်။ အကျင့်စာရိတ္တကောင်းမွန်ခြင်းသည် ပညာတတ်ခြင်းထက်ပင် ပို၍အရေးကြီးပါသည်။ ပညာတတ်ပြီး အကျင့်စာရိတ္တ ပျက်စီးနေပါက အချည်းနှီးပင်ဖြစ်ပါသည်။

စာရိတ္တဆိုးနှင့် သူတစ်ပါးကို လိမ်လည်ခြင်းထက် မိမိကိုယ်ကို လိမ်လည်နေခြင်းက ပို၍ဆိုးပါသည်။ စာရိတ္တကောင်းခြင်း မကောင်းခြင်းကို အလုပ်၌လည်း သိနိုင်သည်။ အပြော၌လည်း သိနိုင်ပါသည်။ ပတ်ဝန်းကျင်မှလည်း သိနိုင်ကြပါသည်။ ထို့ကြောင့် စာရိတ္တမကောင်းသူသည် အသိဉာဏ်ပညာမဲ့ခြင်းတစ်မျိုးပင်ဖြစ်ပါသည်။

ကိုယ်ကျင့်တရားနှင့် သိက္ခာကို တန်ဖိုးမထားသောကြောင့် အရှက်ရခဲ့ပုံသာဓက ပြချင်ပါသည်။ အလောင်းတော် ရွှေဟင်္သာမင်းသည် ငှက်အပေါင်းကို စည်းဝေးစေပြီး သမီးတော်ဟင်္သာမ သဘောကျသည့် ငှက်နှင့် ထိမ်းမြားပေးမည်ဟု ပြောသောအခါ သမီးတော်က အဆင်းလှသော ဥဒေါင်းကို နှစ်သက်ကြောင်း လျှောက်ထားပါသည်။ ထို့အခါ ငှက်အပေါင်းက ထိုဥဒေါင်းကို ဝိုင်းဝန်းချီးကျူးကြပါသည်။ ဥဒေါင်းငယ်သည် ၎င်းအား ရွေးချယ်လိုက်သည့်အတွက် ဝမ်းသာစွာဖြင့် ငှက်များအလယ်တွင် ထ၍ကသောအခါ မမြင်သင့်မမြင်အပ်သောအရာကို ငှက်အပေါင်းမြင်သွားလေတော့သည်။ ထိုအခါ ဟင်္သာမင်းက ဤဥဒေါင်းသည် ဟီရိသြတ္တပ္ပတရားမရှိ၊ ငါ့သမီးနှင့် မထိုက်တန်ဟုဆိုကာ ငြင်းပယ်လိုက်ပါတော့သည်။

ကိုယ်အမူအရာသည် ကိုယ်ကျင့်သိက္ခာကို အမြင်သာဆုံး ဖော်ပြနေသော သက်သေပင်ဖြစ်ပါသည်။

ကျွန်တော်တို့သည် အများအလယ်တွင် တည်တည်ကြည်ကြည်မနေဘဲ ဥဒေါင်းကဲ့သို့ ထကနေလျှင် ကိုယ်ကျင့်သိက္ခာ ကင်းမဲ့ရာရောက်မည်ဖြစ်ပါသည်။ ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ ကိုယ့်ကျင့်သိက္ခာရှိဖို့ အရေးကြီးပါသည်။ ကိုယ်ကျင့်တရား စောင့်ထိန်းသူသည် တန်ဖိုးကို မြင့်တက်စေပါသည်။ ကိုယ်ကျင့်တရားသည် လူတိုင်းအတွက် အဆောင်လက်ဖွဲ့ဖြစ်ပါသည်။ လူ့လောကကို ငြိမ်းချမ်းသာယာအောင် ထောက်ပံ့ပေးသည်မှာ ကိုယ်ကျင့်တရားပင်ဖြစ်ပါသည်။

ပန်းတစ်ပွင့်၏ အလှသည် အဆင်းနှင့် သင်းရနံ့ဖြစ်ပါသည်။ လူတစ်ယောက်၏ တန်ဖိုးသည်လည်း ကိုယ်ကျင့်တရားနှင့် ပညာဖြစ်ပါသည်။ "မင်းအတွေးကို ကောင်းမွန်အောင်လုပ်၊ မင်းစကားတွေ ကောင်းလာပါလိမ့်မယ်။ မင်းစကားတွေ ကောင်းမွန်အောင်လုပ်၊ မင်းအပြုအမူတွေ ကောင်းမွန်လာပါလိမ့်မယ်။ မင်းအလေ့အကျင့်တွေ ကောင်းမွန်အောင်လုပ်၊ မင်းတန်ဖိုးတွေ ကောင်းလာလိမ့်မယ်။ မင်းတန်ဖိုးတွေ ကောင်းမွန်အောင်လုပ်၊ မင်းကံတွေ ကောင်းလာလိမ့်မယ်"ဟု မဟတ္တမဂန္ဒီကြီးက အကျင့်သိက္ခာနှင့် ပတ်သက်သောစကားကို ပြောခဲ့သည်မှာ မှတ်သားဖွယ်ပင် ဖြစ်ပါသည်။

ရိုးသားသော သစ်ခုတ်သမားပုံပြင်တွင် မြစ်စောင့်နတ်က ရွှေပုဆိန်၊ ငွေပုဆိန်ကို ပြသော်လည်း မိမိ၏ပုဆိန်မဟုတ်သောကြောင့် ကိုယ်ကျင့်တရားကောင်းမွန်စွာ ဖြေဆိုခဲ့သောကြောင့် မြစ်စောင့်နတ်က ရွှေပုဆိန်၊ ငွေပုဆိန်တို့ကို သစ်ခုတ်သမားအား ဆုလာဘ်အဖြစ် ချီးမြှင့်ခဲ့သည်။ မရိုးသားသော သစ်ခုတ်သမားက မရိုးသားသောစိတ်ဖြင့် ပုဆိန်ကို မြစ်အတွင်း ပစ်ချကာ ရွှေပုဆိန်ကို မိမိပုဆိန်ဖြစ်ကြောင်း လိမ်ညာခဲ့သဖြင့် မိမိပုဆိန်ပါ ဆုံးရှုံးခဲ့ရသည့် သာဓက ရှိခဲ့ပါသည်။ ကိုယ်ကျင့်သိက္ခာနှင့် စာရိတ္တအတွက် ခံယူရပ်တည်ချက်သည် မှတ်သားအတုယူဖွယ်ပင် ဖြစ်ပါသည်။

ယနေ့လူငယ်အများစု ကိုယ်ကျင့်တရားကို အလေးထားမှု နည်းပါးလာကြသည်။ စကားပြောဆိုရာတွင် လိမ်လည်လှည့်ဖြားလာကြသည်။ အောင်မြင်မှုအတွက် ဖြတ်လမ်းလိုက်လာကြသည်။ အရက်သေစာများသောက်စားကာ အရှက်မဲ့၊ သိက္ခာကျစေသော အပြုအမူများကို လုပ်ဆောင်လာကြပါသည်။

ထို့ကြောင့် လူငယ်များအနေဖြင့် ဘဝကို ရိုးသားစွာတည်ဆောက်၍ ကိုယ်ကျင့်သိက္ခာကို အလေးထားသင့်ပါသည်။ ဘဝကို မြင့်မားသော ရည်မှန်းချက်ထား၍ ဖြတ်လမ်းမလိုက်ဘဲ အောင်မြင်မှုကို ရယူသင့်ပါသည်။ ရိုးသား၍ ကိုယ်ကျင့်တရားကောင်းမွန်ခြင်းသည် "မဟုတ်တာမလုပ်၊ မမှန်တာမပြော၊ မသမာမှုကို မပြုခြင်း"ဟူသော အရည်အသွေးကောင်းကို တည်ဆောက်ခြင်းဖြစ်ပါသည်။

ကိုယ်ကျင့်တရားကောင်းမွန်ခြင်းသည် စိတ်ကို အေးချမ်းစေ၏။ လောကီလောကုတ္တရာနှစ်ဖြာ အကျိုးကို ရရှိနိုင်၏။ ထို့ကြောင့် လူငယ်များနှင့် ကျွန်တော်တို့အားလုံး ကိုယ်ကျင့်တရားကို ဦးထိပ်ပန်ဆင်ကာ ဘဝကို ရိုးသားစွာနေကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## မင်္ဂလာတရား ရင်မှာထား

○ မြန်မာ့ဓလေ့ ပတ်ဝန်းကျင်
မြတ်ဗုဒ္ဓလမ်းစဉ်
မေတ္တာနှင့်ယှဉ် နေ့စဉ်ပြု
ပြောဆိုဆက်ဆံမှု။
○ ဗဟုသုတ ပြည့်စုံစွာ
ဆည်းပူးဉာဏ်ပညာ
ချိုချိုသာသာ ပြောဆိုမှ
မင်္ဂလာတဲ့ဗျ။
○ မမှီဝဲရ လူမိုက်ကို
ရှောင်ကြဉ်ကြစေလို
ပညာရှိဆို ပေါင်းသင်းလို့
ဆည်းကပ်ကြပါစို့။
○ လူ့ကျင့်ဝတ်တို့ စောင့်ထိန်းလေ
ရှောင့်ရဲတတ်ပါစေ
လေးစားရိုသေ ထိုက်သူများ
ဦးခိုက် ရင်မှာထား။
မင်္ဂလာတရား။ ။

မောင်စိုးငွေ(ကသစ်မြေ)

## စာပေဖတ်ကြပါစို့

✻ စာအုပ်စာပေ လူ့မိတ်ဆွေ
ဖတ်မှတ်မြဲပါစေ၊
သိဉာဏ်တိုးပေ ဘဝလမ်း
ဉာဏ်မျက်စိ ပွင့်လန်း။
✻ စည်းကမ်းစနစ် ပညာတွယ်
လှပဂုဏ်တင့်တယ်၊
ကောင်းခြင်းစုံတယ် စာပေမှ
ရရှိမြတ်သုတ။
✻ ရသနှလုံး အသိဝင်
တွေးခေါ်လို့ဆင်ခြင်၊
အကောင်းမြင်တဲ့ မြတ်စိတ်ထား
အတ္တဘယ်မပွား။
✻ ပျင်းရိရှောင်ရှား လုံ့လရှယ်
အားလပ်ချိန်တွေမယ်၊
ရပ်ရွာပြည်နယ် တည်ဆောက်ဖို့
စာပေဖတ်ကြပါစို့။ ။

ထက်အောင်လှူ(နှံ့သာမြေ)

ကြေးမုံ မတ် ၅၊ ၂၀၂၃

ဤ "ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း" စာအုပ်သည် ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သိထိုက်သော ဗုဒ္ဓအကြောင်း မှတ်တမ်းတင်ခြင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။ အစမှအဆုံးအထိ ဖတ်ကြည့်သောအခါ ဗုဒ္ဓဝင် ဖြစ်ပါသည်။ ဤစာအုပ်သည် မြတ်ဗုဒ္ဓ၏ သန္ဓေယူသည်မှ ပရိနိဗ္ဗာန်စံသည်(တေဇောဓာတ် လောင်ကျွမ်းခြင်း) အထိ စုဆောင်းဖော်ပြရေးသားထားပါသည်။ မကျဉ်းမကျယ်သော ဗုဒ္ဓအကြောင်း ဖြစ်ပါသည်။ စာရေးသူက တိုတိုနှင့်လိုရင်းသို့ရောက်အောင် ရေးပြထားပါသည်။ (စာတည်း)

# ဗုဒ္ဓအကြောင်းသိကောင်းစရာမှတ်တမ်း

ဆရာကြည်

(၁၈-၂-၂၀၂၃ ရက်နေ့မှအဆက်)

**ဘုရားရှင်တာဝတိံသာနတ်ပြည်မှ သင်္ကဿနဂိုရ်ပြည်သို့ သက်ဆင်းတော်မူခြင်း**

ဘုရားရှင်သည် သီတင်းကျွတ်လပြည့်နေ့ ရောက်သောအခါ နတ်ပြည်၌ ဆောင်ရွက်စရာရှိသည်ကို ဆောင်ရွက်ပြီးဖြစ်သည်။ လူ့ပြည်သင်္ကဿနဂိုရ်ပြည်သို့ သက်ဆင်းမည်ဖြစ်ကြောင်း သိကြားမင်းအား မိန့်တော်မူလေသည်။

ထိုအခါ သိကြားမင်းသည် တာဝတိံသာနတ်ပြည် သုဒဿနမြို့မှ လူ့ပြည် သင်္ကဿနဂိုရ်ပြည်တောင်ဘက်တံခါးဝအထိ ရွှေစောင်းတန်း၊ ပတ္တမြားစောင်းတန်း၊ ငွေစောင်းတန်းကို ဖန်ဆင်းလေသည်။ ဤသုံးသွယ်သော စောင်းတန်းဘေးနှစ်ဖက် လက်ယာ၌ ဗြဟ္မာမင်းများအတွက်နှင့် လက်ဝဲဘက် ငွေစောင်းတန်းတွင် နတ်တို့အတွက်၊ ပတ္တမြားစောင်းတန်း၌ ဘုရားရှင်ကိုယ်တော်မြတ် ကြွတော်မူပြီး ဘေးနှစ်ဖက်မှ ဝန်းရံရန် ဖန်ဆင်းထားလေသည်။

ဘုရားရှင်သည် လူနတ်ဗြဟ္မာတို့ ကြည်ညိုဖူးမြော်နိုင်ရန်အတွက် မြင်းမိုရ်တောင်ထိပ်မှ ရပ်လျက် ရေမီးအစုံ တန်ခိုးပြာဋိဟာဖြင့် ဆင်းသက်တော်မူသည်။ ထို့အပြင် ဘုရားရှင်သည် လောကဝိဝရဏ (လောကကိုဖွင့်ပြခြင်း) ပြုတော်မူလျက် စကြဝဠာတစ်တိုက်လုံး အောက်အဝီစိမှ အထက်အကနိဋ္ဌ ဗြဟ္မာပြည်အထိ ဟင်းလင်းပြင်ဖြစ်သွားလေသည်။ လူနတ်အပေါင်းတို့သည် အချင်းချင်းအထင်းသား မြင်ကြရလေသည်။ ဘုရားရှင်သည် ပတ္တမြားစောင်းတန်းတော်၌ အတောင်ရှစ်ဆယ်ရှိသော အရပ်သို့ ခြောက်သွယ်သော ရောင်ခြည်တော်ကို ထွန်းလင်းစေလျက် ဘုရားရှင်၏ အတုမရှိအသရေကို ပြတော်မူလေသည်။ ဗြဟ္မာမင်းတို့ကလည်း ဘုရားရှင်အား ရွှေထီး၊ ငွေထီး၊ သန္တာထီးတို့ဖြင့် မိုးကာလျက် လက်ယာဘက် ပတ္တမြားစောင်းတန်းမှ ဆင်းသက်ကြကုန်သည်။

သိကြားမင်းအမှူးပြုသော နတ်များကလည်း တချို့က ရွှေတံခွန်၊ ငွေတံခွန်၊ ပုလဲတံခွန်ကို ကိုင်လျက် ဆင်းသက်လာကြသည်။ အချို့နတ်တို့က ဝိဇယုတ္တမည်သော ခရုသင်းတို့ကိုမှုတ်လျက် ဆင်းသက်ကြသည်။ ပဉ္စသိခနတ်သားသည် ဗေဠုဝမည်သော နတ်စောင်းကိုတီးပြီး ဆင်းသက်လာသည်။ မာတလိနတ်သားကလည်း စာမရီသားမြီးယပ်ကို လွှဲခတ်လျက် ဘုရားအားပူဇော်ရန် လက်ဝဲဘက်စောင်းတန်းမှ ဆင်းသက်လာကြသည်။

ဤသို့ဖြင့် ဘုရားရှင်သည် နတ်ဗြဟ္မာအပေါင်း ခြံရံလျက် တာဝတိံသာနတ်ပြည်မှ လူ့ပြည်



သင်္ကဿနဂိုရ်ပြည်သို့ ဆင်းသက်လာစဉ် တောင်တံခါးဝ၌ အရှင်သာရိပုတ္တရာသည် သူ၏တပည့်ရဟန်းငါးရာဖြင့် ဆီးကြိုလျက် ဝတ်ပြုကြလေသည်။ ဘုရားရှင်၏ခြေတော်အစုံ၌ ဦးတိုက်ရှိခိုးပူဇော်လေသည်။ ကျန်ပရိသတ်များကလည်း ဦးတိုက်ပူဇော်လေသည်။ ထို့နောက် အရှင်သာရိပုတ္တရာသည် ဘုရားရှင်အား လူနတ်ဗြဟ္မာတို့သည် ဘုရားရှင်၏ အတုမရှိသော အသရေတော်ကို ဖူးမြင်ကြ၍ ဘုရားရှင်အား ချစ်ခင်မြတ်နိုးကြောင်း၊ ဘုရားဆုကို တောင့်တကြကုန်ကြောင်း၊ သူတို့လည်း လူ့ဘဝကို ရသည်မှာ အရတော်ပေကြောင်း လျှောက်ထားလေသည်။

ထိုအခါ ဘုရားရှင်ကလည်း ထိုသို့သဘောရှိသော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသည့် ဘုရားရှင်တို့အား လူနတ်ဗြဟ္မာတို့သည် ကြည်နူးလေးမြတ်နှစ်သက်ကြကုန်လောဟူ၍ ပြန်လည်မိန့်ကြားလေသည်။ ဘုရားရှင်က ဆက်၍ ဘုရားရှင်တို့၏ အလေ့အထရှိကြောင်းကို အရှင်သာရိပုတ္တရာအား မိန့်မြွက်လေသည်။ ဈာန်၌ အားထုတ်သော ကိလေသာတို့၏ ငြိမ်းရာနိဗ္ဗာန်၌ မွေ့လျော်ကုန်သော၊ အမြဲယှဉ်လျက်ရှိကုန်သော သဗ္ဗညုတဘုရားရှင်တို့အား နတ်ဗြဟ္မာတို့က ချစ်နှစ်သက်ကြသည်မှာ အလေ့ရှိကြကြောင်း ဂါထာဖြင့် မိန့်ကြားတော်မူသည်။

**မှတ်ချက်။** ။ ဤသင်္ကဿနဂိုရ်ပြည် တောင်တံခါးဝ၌ ဘုရားရှင်တို့၏ ခြေတော်ချရာအရပ်သည် ဘုရားရှင် တကာတို့၏ မစွန့်အပ်သော "အဝိဇဟိတဋ္ဌာန" တစ်ခုဖြစ်သည်။

ဘုရားရှင်သည် အရှင်သာရိပုတ္တရာအား ပရိသတ်အစုအဝေး၌ ဤတောင်တံခါးဝတွင် ပုထုဇဉ်တို့နှင့်ဆိုင်သောပြဿနာ၊ သေက္ခခေါ် အောက်အရိယာပုဂ္ဂိုလ်နှင့် သက်ဆိုင်သောပြဿနာ၊ အသေက္ခခေါ် ရဟန္တာတို့နှင့်ဆိုင်သောပြဿနာတို့ကို ဆင့်ကဲဆင့်ကဲ မေးမြန်းတော်မူလေသည်။ မထေရ်သည် ဘုရားရှင်မေးတိုင်း ပြဿနာတို့ကို ဘုရားရှင်သင်ပြပေးထားသည့် နည်းအတိုင်း ဆန်းကြယ်စွာ တန်ဆာဆင်၍ အကျယ်ချဲ့စကား ဖြေကြားလေသည်။ ဤသို့ဖြင့် လူနတ်ဗြဟ္မာတို့က အရှင်သာရိပုတ္တရာအား ပညာအရာ အလွန်ထူးကဲ မြင့်မြတ်သော ပုဂ္ဂိုလ်ဟူ၍ ချီးကျူးကြလေသည်။ ဘုရားရှင်က အရှင်သာရိပုတ္တရာသည် ယခုဘဝတွင်သာ ပညာဂုဏ်ကြီးမားသည်မဟုတ်၊ အတိတ်ကလည်း ပညာဂုဏ်ကြီးမားကြောင်းကို "ပရောသဟဿဇာတ်တော်"ကို ဟောကြားတော်မူလေသည်။

ထို့နောက် အရှင်သာရိပုတ္တရာသည် ဘုရားရှင်အား သုံးဂါထာဖြင့် ချီးကျူး၍ ငါးဂါထာဖြင့် သူ့တပည့်ရဟန်းငါးရာတို့အကျိုးငှာ ပြဿနာကို ဘုရားရှင်အား လျှောက်ထားလေသည်။ မထေရ်၏ အမေးများကို ဘုရားရှင်က တစ်ဆယ့်သုံးဂါထာဖြင့် ဖြေကြားလေသည်။ ထိုသို့ဖြေကြားသော တရားတို့ကို နာရကုန်သော မထေရ်၏ တပည့်ငါးရာသည် ရဟန္တာများ ဖြစ်သွားကြကုန်လေသည်။

**စိဉ္စမာဏသည် ဘုရားရှင်အား မဟုတ်မမှန် လုပ်ကြံစွပ်စွဲခြင်း**

ဘုရားရှင်သည် သင်္ကဿနဂိုရ်ပြည်မှ ယူဇနာသုံးဆယ်ဝေးသော သာဝတ္ထိပြည်သို့ ဒေသစာရီကြွတော်မူသည်။ ဘုရားရှင်သည် ဘုရားဖြစ်သည့်နေ့မှစ၍ မရပ်မနား လူ့ပြည်တွင်မက နတ်ပြည်ကိုကြွကာ တရားဟောသည်။ ဝေနေယျသတ္တဝါအပေါင်းတို့သည် ဘုရား၏ တရားဓမ္မကြောင့် မရေမတွက်နိုင်အောင် အရိယာသူတော်စင်များ ဖြစ်သွားကြလေသည်။

ဘုရားရှင်သည် ဤသို့သော တရားများကို မနားမနေဟောကြားသောကြောင့် လူအပေါင်းတို့က လာဘ်လာဘများကို ဆက်ကပ်လှူဒါန်းကြသည်။ ဤသို့ဖြစ်ခြင်းကြောင့် တိတ္ထိတို့မှာ လာဘ်လာဘရော ကြည်ညိုသူများပါ နည်းလာကြသည်။ ထို့ကြောင့် ၎င်းတို့သည် ဘုရားရှင်အား နာမည်ပျက် လာဘ်လာဘနည်းအောင် မည်သို့ဆောင်ရွက်ရမည်ကို စုဝေးတိုင်ပင်ကြလေသည်။ လူအပေါင်းတို့ကိုလည်း စည်းရုံးသည်။ သူတို့က ဘုရားဖြစ်ကြောင်း၊ ရဟန်းဂေါတမကိုလှူမှ အကျိုးများသည်မဟုတ်ပါ။ ၎င်းတို့ကို လှူလည်း အကျိုးများကြောင်း ပြောကြားသော်လည်း လာဘ်လာဘမရကြကုန်ချေ။

တိတ္ထိတို့သည် နတ်သမီးကဲ့သို့ အရောင်တဖိတ်ဖိတ်နှင့်အလွန်လှပတင့်တယ်သည့် စိဉ္စမာဏဝိကပရိဗိုဇ်မကို အသုံးချ၍ ရဟန်းဂေါတမကို သွားပုပ်လေလွင့် အပုပ်ချမည်ဟု ကြံစည်ကြလေသည်။ ထိုသို့လုပ်မှ လူအပေါင်းတို့က ရဟန်းဂေါတမအား အကြည်ညိုပျက်မည်၊ လာဘ်လာဘပိတ်မည်ဟု စဉ်းစားကြသည်။ ဤသို့ စိဉ္စမာဏဝိကပရိဗိုဇ်မကို အသုံးချ၍ လုပ်မည်ဖြစ်ကြောင်း တိတ္ထိတို့သည် တညီတညွတ်တည်း ဆုံးဖြတ်ကြလေသည်။

စိဉ္စမာဏသည် တစ်နေ့သောအခါ တိတ္ထိများနေသော ကျောင်းသို့လာ၍ ရှိခိုးဝတ်ပြုလေသည်။ တိတ္ထိများက သူ့အား စကားမပြောဘဲနေကြလေရာ သူက တိတ္ထိတို့အား သူ့တွင် မည်သည့်အပြစ်ရှိ၍ စကားမပြောဘဲ နေကြသလဲဟူ၍ မေးလျှောက်သည်။ ထိုအခါ တိတ္ထိတို့က ရဟန်းဂေါတမသည် တရားများဟော၍ လှည့်နေသည်။ လူတကာတို့ကလည်း ရဟန်းဂေါတမကို ကြည်ညို၍ လာဘ်လာဘများဖြင့် ပူဇော်ကြသည်။ ထို့ကြောင့် သူတို့တွင် လာဘ်မရ ဖြစ်နေသည်။ သို့ဖြစ်သောကြောင့် သင်သည် သင့်ကိုယ်ဖြင့်စည်းရုံး၍ ရဟန်းဂေါတမအား နာမည်ပျက်သွားပုပ်လေလွင့် လုပ်ဆောင်ပေးပါဟု ပြောသည်။ သူကလည်း တိတ္ထိများပြောသည်ကိုဝန်ခံ၍ လုပ်ဆောင်ပေးမည်ဖြစ်ကြောင်း ပြောလေသည်။


လူအပေါင်းတို့က ဘုရားရှင်ထံမှ တရားနာပြီး၍ ညနေတွင် ပြန်ကြလေသည်။ ထိုအခါ စိဉ္စမာဏသည် ညနေချမ်း၌ ဇေတဝန်ကျောင်းသို့ ရှေးရှု၍ သွားလေသည်။ လူအပေါင်းတို့က သူ့အား မေးသောအခါ ယုံမှားသံသယဖြစ်ရန် သူကပြောသည်မှာ သင်တို့မှ ဤသို့သိလျှင် ဘာအကျိုးရှိမည်နည်းဟူ၍ လုပ်ကြံ၍ ပြောဆိုလေသည်။ သူသည် နေ့စဉ် ဤသို့သွားလျက် ဇေတဝန်ကျောင်းအနီးရှိ တိတ္ထိတို့၏ ကျောင်းသင်္ခမ်းတွင်အိပ်ပြီး နံနက်စောစောမှ ထပြန်လေသည်။ ဥပါသကာတို့သည် သာဝတ္ထိပြည်မှ နံနက်စောစော ဘုရားရှင်ကျောင်းသို့ လာသောအခါ စိဉ္စမာဏ သူယုတ်မာမသည် ဇေတဝန်ကျောင်းတော်မှ ထွက်ဟန်ပြလေသည်။

ဥပါသကာတို့ကမြင်ပြီး သူ့အားမေးသောအခါ ၎င်းက ဤသို့အိပ်သည်ကို သိသည်ရှိသော် သင်တို့အတွက် ဘာထူးမည်လဲဟု ဖြေကြားသည်။ ယင်းသို့ ဖြေကြားသည်မှာ ဘုရားအား အမြင်မှားသံသယဖြစ်အောင်လုပ်ခြင်းဖြစ်သည်။

စိဉ္စမာဏသည် နေ့စဉ် ဤသို့ဖြစ်ခြင်းကို ပြလျက် တစ်လခန့်ကြာ လုပ်ဆောင်နေသည်။ ဤသို့ဖြင့် လမ်း၌ တွေ့သူတို့က မေးသည့်အခါ သူသည် ရဟန်းဂေါတမနှင့်အတူ ဂန္ဓကုဋိတိုက်ထဲ၌ အတူ ညအိပ်ကြောင်း မဟုတ်မမှန် လုပ်ကြံ၍ ဖြေကြားလေသည်။ ပုထုဇဉ်တို့ကလည်း သူ၏ ပြောစကားကြောင့် ဘုရားရှင်ပေါ် သံသယရှိလာကြသည်။ နောက်သုံးလလောက်ကြာသော် စိဉ္စမာဏသည် သူ့ဝမ်းဗိုက်ကိုပုဆိုးကြမ်းများဖြင့် ရစ်ပတ်၍ ကိုယ်ဝန်ရှိဟန်ဆောင်လေသည်။ ၎င်းသည် ရှစ်လလောက်ကြာသော် ၎င်းဝမ်းဗိုက်အား သစ်ဝိုင်းတို့ကို ချည်နှောင်ကာ ပခုံးမှ ပဝါခြုံ၍ ကိုယ်ဝန်ရင့်မာဟန်ဆောင်ပကာ ဇေတဝန်ကျောင်းတော်သို့ သွားလေဟန်ဆောင်လေသည်။ သူ၏ခြေဖမိုးတို့ကိုလည်း မို့မောက်စေရန် ရိုက်နှက်လုပ်ပြထားလေသည်။


(ဆက်လက်ဖော်ပြပါမည်)

**"ဘုရားရှင်သည် လူနတ်ဗြဟ္မာတို့ ကြည်ညိုဖူးမြော်နိုင်ရန်အတွက် မြင်းမိုရ်တောင်ထိပ်မှရပ်လျက် ရေမီးအစုံ တန်ခိုးပြာဋိဟာဖြင့် ဆင်းသက်တော်မူသည်။ ထို့အပြင် ဘုရားရှင်သည် လောကဝိဝရဏ (လောကကိုဖွင့်ပြခြင်း) ပြုတော်မူလျက် စကြဝဠာတစ်တိုက်လုံး အောက်အဝီစိမှ အထက်အကနိဋ္ဌ ဗြဟ္မာပြည်အထိ ဟင်းလင်းပြင်ဖြစ်သွားလေသည်။ လူနတ်အပေါင်းတို့သည် အချင်းချင်းအထင်းသား မြင်ကြရလေသည်။ ဘုရားရှင်သည် ပတ္တမြားစောင်းတန်းတော်၌ အတောင်ရှစ်ဆယ်ရှိသောအရပ်သို့ ခြောက်သွယ်သော ရောင်ခြည်တော်ကို ထွန်းလင်းစေလျက် ဘုရားရှင်၏ အတုမရှိအသရေကို ပြတော်မူ"**




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)



## စိုက် / မွေး / ဆည် စာစုများ


စာရေးသူ မောင်အောင် စီစဉ်ရေးသားသည့် စိုက်/ မွေး/ ဆည် စာစုများ စာအုပ်ထွက်ရှိလာသည်။

လူ့ဘောင်လောကတွင် လူသားတို့အတွက် စားဝတ်နေရေးသည် အဓိကအရေးကြီးသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် လူသားအားလုံးအတွက် စားဝတ်နေရေးကို ဖြည့်ဆည်းပေးနေသည့် ဝန်ကြီးဌာနဟုဆိုလျှင် မှားမည်မထင်ပါ။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်တာဝန်ယူချိန်တွင် စာရေးသူကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတွင် ခန့်အပ်တာဝန်ပေးခဲ့သဖြင့် ဂုဏ်ယူဝမ်းမြောက်စွာဖြင့် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် တောင်သူဦးကြီးများထံသို့ သွားရောက်တွေ့ဆုံရင်း ဗဟုသုတ၊ အသိပညာများစွာ ရရှိခဲ့သည်။ တွေ့ကြုံသိရှိခံစားမှုများကို "နွေးထွေးသောလက်များ" မှသည် ပေါင်းလောင်း၊ ချောင်းမငယ်၊ ဝါးကတုတ် အထိကို စိုက်မွေးဆည် စာစုများအဖြစ် စုစည်းထုတ်ဝေလိုက်ခြင်းဖြစ်သည်။

စာရေးသူ၏ခံစားချက်များနှင့် တောင်သူဦးကြီးများ၏ ရင်တွင်းစကားများကို ဖတ်ရှုခံစားခြင်းဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်လာမည်ဆိုပါလျှင် စာရေးသူ အပင်ပန်းခံ၍ ရေးသားပြုစုရကျိုးနပ်မည်ဟု ခံစားမိပါကြောင်း၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်လျက် ထိုစာအုပ်ကိုရေးသားလိုက်ခြင်းဖြစ်သည်။

စာအုပ်ကို မိုးမြင့်ကြယ်စာပေမှ ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၅၀၀၀ သတ်မှတ်ထားသည်။




## ရခိုင်သုံးဒင်္ဂါးနှင့် ခေတ်ပြိုင်ဒင်္ဂါးများ

စာရေးသူ မောင်ဖြူ (ကြို့တဲကျွန်း) ရေးသားသည့် ရခိုင်သုံးဒင်္ဂါးနှင့် ခေတ်ပြိုင်ဒင်္ဂါးများစာအုပ် ထွက်ရှိလာသည်။

ရှေးခေတ်ရခိုင်ဘုရင်များအုပ်စိုးစဉ် ရခိုင်ပြည်နယ်တွင် သုံးစွဲခဲ့သည် ဒင်္ဂါးများ၊ ရှေးခေတ်ရခိုင်ပြည်နယ် အနောက်ဘက်ဒေသကို အုပ်ချုပ်ခဲ့သော အနောက်ဘုရင်ခံများ ခတ်နှိပ်ခဲ့သည့် ဒင်္ဂါးများအပြင် ရှေးခေတ်ရခိုင်ပြည်နယ်နှင့် ခေတ်ပြိုင်ဖြစ်သော ကူရှန်အင်ပါယာသုံးဒင်္ဂါး၊ ဂုပ္တအင်ပါယာသုံးဒင်္ဂါး၊ ဆူလတန်အင်ပါယာသုံးဒင်္ဂါး၊ မဂိုအင်ပါယာသုံး ခေတ်ပြိုင်ဒင်္ဂါးများကိုလည်း ထည့်သွင်းတင်ပြထားသည်။

အဆိုပါစာအုပ်ကို တက္ကသိုလ်စာကြည့်တိုက်များ၊ ကျောင်းစာကြည့်တိုက်များ၊ မြို့နယ်/ ရပ်ကွက်/ ကျေးရွာ စာကြည့်တိုက်များ၊ စာပေအသင်းအဖွဲ့များ၊ ဒင်္ဂါးသမိုင်း အထူးပြုလေ့လာလိုသူများ၊ ဘဏ်ဝန်ထမ်းများ၊ ဒင်္ဂါးသမိုင်း စိတ်ဝင်စားသူများ၊ ရှေးဟောင်းဒင်္ဂါး ရောင်းဝယ်စုဆောင်းနေသူများအတွက် လုံးဝလက်လွတ်မခံသင့်သော စာအုပ်တစ်အုပ်ဖြစ်ကြောင်း၊ ရခိုင်ဒင်္ဂါး၊ ကူရှန်ဒင်္ဂါး၊ ဂုပ္တဒင်္ဂါး၊ စူလတန်ဒင်္ဂါး၊ မဂိုလ်ဒင်္ဂါးတို့နှင့် ပတ်သက်လျှင် မဖြစ်မနေဖတ်သင့်သည့် စာအုပ်ကောင်းဖြစ်သောကြောင့် ဆောင်ထားသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။ ထိုစာအုပ်ကို အကောင်းစားကြွေစက္ကူများဖြင့်၊ စာအုပ်တစ်အုပ်လုံး ရောင်စုံကာလာပုံများဖြင့် ရိုက်နှိပ်ထားသည်။ စာအုပ်အဖုံးကိုလည်း နိုင်ငံခြားစက္ကူ ကြွေစက္ကူများကို အသုံးပြုထားပြီး စာမျက်နှာ ၆၀၀ နီးပါး ပါရှိသည့်စာအုပ်ဖြစ်သည်။

စာအုပ်ကို မောင်ဖြူ(ကြို့တဲကျွန်း)၊ အမှတ်(၁၂၁)၊ ပထမထပ်၊ (၄၁)လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၅၁၂၂၁၈၂နှင့် ၀၁ ၈၂၄၀၃၂၄တို့မှ တန်ဖိုးငွေကျပ် ၈၀၀၀၀ ဖြင့် ဖြန့်ချိသည်။



## အင္ဂါအနားသတ်မျဉ်းဖြောင့်များ

စာရေးသူများဖြစ်ကြသည့် ပိုင်ဇင်ဇော်(သတ္တု)၊ စောမူးသာ၊ ကျော်ထွဋ်ခေါင်၊ ရဲကျော်၊ ခွန်သက်တင်ဆန်း၊ ကိုချိုစံ၊ အမ်းသျှမ်းနှင့် Ju Nile တို့ စီစဉ်ရေးသားသည့် အင္ဂါအနားသတ်မျဉ်းဖြောင့်များ ဝတ္ထုတိုစုစည်းမှုစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်၏ အနက်ရှိုင်းဆုံးသောနေရာ ခေါင်းစဉ်တွင် ရွာလယ်လမ်းလေးအတိုင်း သူလျှောက်လာခဲ့သည်။

နှင်းနုတို့နေတာက ရွာမြောက်ပိုင်းမှာ၊ အခုလည်း အဲဒီအိမ်မှာပဲ ရှိနေမလား၊ ရှိနေမှာသေချာလို့လား၊ ဘာပဲဖြစ်ဖြစ် ဒီအထိတောင် အရောက်လာခဲ့ပြီးကာမှ သွားဖြစ်အောင်သွားတွေ့ရမည်ဟု သူ့စိတ်ကို ပိုင်းဖြတ်လိုက်သည်။

ခြေလှမ်းတွေက ပေါ့ပါးသွက်လက်လာသည်။

ရွာမြောက်ပိုင်းသို့မရောက်မီ ကုက္ကိုပင်အုပ်အုပ်ကြီးတွေအောက်မှာ အရင်တုန်းက ဘုန်းကြီးကျောင်းလေးတစ်ကျောင်းရှိတာ သူအမှတ်ရမိသည်။

အခုတော့ အဲဒီနေရာလေးမှာ ဘုန်းတော်ကြီးကျောင်းလေးအပြင် ထုံးဖြူဖြူစေတီလေးတစ်ဆူနှင့် ယောဂီများ တရားအားထုတ်ရာ ကျောင်းဆောင်လေးတွေ တိုးလာတာတွေ့ရသည်။ လမ်းဘေး မလှမ်းမကမ်းမှာ သီလရှင်ကျောင်းလေးတစ်ကျောင်းကို တွေ့ရသည်။ ကျောင်းရှေ့ကွက်လပ်လေးမှာက သူ့ခြေလှမ်းများ ရုတ်ခြည်းရပ်တန့်သွားသည်။

သူအံ့ဩမင်သက်စွာဖြင့် လှမ်းကြည့်လိုက်မိသည်။ ကျောင်းရှေ့မှာ သီလရှင်လေးတစ်ပါး။ တည်ငြိမ်အေးချမ်းစွာသောဣန္ဒြေဖြင့် တံမြက်စည်းလှည်းနေသည့်မြင်ကွင်း၊ သူ တိတ်ဆိတ်စွာရပ်၍ ကြည့်နေမိခဲ့သည်။ သူရင်းနှီးကျွမ်းဝင်ခဲ့ဖူးသည့် အေးချမ်းစွာသော မျက်နှာပိုင်ရှင်ပင်။ သူ ဘယ်သောအခါမျှ မေ့ပျောက်နိုင်စွမ်းရှိမည်မဟုတ်သော လူတစ်ယောက်ဖြစ်၏။ "နှင်းနု" သူ စိတ်ထဲက တီးတိုးရေရွတ်လိုက်မိသည်။

စာအုပ်ကို အော်ကျူးမီဒီယာ ဖုန်း-၀၉ ၅၁၇၆၉၃၆မှ တန်ဖိုးငွေကျပ် ၄၅၀၀ဖြင့် ဖြန့်ချိသည်။




## နတ်ပြေးတဲ့ရွှေဖူးစာနှင့် ရသဝတ္ထုတိုများ

စာရေးသူ ယဉ်ယဉ်(ရွှေခယ်မြေ) စီစဉ်ရေးသားသည့် နတ်ပြေးတဲ့ရွှေဖူးစာနှင့် ရသဝတ္ထုတိုများ စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် နောင်တမီးခေါင်းစဉ်ဖြင့် သက်ကြီးရွယ်အိုများ မကျန်းမမာဖြစ်လာကြသည့်အရွယ်တွင် သာမန်လူများနှင့်မတူဘဲ ခန္ဓာဉာဏ်ရောက်တရားကျင့်ထားသည့်သူမှသာ အသိ သတိကပ်မိသည်။ ထိုသူတို့၏ မှတ်ဉာဏ်များက ပုံမှန်မဟုတ်။ နေ့ဘက်တွင် အိပ်ပြီး သာမန်လူကောင်းများ နှစ်နှစ်ခြိုက်ခြိုက်အိပ်သည့် ညတွင် ခေါ်ပြီ။ ထမင်းစားချင်ကြောင်းနှင့် ရေသောက်ချင်ကြောင်း၊ အများကြီးလည်းစားနိုင်သည်မဟုတ်သော်လည်း သူတို့၏ အသိစိတ်ပြန်ကပ်သည့်အချိန် ကျွေးရခြင်းဖြစ်သည်။ ထိုအချိန်တွင် ခန္ဓာကိုယ်တွင် ကိုက်ခြင်း၊ နာခြင်း၊ ညောင်းညာခြင်းတို့ကိုခံစားရပြီး ခြေထောက်များ ညောင်းခြင်း၊ ခါးကိုက်၍ ဆေးလိမ်းပေးရန်၊ နှင်းနှိပ်ပေးကြရန် ပြောကြသည်။ ထိုကဲ့သို့ အသိကပ်သည့်အချိန်ခဏပြောဆိုပြီး ခဏတာအကြာတွင် ပြန်မိန်းမောသွားကြပြန်သည်။ ထိုကဲ့သို့ဖြစ်ရခြင်းသည် ငယ်စဉ်က တရားဘာဝနာကို ကျကျနနအားမထုတ်ခဲ့သဖြင့် သီလကောင်း၍အသက်ရှည်ပေမယ့် မှတ်ဉာဏ်က မဝင်တော့ဘဲ မိန်းမောနေခြင်းဖြစ်သည်။ ထို့နောက် ထိုသူတို့၏ အာရုံထဲတွင် ငယ်ရွယ်စဉ်က အတူသွားအတူလာခဲ့သည့် အပေါင်းအဖော်များကို တစ်ချက်တစ်ချက် စိတ်ထဲဝင်လာပြီး ခေါ်တတ်ကြသည်။ ထိုသူများသည် လက်ရှိတွင် သေကုန်ကြပြီဖြစ်သည်။ သို့သော်လည်း ထိုသူတို့၏စိတ်တွင် အစွဲထင်ကျန်နေသောကြောင့် ကယောင်ကတမ်း ခေါ်မိပြောမိကြတတ်ပြန်သည်။

မိဘကျေးဇူးဆပ်သည်ဆိုခြင်းက မိဘများကို ရှာဖွေကျွေးမွေးရုံဖြင့် ကျေးဇူးဆပ်သည်ဟုခေါ်ခြင်းမဟုတ်ပေ။ မိမိတို့၏ ချေးကလူ သေးကလူဘဝထဲက ပြုစုလာသည့်မိဘများသည် အသိ သတိမကပ်နိုင်သည့် အိုနာအရွယ်တွင် အလေးအပေ့ါမနိုင် ကလေးကဲ့သို့ပြန်ဖြစ်ပြီး ကယောင်ကတမ်း တွေ့မြင်ကြုံရသည့်အခါတွင် ပြန်လည်သိတတ်ရမည်၊ စိတ်ရှည်ရှည်ထား၍ ပြန်လည်ပြုစုနိုင်မှသာ မိဘကျေးဇူးဆပ်ခြင်းပင်ဖြစ်သည်။ ထိုသို့မပြုစုဘဲ ညဉ်းပန်းနှိပ်စက်နေပါက နောင်တမီးသည် နောင်မှသိကြမည်ဖြစ်သည်။

စာအုပ်ကို ရသယဉ်စွန်းတန်းစာပေ၊ အမှတ်(၂၀)၊ ဥသသဖယားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၉၇၃၉၈၅၁၂၈မှ တန်ဖိုးငွေကျပ် ၄၅၀၀ဖြင့် ဖြန့်ချိသည်။




## ပစ်ဖဲများနှင့် ကျွန်တော်

စာရေးသူ ကိုဦး (လွိုင်ကော်) စီစဉ်ရေးသားသည့် ပစ်ဖဲများနှင့် ကျွန်တော် (နရသိန်ဖြစ်ရပ်မှန်စာစုများ) စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ပစ်ဖဲ ဆိုတာကိုတော့ ဖဲကစားဖူးသူတိုင်း သိကြပါလိမ့်မည်။ ပိုကာ ဖဲကစားသည့်အခါ ဖဲ ၁၃ ချပ် ဝေပါသည်။ ကိုယ့်လက်ထဲက ကျန်သောဖဲ ၁၂ ချပ်နှင့် တွဲ၍မရသောဖဲ၊ အသုံးမလိုသောဖဲကို ရွေး၍ အောက်ကအိမ်ကို ပစ်ချပေးလိုက်သော ဖဲချပ်ကလေးတစ်ချပ်ဖြစ်သည်။ တောထဲက ဘဝသစ်အလုပ်စခန်းတစ်ခုခုကို ရောက်လာသူများမှာ ထိုအချိန်က ဝန်ထမ်းပိုင်းရော၊ အကျဉ်းသာပိုင်းရော ပစ်ဖဲတွေကသာ များပါသည်။

ကိုယ့်တပည့်တွေကိုသာ ပြောနေရသည်။ ကိုယ့်ကိုယ်ကိုယ်လည်း ပြန်၍မေးကြည့်ရသည်။ ငါကရော ပစ်ဖဲတစ်ချပ်မဟုတ်ဘူးလားဟု။ ကိုယ်နေတတ်သလိုနေပေမဲ့ မျက်နှာထားကိုက ခပ်တည်တည်၊ ဂျစ်ကန်ကန်ရုပ်ပေါက်နေသော ကျွန်တော်ပါ။ တစ်ခါတစ်ရံလည်း ကိုယ်မှန်တယ်ထင်ရာ စွတ်လုပ်တတ်သေးသည်။ အထက်အရာရှိမှန်း ဘာမှန်းမသိ၊ မှန်တယ်ထင်လျှင် ပြောစရာရှိလျှင် ပြန်လှန်ပြောတတ်သော ကျွန်တော့်ကို ဘယ်အရာရှိကမှ မကြိုက်ကြပါ။ ၁၆ နှစ်လုံးလုံး တောစခန်းတွေကိုချည်းပဲ ကန်ထုတ်ခံနေရသော ကျွန်တော်သည်လည်း ပစ်ဖဲလေးများကြားက ပစ်ဖဲကြီးတစ်ချပ်ဖြစ်ခဲ့ဖူးပါသည်။

ကျွန်တော်၏ ပစ်ဖဲများက ပြဿနာအမျိုးမျိုးကို မီးထွန်းပြီးရှာတတ်ကြသလို မီးမထွန်းဘဲရှာတတ်ကြသည်။ တပ်သားအချို့က ဒေသခံရွာသားများနှင့် ရန်ဖြစ်ပြီး ထိုးကြကြိတ်ကြတာမျိုးလည်းရှိသည်။ အနီးအနားရွာထဲက အရက်ဆိုင်တို့ ကာရာအိုကေဆိုင်တို့မှာလည်း သောင်းကျန်းပြီး ပြဿနာအမျိုးမျိုးရှာတတ်ကြသည်။ ဒီတော့လည်း ပစ်ဖဲကြီးကျွန်တော်က လိုက်ရှင်းရ၊ တောင်းပန်ရ၊ လျော်ကြေးပေးရတဲ့အခါတွေလည်းရှိခဲ့သည်။ ယင်းအဖြစ်အပျက်များသည် စာရေးသူကိုယ်တိုင်ကြုံတွေ့ခံစားသည်များကို စုစည်းရေးသားထားခြင်းဖြစ်သည်။

စာအုပ်ကို အော်ကျူး ဖုန်း-၀၉ ၅၁၇၆၉၃၆မှ တန်ဖိုးငွေကျပ် ၆၀၀၀ဖြင့် ဖြန့်ချိသည်။

## အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၈)၊ မြေကွက်အမှတ် (၇၅/ခ)၊ မြေအကျယ်အဝန်း (အလျားxအနံ) ပေ(၂၀x၆၀)ရှိ ဦးတင်ဝင်း(CG-၀၆၉၉၀၇)အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးသတ်ငွေအပြေအကျေပေးချေ၍ ဝယ်ယူမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့်အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တရားဝင်ပိုင်ဆိုင်ရေးကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်အေးသန္တာမြင့်**
**LL.B,W.I.P.O (Switzerland)**
**အထက်တန်းရှေ့နေ (စဉ်–၅၅၀၃၇)**

**ဒေါ်ခင်နီလာဦး**
**LL.B, D.B.L, B.D.S (MOFA)(Dip in English),**
**W.I.P.O (Switzerland)**
**အထက်တန်းရှေ့နေ (စဉ်–၃၉၁၁၃)**

**အမှတ်–၁၁၀၆/ခ၊ အဏ္ဏဝါလမ်းနှင့် ကန်သာယာ(၂)လမ်းထောင့်၊ (၃၅) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**
**ဖုန်း–၀၉–၂၆၄၅၀၉၉၄၅၊ ၀၉–၄၄၂၇၅၃၆၁၅**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ရတနာလမ်း၊ ရတနာအိမ်ရာ၊ တိုက်အမှတ်(C)ဟုခေါ်တွင်သော မြေပေါ်တွင် ဆောက်လုပ်ထားသော အခန်းအမှတ်(၆၀၃)၊ (၆)လွှာ၊ အကျယ်အဝန်း(၁၂၀၀)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် အမည်ပေါက်သူ ဦးဝင်းနိုင်ဦး[၁၂/အစန(နိုင်)၀၂၉၁၁၈]မှ အရှုပ်အရှင်းကင်းရှင်း၍ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မွန်မွန်ချို (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၂၆၈) (ဖုန်း–၀၉–၂၅၀၆၈၅၇၁၇)**
**စွမ်းမဟာအိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီလီမိတက်**
**အမှတ်(၂၇၉)၊ သုမင်္ဂလာလမ်းမ၊ တတိယထပ်၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၇၇၃၂၂၁၀၂၂၊ ၀၉–၇၇၇၇၂၀၁၆၆**

## "ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၇)၊ သမိန်ဗရမ်းလမ်း/လောပိတလမ်း၊ မြေကွက်အမှတ်(၂၃၇)၊ ဧရိယာ(၀.၀၅၅ဧက)၊ (၂၄၀၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အပေါ်၌ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပါက ကန့်ကွက်နိုင်ပါကြောင်း"

အထက်ပါမြေကွက်နှင့်အိမ်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူထားပြီး တရားဝင်အထူးကိုယ်စားလှယ်လွှဲစာရရှိထားပါကြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း၊ မိမိ၏ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိပါကြောင်း၊ အခြားနည်းတစ်ရပ်ရပ်ဖြင့် ကြိုတင်လွှဲပြောင်းရောင်းချထားခြင်းတို့မရှိပါကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူ ဒေါ်ခင်လေးစိုး[၁၂/ဒဂန(နိုင်)၀၁၇၃၇၁]ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက လွှဲပြောင်းဝယ်ယူသည့်ကိစ္စကို နှစ်ဖက်သဘောတူညီချက်များအတိုင်း ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–ဒေါ်သက်ထားဆွိ LL.B, D.I.L., Dip in Eng**
**အထက်တန်းရှေ့နေ(စဉ်–၄၂၈၉၉)**
**ဖုန်း–၀၉–၉၇၂၇၃၄၉၉၆၊ ၀၉–၇၉၁၄၅၄၅၁၁**
**အမှတ်(၂၇–မြေညီ)၊ မာလာမြိုင်(၇)လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၈/က)၊ မြေကွက်အမှတ် (၆၀)၊ အကျယ်အဝန်း ပေ (၄၀ x၆၀) ရှိ နှစ် (၆၀) မြေငှားဂရန်မြေကွက်သည် ဦးစိန်ဝင်းထွဋ် [၁၂/မဘန(နိုင်)၀၂၀၄၃၅]နှင့် ဒေါ်တင်တင်အေး [၁၂/စခန(နိုင်)၀၁၉၆၁၂]တို့ ပူးတွဲအမည်ပေါက်သော မြေကွက်ဖြစ်ပြီး ၎င်းမြေကွက်၏ တရားဝင်မခွဲစိတ်ရသေးသည့် ခြေရင်းခြမ်း အကျယ်အဝန်း ပေ (၂၀ x ၆၀ ) ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၆၀)၊ ရွက်လှလမ်း၊ (၁၈/က)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ဟုခေါ်တွင်သော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပူးတွဲအမည်ပေါက် တစ်ဦးဖြစ်သူ ဒေါ်တင်တင်အေးထံမှ အရပ်ကတိဆက်စပ်စာချုပ်များဖြင့် နောက်ဆုံးဝယ်ယူပိုင်ဆိုင်ခဲ့သည့် ဒေါ်ချိုချိုအေး [၁၂/တမန(နိုင်)၀၅၉၉၇၁] နှင့် ဒေါ်တင်အေးခိုင် [၁၂/ဒဂရ(နိုင်)၀၁၈၇၀၅] တို့မှ မိမိတို့သာလျှင် လွှဲပြောင်း ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဖွင့်ဟဝန်ခံရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးမြင့်ဆွေ [၇/ပခန(နိုင်)၁၉၀၉၈၀] မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသော စာချုပ်စာတမ်းများ၊ အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကြော်ငြာပါသတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ပိုးအိအိစံ (LL.B)(LLM) တရားလွှတ်တော်ရှေ့နေ(စဉ် –၈၀၅၀)**
**လင်းသန့် –အိမ်ခြံမြေ/ဥပဒေရုံးခန်း**
**အမှတ်(၂၄)၊ နတ်မောက်(၇)လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။**
**ဖုန်း–၀၉–၂၅၀၆၄၃၈၃၄၊ ၀၉–၇၉၆၃၈၉၇၉၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သန်လျင်ကြယ်စင်အိမ်ရာ၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်း အတွင်းရှိ သံလွင်ရိပ်မွန်အိမ်ရာစီမံကိန်းအဆင့်၊ ဇုန်(အေ)တိုက်အမှတ်(အေ–၁)၊ အခန်းအမှတ်(၆၀၅)၊ Type(B), Area (905) Sqft ရှိတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးအောင်ကျော်ဇော[၁၂/ကတန(နိုင်)၀၇၆၄၇၆]မှ လက်ဝယ်ပိုင်ဆိုင်သော တိုက်ခန်းဖြစ်ပါသည်။ ၎င်းမှ အရှုပ်အရှင်းကင်းရှင်းကြောင်း ဖွင့်ဟဝန်ခံ ရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးဇင်မင်းဇော် [၁၂/ဒဂတ(နိုင်)၁၀၅၆၈၅]နှင့် ဒေါ်နှင်းအဥ္ဇလီ [၁၂/လသန(နိုင်)၀၂၃၉၁၅]တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသဖြင့် အရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသောစာချုပ်စာတမ်းများ၊ အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကြော်ငြာပါသတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ပိုးအိအိစံ(LL.B)(LL.M)တရားလွှတ်တော်ရှေ့နေ(စဉ်–၈၀၅၀)**
**လင်းသန့်–အိမ်ခြံမြေ/ဥပဒေရုံးခန်း**
**အမှတ်(၂၄)၊ နတ်မောက်(၇)လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။**
**ဖုန်း–၀၉–၂၅၀၆၄၃၈၃၄၊ ၀၉–၇၉၆၃၈၉၇၉၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀၄)၊ မြေကွက်အမှတ် (၄၆၆/ခ)၊ အကျယ်အဝန်း ပေ (၂၀x၆၀)ရှိ ပါမစ်မြေကွက်သည် ဒေါ်ဝင်း [၁၂/ကမရ(နိုင်)၀၂၀၁၄၉]အမည်ပေါက်သော မြေကွက်ဖြစ်ပြီး ယင်းမြေနှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၄၆၆/ခ)၊ ရွှေဥဩလမ်း၊ (၁၀၄)ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်ဟုခေါ်တွင်သော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ၎င်းအမည်ပေါက်ထံမှ အရပ်ကတိဆက်စပ်စာချုပ်များဖြင့် နောက်ဆုံးဝယ်ယူပိုင်ဆိုင်ခဲ့သည့် ဦးစိုးညီညီ[၁၄/မအန(နိုင်)၁၆၆၃၇၃]မှ မိမိသာလျှင် လွှဲပြောင်း ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဖွင့်ဟဝန်ခံရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသော စာချုပ်စာတမ်းများ၊ အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကြော်ငြာပါသတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ပိုးအိအိစံ (LL.B)(LL.M) တရားလွှတ်တော်ရှေ့နေ(စဉ်–၈၀၅၀)**
**လင်းသန့်–အိမ်ခြံမြေ/ဥပဒေရုံးခန်း**
**အမှတ်(၂၄)၊ နတ်မောက်(၇)လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။**
**ဖုန်း–၀၉–၂၅၀၆၄၃၈၃၄၊ ၀၉–၇၉၆၃၈၉၇၉၆**

## "အများသိစေရန် ကြေညာချက်"

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ၉–မိုင်၊ လူနေရပ်ကွက်အမှတ်(၅) ရပ်ကွက်၊ သာယာကုန်း–ရှမ်းရွာ၊ မြေတိုင်းရပ်ကွက်အမှတ်–၄၃(သမိုင်း)၊ မြေကွက်/အိမ်အမှတ်–၆/ဈ၊ ဧရိယာ(၀.၁၄၈)ဧကရှိ မြေပိုင်မြေ /အိမ်ရာမြေရပြီး မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြေယာဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်မြင့်မြင့်စန်း [၁၂/စခန(နိုင်)၀၁၀၈၇၅] အမည်ပေါက် မှတ်သားတည်ရှိပါသည်။ ယခုရောင်းသူ ဒေါ်မြင့်မြင့်စန်းက အမှတ်တကယ် ပိုင်ဆိုင်ပြီး တရားဝင်လက်ရှိထားစီမံခန့်ခွဲလျက် အပြီးအပိုင်လွှဲပြောင်းရောင်းချလိုကြောင်း ဝန်ခံကတိပြုပြီး ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများသည် ဤကြေညာပါသည့်နေ့မှစ၍ (၁၄) ရက် အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)ဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက မြေနှင့်အိမ်အရောင်းအဝယ်ကို ဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအောင်ဇော်မြတ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၅၀၉)**
**အမှတ်–၁၇၈၊ အခန်း(၅)၊ ဗိုလ်အောင်ကျော်လမ်း၊ ဗိုလ်တထောင်မြို့နယ်။**
**ဖုန်း–၀၉–၅၄၁၂၇၅၂၊ ၀၉–၄၃၀၈၂၁၉၂၊ ၀၉–၈၇၅၅၅၇၇၄၅**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၁) ရပ်ကွက်၊ ထွန်းရွှေဝါလမ်း၊ မြေကွက်အမှတ်(၃၅၁) ဟုခေါ်တွင်သော အကျယ်အဝန်း (၄၀x၆၀)ပေရှိ မြေချပါမစ်မြေကွက်ကြီးအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော ခြေရင်းခြမ်း၊ (၂၀x၆၀)ပေရှိ မြေကွက်နှင့် အဆောက်အအုံအား မူလအမည်ပေါက်ပိုင်ဆိုင်သူ တက တင့်ကိုကို [၇/ရကန(နိုင်) ၀၄၁၄၃၂] ထံမှ အရောင်းအဝယ်စာချုပ်စာတမ်းအဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးဝင်းတင့်ကို [၁၂/ဥကတ(နိုင်)၁၄၃၅၃၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မိုးစံပယ် [၁၂/ဥကမ(နိုင်)၀၃၂၁၆၅]က ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အိမ်ခြံမြေနှင့် စပ်လျဉ်း၍ အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်း (မူရင်း) များနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝင်းပပဖြူ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၁၆၂)**
**အမှတ်(၆၅၇)၊ အောင်သီရိ(၆)လမ်း၊ (၂၈)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်။ ဖုန်း–၀၉–၄၂၁၀၄၅၃၂၀**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၇၇)၊ မြေကွက်အမှတ်(၁၀၇၀)၊ ဦးမြင့်ဆွေ အမည်ပေါက်၊ မြေကွက် အမှတ်(၁၀၇၁)၊ ဦးနီတွတ်အမည်ပေါက်၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ) စီရှိ ပါမစ်မြေကွက်(၂)ကွက်နှင့် ယင်းမြေကွက်(၂)ကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဒေါ်ခင်ထွေး [၁၀/ကမရ(နိုင်)၀၁၆၈၅၇]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးဇမ်းခန့်စိန် [၄/တတန(နိုင်)၀၄၀၃၅၉]က ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း ခိုင်မာသောစာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးဇမ်းခန့်စိန်၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အေးမြမွန်(LL.B, LL.M)**
**အထက်တန်းရှေ့နေ(စဉ်–၃၄၆၇၉)**
**အမှတ်(၆)၊ ၄–လွှာ(ယာ)၊ ၁၂၃–လမ်း၊ သပြေကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၇၉၅၆၈၃၃၇၈**

## ဦးသီဟထွန်း(ခ) အိဗ်ရာဟင်မ် [၉/အမဇ(နိုင်)၀၁၃၆၉၉]နှင့် အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေ မနီလာဝင်း(ခ)ဇူလေခါဘီ [၁၂/ပဘတ(နိုင်)၀၃၄၇၃၃]၏ ညွှန်ကြားချက်အရ အများသိစေရန် ထပ်မံကြေညာအပ်ပါသည်။

ကျွန်ုပ်၏ မိတ်ဆွေနှင့် ဦးသီဟထွန်း(ခ) အိဗ်ရာဟင်မ်တို့ ပေါင်းသင်းနေထိုင်စဉ်ကာလအတွင်း ဦးသီဟထွန်းမှ မိသားစုအပေါ် တာဝန်ကျေပွန်ခြင်းမရှိဘဲ ပျက်ကွက်ခြင်း၊ ဇနီးမယားအပေါ် စိတ်ပင်ပန်းမှုများဖြစ်စေခြင်းတို့ကြောင့် ဦးသီဟထွန်း၏ မိဘများမှ ဖြေရှင်းပေး၍ သာသက်သာရာရခဲ့ခြင်း၊ ဦးသီဟထွန်းမှ နှစ်ဖက်မိဘများ ဆိုဆုံးမခြင်းကို ပြုပြင်ခဲ့ခြင်းမရှိဘဲ ကျွန်ုပ်၏ မိတ်ဆွေအား ကိုယ်စိတ်နှစ်ပါးညှိုးနွမ်းအောင် ပြုလုပ်နေသည့်အတွက် ခင်ပွန်းဖြစ်သူ၏ နေအိမ်မှ ကျွန်မ၏မိဘအိမ်သို့ ဆင်းလာခဲ့ပြီး တစ်နှစ်ခွဲကျော်ခန့်ရောက်မှသာ မြန်မာနိုင်ငံလုံးဆိုင်ရာမော်လဝီအဖွဲ့ချုပ်(ဗဟို)၊ ဗိုလ်ဆွန်ပက်လမ်း၊ ပန်းဘဲတန်းမြို့နယ်တွင် တင်ပြလျှောက်ထားပြီး သွလာကေဗာ အင်န်(၁)ကြိမ်ယူ၍ ကွာရှင်းပြတ်စဲခဲ့ပြီး ဖြစ်ကြောင်း သတင်းစာများတွင်လည်း ထည့်သွင်းကြေညာခဲ့ပြီးဖြစ်ပါသည်။ ဦးသီဟထွန်းကိုယ်တိုင်မှလည်း မော်လဝီအဖွဲ့ချုပ် (ဗဟို) ရုံးတွင် ကျွန်တော်နှင့် မနီလာဝင်း(ခ)ဇူလေခါဘီမှာ မည်သို့မျှ ပတ်သက်ခြင်းမရှိတော့ကြောင်း လက်မှတ်ရေးထိုးထားပြီးလည်း ဖြစ်ပါလျက် မမှန်မကန် လိုက်လံပြောဆိုနေခြင်းသာဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်၏မိတ်ဆွေမှ ယခုသတင်းစာတွင် ထည့်သွင်းကြေညာခြင်းမှာ နောက်ဆုံးဖြစ်ပြီး နောက်နောင် ထပ်မံကြေညာမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မနီလာဝင်း(ခ) ဇူလေခါဘီ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်နန်းစန္ဒာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၂၃၈/၁၄–၃–၂၀၁၇)**
**အမှတ်–၉၀၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်တော်လေး၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ Ph:09-43163668, 09- 421101084**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၁၊ မြေကွက်အမှတ်–၄၇၉၊ ဗိုလ်အောင်ကျော်လမ်းဟုခေါ်တွင်သော (၄၀x၆၀)ပေ အကျယ်ရှိ မြေကွက်မှာ ဦးသန်းထွန်း(AC–၀၄၃၃၅၉)အမည်ပေါက် ပါမစ်မြေကွက်ဖြစ်ပြီး၊ အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူထားသူ ဒေါ်သင်းသင်းမာ [၁၂/ဒဂတ(နိုင်)၀၆၅၁၄၅]မှ အရှုပ်အရှင်းကင်းစွာဖြင့် ထို(၄၀x၆၀)ပေအကျယ်ရှိ မြေကွက်ထဲမှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်အမှတ်(၄၄၈)နှင့်ကပ်လျက်ဘက်ခြမ်းရှိ (၂၀x၆၀)အကျယ်ရှိ ပါမစ်(မိတ္တူ)ခြမ်း မြေကွက်အပါအဝင် အကျိုးခံစားခွင့်တို့အား ရောင်းချမည်ဖြစ်ကြောင်း ကမ်းလှမ်းပြောဆိုချက်အရ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေများပေးချေထားပြီးဖြစ်ရာ အဆိုပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင် မူရင်းအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်ကြည်မွန်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၀၅၂)**
**ဖုန်း–၀၉–၄၃၁၁၄၁၄၁၊ ၀၉–၄၀၀၁၀၁၄၁၄**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၄ဒီ၊ မြေကွက်အမှတ်–၂၀၊ ၀.၀၂၉ဧက၊ မြေကွက်တည်နေရာအမှတ်–၁၉၅၊ ဗညားဒလလမ်း၊ မအူကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ [ဦးထွန်းစိန်နှင့် ဒေါ်စိန်ခင်(–)]အမည်ပေါက် နှစ်(၉၀)ဂရန် (သက်ကုန်)မြေအား အမည်ပေါက်ဖခင်ဖြစ်သူ ဦးထွန်းစိန်သည် ၂၉–၁၀–၁၉၈၉ ရက်နေ့တွင်လည်းကောင်း၊ မိခင်ဖြစ်သူ ဒေါ်စိန်ခင်သည် ၉–၁၁–၁၉၉၈ တို့လည်းကောင်း အသီးသီးကွယ်လွန်သွားပါသည်။ ကွယ်လွန်သူမိခင်၊ ဖခင်တို့တွင် ဒေါ်ညွန့်ညွန့်စိန်၊ ဦးသောင်းစိန်၊ ဒေါ်မြင့်စိန်တို့ သားသမီး(၃)ဦးမွေးဖွားထွန်းကားခဲ့ပြီး ဦးသောင်းစိန်သည် ၁၂–၈–၂၀၁၈ ရက်နေ့တွင် ကွယ်လွန်သဖြင့် ဇနီးဒေါ်ကျင်ဥ[၁၂/တမန(နိုင်)၀၅၈၄၆၇]နှင့်အတူ ကျန်သားသမီး ၂ ဦးဖြစ်သော ဒေါ်ညွန့်ညွန့်စိန်[၁၂/တမန(နိုင်)၀၄၉၈၉၅]၊ ဒေါ်မြင့်စိန်[၁၂/တမန(နိုင်)၀၆၁၀၄၁]တို့ပူးတွဲ၍ အခြားသောသားသမီး တစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ ကိတ္တိမမွေးစားထားခြင်းမရှိကြောင်း ၂၈–၁၁–၂၀၂၂ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်း ၃စောင်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ သန်းခေါင်စာရင်းတင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂)ရပ်ကွက်၊ ပေါ်ဦး(၅)လမ်း၊ မြေကွက်အမှတ်– ၅၉၆၊ အကျယ်အဝန်းပေ(၄၀ × ၆၀)ရှိ ဦးထွန်းအောင် အမည်ပေါက်ပါမစ်မြေကွက်ကြီးထဲမှ တရားဝင်ခွဲစိတ်ခြင်းမပြုရသေးသော ၎င်းမြေကွက်၏ ပေ(၂၀ × ၆၀)အကျယ်အဝန်းရှိ အမှတ်–၅၉၆ ဟုခေါ်တွင်သော မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ဆောက်လုပ်ထားသော အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းအဝယ်ကတိစာချုပ်အဆက်ဆက်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးခင်မောင်ဇော် (၁၂/ဗဟန(နိုင်)၀၁၇၈၃၅)ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်ရင်ရင် (၁၂/ဗဟန(နိုင်)၀၅၇၂၆၉) က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်း အဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
**ဒေါ်ခင်မွန်ဦး (LL.B, D.I.P.L)၊ အထက်တန်းရှေ့နေ (စဉ်- ၄၉၃၀၀)**
အမှတ်-(၃၃/၄၉)၊ ပထမထပ်၊ အခန်း(၃၃)၊ STRAND CONDO၊
မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း – ၀၉ ၇၉၅၅၂၆၀၃၅

## မရမ်းကုန်းမြို့နယ်၊ ရဲရန်အောင်(၃)ရပ်ကွက်၊ ရဲရန်အောင်(၄)လမ်း၊ (ကျိုက်ဝိုင်းရိပ်သာလမ်း)၊ တိုက်အမှတ်–၂၇၊ မြေညီထပ် (ခေါင်းရင်း)၊ အကျယ်အဝန်း (၁၂ $\frac{၁}{၂}$ ပေx၄၅ ပေ)ရှိ တိုက်ခန်းနှင့် ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

အထက်ပါ တိုက်ခန်းအား ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်ညွန့်ညွန့်ရီ [၁၂/လမတ(နိုင်)၀၀၁၉၁၆]သည် ဒေါ်သီတာရင် [၁၂/လမတ(နိုင်)၀၁၂၄၇၄] ထံမှ (၁–၃–၂၀၂၃) ရက်နေ့၌ တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်ကတိ စာချုပ်ဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသော တိုက်ခန်းဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့် ပတ်သက်၍ ကျွန်ုပ်တို့မိတ်ဆွေ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ ရောင်းဝယ်ခြင်း၊ ပေါင်းနှံခြင်း၊ လှူဒါန်းခြင်း၊ ပေးကမ်းခြင်းတို့ အပြင် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ကြပါရန်နှင့် ပြုလုပ်ဆောင်ရွက်သူ မည်သူကိုမဆို ကျွန်ုပ်တို့၏မိတ်ဆွေမှ တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးခင်မောင်ချို LL.B,D.B.L** — **ဒေါ်သီတာအောင် LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၄၄၄) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၆၀၀)**
**၀၉– ၄၄၃၀၇၁၉၈၅၊ ၀၉–၆၈၅၆၈၇၆၈၀**
**အမှတ်–၆၆၊ သီရိလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ မြေကွက်အမှတ်(၅၆၂)၊ မြေကွက်တည်နေရာအမှတ် (၅၆၂)၊ သပြေလမ်း၊ (၄၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးလှအောင်[၁၂/ဗဟန(နိုင်)၀၃၉၄၂၃]၊ ဒေါ်ကျင်စုံ(CE–၀၀၈၅၄၄)အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအမည်ပေါက် ဦးလှအောင်(ဖခင်)၊ ဒေါ်ကျင်စုံ(မိခင်)တို့ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော (၁) ဒေါ်နွယ်နီအောင်[၁၂/ဗဟန(နိုင်)၀၃၉၃၆၉]၊ (၂) ဦးဆန်နီအောင်[၁၂/ဗဟန(နိုင်) ၀၃၇၂၀၀]၊ (၃) ဒေါ်ခင်ညိုညို[၉/မထလ(နိုင်)၁၆၁၂၁၅]၊ (၄) ဒေါ်နီတာအောင်[၁၂/ဗဟန(နိုင်)၀၃၉၁၂၅]၊ (၅) ဦးဇော်မင်း[၁၂/ဗဟန(နိုင်)၀၃၇၇၄၂]တို့မှ မိမိတို့ မောင်နှမ(၅)ဦးတည်းကိုသာ မွေးဖွားခဲ့ကြောင်း၊ မိမိတို့မှလွဲ၍ အခြားမွေးချင်း တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကိတ္တိမသား/သမီး မွေးစားထားခြင်းလည်း မရှိပါကြောင်း၊ မိမိတို့သာ တရားဝင်ပိုင်ဆိုင်ပါကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ (ဖခင်) ဦးလှအောင်သေဆုံးမှုလက်မှတ်၊ (မိခင်) ဒေါ်ကြင်ဆုံ၏ သေဆုံးမှု ပထမ မိတ္တူမှန်၊ ဂရန်၊ နိုင်/ကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၁၁-ခ)နှင့် (၅၁၉-က)၊ လှည်းကူးမြို့နယ်၊ ကြာအင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၉၈၇)၊ ကလီထော်အနောက်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၉၇၇) တို့တွင်တည်ရှိသော ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်/ငါးမွေးမြူရေးအထူးဇုန်(၂)၊ အကွက်အမှတ်(၈၈)၊ ဧရိယာ(၅)ဧက(၁)ယူနစ်ရှိ ဟင်းသီးဟင်းရွက်စိုက်ပျိုးရန် လုပ်ကိုင်ခွင့်အမိန့်စာ ရရှိထားသော မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင် အမည်ပေါက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ယဉ်ယဉ်ချို [၉/မရမ(နိုင်)၀၁၅၀၁၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သည့် ၁။ ဦးထက်နိုင်ဝင်း[၁၂/လမတ(ဧည့်)၀၀၀၉၂၆]၊ ၂။ ဦးရဲနောင်[၁၂/မရက(နိုင်)၁၄၉၈၀၅]တို့မှ (၃-၃-၂၀၂၃)ရက်စွဲပါ မြေကွက်အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်ဖြင့် တရားဝင်ဝယ်ယူလက်ရှိပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။ ယခုအခါ အဆိုပါမြေကွက်အား ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေးအထူးဇုန်လုပ်ငန်းကော်မတီတွင် အမည်ပြောင်း လျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သက်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက စိုက်ပျိုးမွေးမြူရေးအထူးဇုန် လုပ်ငန်းကော်မတီမှ ချမှတ်သော စည်းကမ်းချက်များနှင့်အညီ လုပ်ကိုင်ခွင့်အမည်ပြောင်းလျှောက်ထားခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်မြလှဲ့ဝင်း(L.L.B)**
**အထက်တန်းရှေ့နေ (စဉ်-၂၀၉၅၁)**
**အမှတ်-၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**Ph : ၀၉-၅၁၅၁၈၃၃၊ ၀၉-၅၀၉၀၅၅၃**

## (၄-၃-၂၀၂၃)ရက်ထုတ် ကြေးမုံသတင်းစာ၏ စာမျက်နှာ(၂၇)ပါ တရားလွှတ်တော်ရှေ့နေ ဦးလှချို၏ အထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း ကြေညာခြင်းမှာ တရားမဝင်ဖြစ်သည်ဟု အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးဖရန်စစ်(ခ) ဦးသန်းဝင်း[၁၄/ကလန(ပြု)၀၀၀၃၀၆]အား (၁) ဒေါ်သန်းသန်းအေး[၁၂/မဂတ (နိုင်)၀၃၄၅၄၆]၊ (၂) ဦးအေးသိန်း[၁၂/မဂတ(နိုင်)၀၃၅၃၉၁]၊ (၃) ဒေါ်ရီရီရွှေ[၁၂/မဂတ(နိုင်)၀၃၅၃၈၈]၊ (၄) ဒေါ်ကြူကြူဆွေ[၁၂/မဂတ(နိုင်)၀၃၅၃၉၀]တို့မှ မည်သည့်အခါကမျှ အထူးကိုယ်စားလှယ်လွှဲစာအား လွှဲအပ်ပေးထားခြင်းမရှိပါကြောင်း ပြန်လည်ရှင်းလင်းသိစေအပ်ပါသည်။ ကြေညာသူရှေ့နေကြီးအနေဖြင့် ညွှန်ကြားသူများ၏ လွဲမှားသည့်ညွှန်ကြားချက်အပေါ် အမှန်ဟုယူဆ၍ ကြေညာခြင်းသာဖြစ်ကြောင်း ကျွန်ုပ်တို့မှတ်ယူမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏မိတ်ဆွေထံ အထက်ပါပုဂ္ဂိုလ်(၄)ဦးအနေဖြင့် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတော်တွင် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၂၀၁၆၀/၂၀၁၉ အား အဆောက်အဦဆောက်လုပ်ခြင်း၊ ဆောက်လုပ်သူရရှိမည့်အခန်းများ ရောင်းချခြင်းဆိုင်ရာကိစ္စများတွင် အသုံးပြုရန်အတွက် (၉-၅-၂၀၁၉)ရက်နေ့တွင် နှစ်ဦးနှစ်ဖက်ချုပ်ဆိုထားသည့် စာချုပ်အရ လွှဲအပ်ခြင်းဖြစ်သောကြောင့် ပြန်လည်ရုပ်သိမ်းရန် အကြောင်းမပေါ်ပေါက်ပါ။ ကြေညာသူရှေ့နေကြီးအနေဖြင့် အထွေထွေကိုယ်စားလှယ်လွှဲစာနှင့် အထူးကိုယ်စားလှယ်လွှဲစာတို့အား သေချာခွဲခြားစွာဖတ်ရှုကြည့်ရှုပြီးမှ သတင်းစာ၌ အများသိစေရန် ကြေညာသင့်ပါကြောင်း ယခုကဲ့သို့ မှားယွင်းကြေညာခြင်းအပေါ် အများသိစေရန် ရှင်းလင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးအောင်ငြိမ်းချမ်း (စဉ်-၂၇၇၁၇)**
**ဦးညီလင်းဖေ (စဉ်-၃၅၃၂၆)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၂၀၃)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၈၃၇၇၄၀၆**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/တောင်ရပ်ကွက်၊ ဗဟိုလမ်း၊ တိုက်အမှတ်(၁၆၀/၁၆၄)၊ ၇လွှာ(ဘီ)၊ အလျားxအနံ(၁၅ပေx ၅၆ပေ) အကျယ်အဝန်းရှိသော တိုက်ခန်းနှင့်တကွ ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ဝယ်ပိုင်ဆိုင်ထားပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးသောင်းထိုက်[၁၂/ကမရ(နိုင်)၀၆၃၉၀၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးလှမျိုးသန်း[၁၂/မရက(နိုင်)၀၅၁၇၆၆]နှင့် ဒေါ်တင်တင်ဝင်း [၈/ပခက(နိုင်) ၀၃၈၂၆၆]တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သက်ဆိုင်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ထက်ထက်ဦး (LLB,D.I.L,D.IP.L,D.B.L,D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၇၁၅)**
**အမှတ်(၇၅)၊ မင်္ဂလာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၁၅၁၀၁၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ လူနေရပ်ကွက်အမှတ် (၄၇)၊ မြေတိုင်းရပ်ကွက်အမှတ် (၄၇)၊ မြေကွက်အမှတ် (၁၈၉)၊ အင်ကြင်းမြိုင်လမ်း၊ အကျယ်အဝန်း ( ၄၀ ပေ × ၆၀ ပေ )၊ ဧရိယာ ( ၀.၀၅၅ ) ဧက၊ စတုရန်းပေ (၂၄၀၀) ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် ဦးချစ်ကြည် (TKA-၀၁၉၆၀၉) အမည်ဖြင့် မှတ်သားတည်ရှိသည့် နှစ် (၆၀) ဂရန်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်ကြီး၏ အကျယ်အဝန်း (၂၀ ပေ×၆၀ ပေ) (ဂရန်မူရင်းခြမ်း၊ ခေါင်းရင်းခြမ်း) မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဝင်းသစ်နွယ် (၁၄/မမန (နိုင်) ၁၅၄၆၀၄) ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရံငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှ (၇) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း) များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်မြညွှန့် **B.A ( Law), LL.B**
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၂၀/၇၉)
အမှတ်-၁၇/၂၁ (မြေညီ)၊ ၃၅-လမ်း (အောက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉ ၄၄၃၀၆၀၂၁၆

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ မြေတိုင်းရပ်ကွက်အမှတ်(၆၅/တိုးချဲ့)၊ မြေကွက်အမှတ်(၃၅+၃၆)၊ အကျယ်အဝန်း ပေ(၈၀x ၆၀)ရှိ ဦးမြင့်နိုင် [၁၂/ဗတထ(နိုင်)၀၃၀၄၇၄] (MYA- ၀၀၆၃၆၃)အမည်ပေါက် ပါမစ်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ယခုရောင်းချသူ အမည်ပေါက် ဦးမြင့်နိုင် [၁၂/ ဗတထ (နိုင်) ၀၃၀၄၇၄]၊ (MYA-၀၀၆၃၆၃) မှ မိမိတစ်ဦးတည်း လက်ရောက်ပိုင်ဆိုင်ထားကြောင်း ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်းကြောင်း၊ လွတ်လပ်စွာ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချလိုကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဝယ်ယူသူ ဦးဇော်မင်းထွန်းနှင့် ဦးတင်မောင်မြင့်တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိုစွပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဥမ္မာဖြိုး (LL.B) အထက်တန်းရှေ့နေ (စဉ် – ၄၀၇၁၄)**
**ဖုန်း – ၀၉-၂၅၀၅၁၆၉၈၀**

## ပျောက်ဆုံးကြောင်း

ဒေါ်နွယ်နီဦး[၁၀/သထန(နိုင်) ၁၄၉၆၆၀] ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ်အမှတ် – M 591771 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-979488683**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၊ မြေကွက်အမှတ်-၇၈၉/က၊ မြေကွက်တည်နေရာအမှတ်-၇၈၉/က၊ အနော်မာလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်ခင်[၁၂/ဥကတ(နိုင်)၁၂၃၅၄၃] အမည်ပေါက် နှစ်(၆၀)ဂရန်မြေကို ဒေါ်ခင်(မိခင်)နှင့် ဦးတင်မောင်(ဖခင်)တို့ အသီးသီးကွယ်လွန်သဖြင့် ဒေါ်အေးမြင့်[၁၂/ဥကတ(နိုင်)၁၂၂၆၃၂] မှ တစ်ဦးတည်းသော သမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာအမှတ်-၁/၂၃၅၇/၂၀၂၂ (၂၀-၁၂-၂၀၂၂)၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဂရန်၊ နိုင်(ကတ်)၊ သေစာရင်း၊ ဝန်ဆောင်ခတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သွေးသည် အသက်

## “မင်္ဂလာရက်မြတ်”

အချစ်ရဆုံးသော (ဖေဖေ) **ဦးအောင်မြတ်ဦး**-(မေမေ) **ဒေါ်ခင်စမ်းတင့်** တို့၏ ၅-၃-၂၀၂၃ ရက်နေ့တွင် ကျရောက်သော အနှစ်(၄၀)ပြည့် မင်္ဂလာရက်မှတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပါစေ၊ အနာရောဂါ ကင်းဝေးပါစေ၊ ဘေးအန္တရာယ်အပေါင်းမှလည်း ကင်းဝေးပါစေကြောင်း ချစ်ခြင်းများစွာဖြင့် ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**ချစ်သား/သမီးများ**
**မြတ်၊ ကို၊ ဆု**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၁၊ မင်းရဲကျော်စွာ(၆)လမ်း၊ မြေကွက်အမှတ်-၁၅၀၈/က၊ မြေအကျယ်(၂၀x၆၀)ပေရှိ ဦးကြည်မြင့် အမည်ပေါက် ပါမစ်မြေကွက်နှင့်မြေကွက်အမှတ်-၁၅၀၈/ခ၊ မြေအကျယ်(၂၀ပေx၆၀ပေ)ရှိ ဒေါ်အုန်းကြည် အမည်ပေါက် ပါမစ်မြေကွက်များအား အရောင်းအဝယ်ဆက်စပ်စာချုပ်များဖြင့် ပိုင်ဆိုင်လက်ရှိဖြစ်သူ ဦးဟိန်းထက်[၁၂/ဒဂတ (နိုင်)၀၅၆၅၂၉]က ရောင်းချရန်အတွက် ဒေါ်နီလာ[၁၂/မဂတ(နိုင်)၀၀၉၈၀၃]ကို (၁-၃-၂၀၂၃)ရက်စွဲပါ နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ် စရန်ပေးကတိစာချုပ်ချုပ်ဆိုကာ စရန်ငွေတစ်စိတ်တစ်ဒေသအား ရယူထားပြီးဖြစ်၍ အရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြမြသန်း (LL.B, D.B.L)၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၉၇)**
**အမှတ်(၆၅၇)၊ နွယ်သာကီ(၁)လမ်း၊ က/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၂၂၄၀၃၉၇**

## ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၆၉)ရပ်ကွက်၊ ဗန္ဓုလလမ်း၊ အမှတ်(၁၆၆၄)နေ ဦးသန်းဇော်ဝင်း (ဘ) ဦးပြူး [၅/အရတ (နိုင်)၀၆၅၃၇၅] သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမှတ်အသားကို ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ်(၁၄၉၉/၂၀၂၃) ဖြင့် (၁၃-၂-၂၀၂၃ )ရက်နေ့က တရားဝင် မှတ်ပုံတင်သွင်းထားသည့် အမှတ်တံဆိပ်မူပိုင်ရှင်ဖြစ်ပါသည်-

SP GlobalFood

အထက်ဖော်ပြပါ “SP Globalfood” ဟူသော ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို အသုံးပြု၍ “ငရုတ်သီးအနှစ်အမျိုးမျိုး” တို့ကို ထည့်သွင်း၊ ထုပ်ပိုးပစ္စည်းများဖြစ်သည့် ဖန်ပုလင်း၊ ပလတ်စတစ်အိတ်၊ ပလတ်စတစ်ပုံး၊ စက္ကူပုံး၊ စက္ကူဘူး၊ စက္ကူအိတ်၊ စက္ကူပတ်၊ စက္ကူရွက်၊ ပါဆယ်ထုပ်များနှင့် ထည့်သွင်းပစ္စည်း၊ ထုပ်ပိုးပစ္စည်း အစရှိသည့်တို့အပေါ်တွင်လည်းကောင်း၊ ဆိုင်းဘုတ်၊ တီဗွီ၊ မဂ္ဂဇင်း၊ စာစောင်၊ ကြော်ငြာ၊ ငွေပြေစာ ဖြတ်ပိုင်း၊ တံဆိပ်တုံး၊ Name Card, Logo, Invitation Letter, Letter Head, Internet, Email, Website, Social Media, Facebook အစရှိသည်တို့တွင်လည်း အရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးတို့ကို ပြုလုပ်ပြီး အသုံးပြုလျက် လူမှုကွန်ရက်ဆက်သွယ်ရေးစနစ်မှလည်းကောင်း၊ ရန်ကုန်မြို့နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသား တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား၊ တစ်နည်းနည်း တုပပြုလုပ် သုံးစွဲခြင်းမပြုလုပ်ရန် သတိပေးတားမြစ်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးသန်းဇော်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇာနည်အောင် LL.B,DIL,DBL,DML**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၁၂၇၁၈(၁၅-၆-၂၀၁၇)**
**အမှတ်-၁၅၃/ဘီ၊ (၃၂)လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၃၀၉၁၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၊ မြေကွက်အမှတ်-၄၆၆၊ ဧရိယာပေ(၄၀x၆၀)၊ မြေကွက်တည်နေရာ-၄၆၆၊ နိဂြောဓလမ်း၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးစိန်ဝင်း(CE-090977)အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား ဒေါ်မြမြရီ(CG-000659)အမည်ပေါက်တစ်ဦးဖြစ်သူ ဦးစိန်ဝင်း (ခင်ပွန်း)ကွယ်လွန်သဖြင့် ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်မြမြရီ[၁၂/သကတ (နိုင်)၀၅၂၀၇၉](CG-000659)မှ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ကြောင်း၊ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့် အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဦးစိန်ဝင်း၏ သေဆုံးမှုလက်မှတ်၊ နှစ်(၆၀)ဂရန်မူရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် မေတ္တာဖြင့် အပိုင်ပေးစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော် ဈေးပြိုင်လေလံ(၁/၂၀၂၃)

၁။ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၏ ဝတ္တကမြေအတွင်းတွင် အောက်ပါလုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုမည်ဖြစ်သဖြင့် လုပ်ငန်းလုပ်ကိုင်လိုသူများသည် ၂၀၂၃ ခုနှစ်၊ မတ်လ (၁၃)ရက် (တနင်္လာနေ့) နံနက်(၁၁:၀၀)နာရီတွင် နောက်ဆုံးထား၍ ဂေါပကအဖွဲ့ရုံး၌ ဈေးပြိုင်လေလံတင်ဒါဖောင်များ ဝယ်ယူနိုင်ကြောင်း ကြော်ငြာအပ်ပါသည်-

**လုပ်ငန်းများ**

၂။ လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-
(က) စွန့်ပစ်အုန်းသီး/ငှက်ပျောသီးများ ဝယ်ယူခွင့်လုပ်ငန်း
(ခ) သန့်စင်ခန်းနှင့် ရေချိုးခန်းလုပ်ငန်းလုပ်ကိုင်ခွင့်
(ဂ) ကမ်းနားစားသောက်ဆိုင်ဖွင့်လှစ်ရောင်းချခွင့်

၃။ ဈေးပြိုင်လေလံကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဂေါပကအဖွဲ့ရုံးတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**
**ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်**
**ဖုန်း-၀၉-၂၅၅၇၇၉၇၇၃၊ ၀၉-၆၆၆၀၇၄၁၁၁**

## စမ်းချောင်းမြို့နယ်၊ စမ်း/မြောက်ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်(၁၉)ရှိ Hall 8½ ထပ်တိုက်၏ (၄)လွှာ၊ ပေ(၂၅ x ၅၀)ခန့်ရှိ ရေ၊ မီးအစုံ ပါဝင်သည့် တိုက်ခန်းအားဝယ်ယူရန် ကန့်ကွက်နိုင်ပါသည်

အထက်ပါ တိုက်ခန်းအား ပိုင်ဆိုင်မှုစာချုပ် အဆက်အစပ်များဖြင့် တရားဝင်ပိုင်ဆိုင်သူ ဒေါ်အေးကြည် [၁၂/ကမတ(နိုင်) ၀၁၅၈၆၂] (ကိုယ်စား) ဦးမင်းအေးဖေ [၁၂/ကမတ(နိုင်)၀၁၆၉၉၁] (ခင်ပွန်း)တို့ထံမှ ဒေါ်ဇင်ဦးလှိုင် [၁၄/ဓနဖ(နိုင်)၀၀၁၈၈၂]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသော စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**Japan – ဘုန်းမြင့်(ငါးသိုင်းချောင်း) (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၁၄၈/၃၁-၅-၁၉၈၅)**
**အမှတ်(၂၂)၊ ဝါးခယ်မလမ်း၊ စမ်းချောင်းမြို့နယ်။**
**PH:09-767772099,09-777797911,09-789877799,09-799933939**

## အများသိစေရန် အသိပေးကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ (၅)ရပ်ကွက်၊ ဝမ်းဘဲအင်းကျေးရွာ၊ မင်းလမ်း(ရန်ကုန်-မန္တလေးကားလမ်း) မြေကွက်အမှတ်(၇)တွင် နေထိုင်သူ ဦးမောင်မောင်စိုး [၇/ပခန(နိုင်)၁၇၄၉၂၃]၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးမောင်မောင်စိုးသည် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ (၆)ရပ်ကွက်၊ အိမ်၏အရှေ့ဘက်-ရန်ကုန်မန္တလေးကားလမ်းမကြီး၊ အိမ်၏အနောက်ဘက်-လယ်ကွင်း၊ အိမ်၏တောင်ဘက်-ဦးမောင်သိန်း၏နေအိမ်၊ အိမ်၏မြောက်ဘက်-ဦးကြီးမောင်၏နေအိမ်၊ အလျား(၁၃၄ ပေx အနံ ၂၅ ပေရှိ) မြေကွက်နှင့်နေအိမ်အား ဒေါ်မြင့်မြင့်[၇/ပခန(နိုင်)၂၁၅၅၆၈]ထံမှ ဝယ်ယူပိုင်ဆိုင်လက်ရောက်နေထိုင်ခဲ့ခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့၏မိတ်ဆွေက ညီအရင်းဖြစ်သူ ဦးမျိုးကျော်သူ [၇/ပခန(နိုင်)၁၇၄၉၂၈] ကိုင်ဆောင်သူနှင့် ၎င်း၏မိသားစုဝင်များအား အခမဲ့ခွင့်ပြုချက်ဖြင့် နေထိုင်စေခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့မိတ်ဆွေ၏ ခွင့်ပြုချက်မရဘဲ ဦးမျိုးကျော်သူ [၇/ပခန(နိုင်)၁၇၄၉၂၈] အပါအဝင် မည်သူတစ်ဦးတစ်ယောက်ကမျှ လွှဲပြောင်းရောင်းချခြင်း၊ ငှားရမ်းခြင်း၊ အလွဲသုံးစားပြုလုပ်ခြင်းများ လုံးဝမပြုလုပ်ကြပါရန်နှင့် ပြုလုပ်သူ မည်သူမဆို ဥပဒေအရ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးလင်းအောင် (LL.B,DML)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၃၈၃)**

**ဦးသန်းညွှန့်အောင် (LL.B,DML)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၉၂၆)**

**အခန်း(၃၃)၊ ပထမထပ်၊ STRAND CONDO၊ အမှတ်(၃၃/၄၉)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၀၀၂၅၇၀၂**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း”

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်-ရွှေနံ့သာစံပြ၊ ကန့်ကော်လမ်းနှင့် (၂)လမ်းထောင့်၊ မြေကွက်အမှတ်(၃၀)၊ မြေအကျယ်အဝန်း (၈၀ x ၆၅)ပေ၊ (၅၂၀၀)စတုရန်းပေရှိ ဒေါ်ရီရီဝင်းအမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ဖြစ်သူ ဒေါ်ရီရီဝင်း[၁၂/လသန(နိုင်)၀၀၀၁၈၁]က အရှုပ်အရှင်းကင်းရှင်းသည်ဟု ဝန်ခံကတိပြု၍ ရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေ ဦးသောင်းမြင့်[၈/ပဖန(နိုင်)၀၇၁၀၃၄]၊ ဒေါ်တင်နွယ်ဝင်း[၈/ပဖန(နိုင်)၀၇၀၉၉၈]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်နွဲ့သူ(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၁၃၂၄)**
**အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(အီး-၁)၊ ဘဏ်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၆၀၄၀၂၂၃**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူ ယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

---

❖ မိမိတို့အနေဖြင့် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ၊ အမျိုးသားရေး မျှော်မှန်းချက်နှင့် နိုင်ငံရေး မျှော်မှန်းချက်များချမှတ်၍ ပန်းတိုင်အဖြစ် ဆောင်ရွက်လျက်ရှိကာ ပန်းတိုင်မပျောက်စေရေးအတွက် အစိုးရအဖွဲ့တွင် အဓိကတာဝန်ရှိပြီး နိုင်ငံရေးပါတီများ၊ နိုင်ငံသူ နိုင်ငံသားများကလည်း ပါဝင်ဆောင်ရွက်ရမည်ဖြစ်...

❖ Moving Forward ဟူသည့်အတိုင်း ရှေ့သို့ဆက်လက်လှမ်းချီသွားရမည်ဖြစ်ကာ တာဝန်ရှိသူများအားလုံးက မိမိထမ်းဆောင်ရသည့် နေရာဌာနအလိုက် လုပ်ငန်းအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၆/၂၀၂၂)တွင် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

---

# နာပိုလီအသင်း ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ မှစ၍... 



နာပိုလီအသင်းနဲ့ လာဇီယိုအသင်းတို့ မတ် ၃ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အီတလီစီးရီးအေ ပွဲစဉ်မှာ လာဇီယိုအသင်းက တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာကြောင့် နာပိုလီအသင်းဟာ ၂၀၂၂ ခုနှစ် ဖေြီလ နောက်ပိုင်း အီတလီစီးရီးအေပြိုင်ပွဲ၌ အိမ်ကွင်းပထမဆုံး ရှုံးပွဲကြုံတွေ့ခဲ့ရပြီ ဖြစ်ပါတယ်။

**သွင်းယူပေးခဲ့**

အဲဒီပွဲစဉ်မှာ လာဇီယိုအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ဒုတိယပိုင်း ပွဲကစားချိန် ၆၇ မိနစ်မှာ ပင်နယ်တီဧရိယာ အပြင်ဘက်ကနေ မာတီယက်စ် ဗီစီနိုက သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။ နာပိုလီအသင်းအနေနဲ့ ဗီစီနိုရဲ့ သွင်းဂိုးကို ခွင့်ပြုပေးလိုက်ရခြင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ပွဲစဉ်ခြောက်ပွဲမှာ ပထမဆုံးခွင့်ပြုပေးလိုက်ရတဲ့ သွင်းဂိုးလည်း ဖြစ်ပါတယ်။

စာမျက်နှာ ၂၄ ကော်လံ ၃ သို့ ○

## MNL ပြိုင်ပွဲတွင် အား/ကာသိပ္ပံအသင်း နိုင်ပွဲဆက်

**ရန်ကုန် မတ် ၄**

၂၀၂၃ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၃) ဒုတိယနေ့ကို ယနေ့တွင် သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပရာ အား/ကာသိပ္ပံအသင်းက မြဝတီအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

အား/ကာသိပ္ပံအသင်းသည် တစ်ပွဲထက်တစ်ပွဲ ကစားပုံပိုကောင်းလာပြီး နှစ်ပွဲဆက် နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြဝတီအသင်းမှာမူ ပြီးခဲ့သည့်ရာသီက ခြေစွမ်းနှင့် စွမ်းဆောင်ရည်မျိုး မရသေးဘဲ သုံးပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့သည်။

နှစ်သင်းစလုံး အမာခံကစားသမားအများစုဖြင့် ပွဲထွက်ခဲ့ပြီး ကစားအားကောင်းသည့်နှစ်သင်း တွေ့ဆုံသည့်ပွဲဖြစ်သောကြောင့် ပွဲမှာအပြန်အလှန်ရှိခဲ့သည်။

စာမျက်နှာ ၂၄ ကော်လံ ၃ သို့ ❒

---

**ယနေ့ ဖတ်စရာ**




**ထိုင်းနိုင်ငံ၌ ကျင်းပသည့် နိုင်ငံစုံ စစ်ရေးလေ့ကျင့်မှု (Cobra Gold)တွင် တရုတ်တပ်ဖွဲ့ဝင်များ ပါဝင်ဆင်နွှဲ**

စာမျက်နှာ » ၁၃

## AFC Women's Football Day 2023 အမျိုးသမီးဘောလုံးပွဲတော် ကျင်းပ

**ရန်ကုန် မတ် ၄**



မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က စီစဉ်ကျင်းပသည့် အာရှဘောလုံးအဖွဲ့ချုပ်(AFC)၏ AFC Women's Football Day 2023 အမျိုးသမီးဘောလုံးပွဲတော်ကို ယနေ့တွင် သုဝဏ္ဏအားကစားကွင်း၌ ကျင်းပသည်။

**တက်ရောက်**

အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားကို ဂုဏ်ပြုသောအားဖြင့် ကျင်းပသည့် အဆိုပါ အမျိုးသမီးဘောလုံးပွဲတော်သို့

စာမျက်နှာ ၂၄ ကော်လံ ၁ သို့ ❂